# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ | Sunday 20 May 2018 | ၉၂၉၂


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

## ကချင်၊ ကယား၊ ချင်း၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ပိုးစာသီးနှံစိုက်ဧက ၆၄၃၇ ဒသမ ၉၈ ဧကရှိ

# ပိုးဥမွေးမြူမှု ၂၃၁ ကတ်ရှိပြီး ပိုးအိမ်ထုတ်လုပ်မှု ၁၁၈၆၈ ပေါင်ထွက်

**ဖလမ်း မေ ၁၉**

ချင်းပြည်နယ် တီးတိန်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၈ ရက်တွင် တီးတိန်မြို့နှင့် ဖလမ်းမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တီးတိန်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၏ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ (တီးတိန်) သို့ ရောက်ရှိပြီး ခြံအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ပိုးစာပင်များ၊ ပိုးချည်ထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပိုးချည်စက်ရုံ ရှင်းလင်းဆောင်၌ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်မော်က ပိုးစာထုတ်လုပ်မှုအား သမားရိုးကျနည်းမှ အဆင့်မြင့်နည်းပညာသို့ အဆင့်လိုက် ပြောင်းလဲဆောင်ရွက်နေမှု၊ လက်ရှိပိုးချည်ထုတ်လုပ်နေမှုနှင့် သုတေသနပြုလုပ်ငန်းများကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့ ပိုးချည်စက်ရုံအတွင်း ပိုးချည်ထုတ်လုပ်ပုံကို လှည့်လည်ကြည့်ရှုစဉ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကယားပြည်နယ် လွှတ်တော်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်**

စာမျက်နှာ - ၃

**ပြင်ဦးလွင်မြို့နယ်တွင် ညောင်ရမ်းခေတ် ဘုရားဆင်းတုတော် ၁၀၀ ကျော် တွေ့ရှိ**

စာမျက်နှာ - ၇

**သီလဝါဆိပ်ကမ်းဒေသရှိ Elite Terminal အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်ဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပ**

စာမျက်နှာ - ၉

**မိသားစုလုံခြုံမှုနဲ့ စားဝတ်နေရေးအဆင်ပြေဖို့ ဆောင်ရွက်ပေးစေလိုပါတယ်**

စာမျက်နှာ - ၁၁




ကြေးမုံ

# ပြန်လည်ဦးမော့လာမည့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ၌ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ကုန်ဈေးနှုန်းတည်ငြိမ်မှု၊ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှု စသည်ဖြင့် ကဏ္ဍအသီးသီးတွင် အားနည်းမှုများ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏အနာဂတ်အတွက် စိုးရိမ်ပူပန်မှုများ၊ အနုတ်လက္ခဏာဆောင်သည့် သဘောများ ပြောဆိုဝေဖန်နေကြသည်ကို ကြားသိရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ မည်သို့ပင်ရှိနေစေကာမူ နိုင်ငံ့စီးပွားရေးအတက်အကျ၊ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်ခြင်း၊ မကောင်းမွန်ခြင်းအပေါ်တွင်မူတည်၍ နိုင်ငံတိုးတက်မှု၊ ဆုတ်ယုတ်မှုအနေအထားကို အဆုံးအဖြတ်ပေးနိုင်မည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားတွင် စိန်ခေါ်မှုများစွာရှိနေသော်ငြားလည်း စီးပွားရေးဘက်၌ အလားအလာကောင်းများရှိနေသည်ဟု နိုင်ငံတကာ စီးပွားရေးပညာရှင်များက သုံးသပ်ထားကြသည်။

လတ်တလောတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ(LDC)အဆင့်မှ မြန်မာနိုင်ငံလွတ်မြောက်ရန် သတ်မှတ်ထားသည့် စံနှုန်းသုံးခုစလုံးနှင့် ပထမဆုံးအကြိမ် ပြည့်မီလာပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ဧပြီလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (UN ECOSOC)၊ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒဆိုင်ရာကော်မတီ(CDP)၏ ယခုနှစ် မတ်လအစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာ၏ သုံးနှစ်တစ်ကြိမ် လေ့လာသုံးသပ်မှုတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့်မှ လွတ်မြောက်ရေးစံနှုန်းများအဖြစ် တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၃၀ အထက်ကျော်လွန်ရန်၊ လူသားအရင်းအနှီးညွှန်းကိန်း ၆၆ နှင့်အထက်ရှိရန်နှင့် စီးပွားရေး ထိခိုက်နစ်နာမှုဆိုင်ရာညွှန်းကိန်း ၃၂ နှင့်အောက်ရှိရန် လိုအပ်ကြောင်း သတ်မှတ်ထားသည်။ ၂၀၁၈ ခုနှစ်အတွက် ပြုလုပ်သည့် သုံးနှစ်တစ်ကြိမ် လေ့လာသုံးသပ်မှုတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့်မှ လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်း သုံးခုစလုံးနှင့် ပြည့်မီသွားပြီဖြစ်ကြောင်း ထောက်ခံတင်ပြထားသည်။ ထို့ကြောင့် လက်ရှိတိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းပြီး လာမည့် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးစနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးသောနိုင်ငံအဖြစ် လမ်းပွင့်သွားမည်ဖြစ်သည်။

ထို့အပြင် လက်ရှိကာလတွင် မြန်မာနိုင်ငံသည် ငွေကြေးဖောင်းပွမှု ကျဆင်းလာပြီး နိုင်ငံ၏စီးပွားရေးမှာလည်း တိုးတက်လာကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။ မြန်မာ့စီးပွားရေးသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အနည်းငယ်နှေးကွေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ယခုနှစ်မှစ၍ ပြည်တွင်း၊ ပြည်ပ မရေရာမသေချာသည့်ကြားတွင် အကောင်းဘက်မှ ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုသို့တိုးတက်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု ပြန်လည်ကောင်းမွန်လာခြင်း၊ ကုန်ထုတ်လုပ်မှုအားကောင်းခြင်းနှင့် ဝန်ဆောင်မှုကဏ္ဍတည်ငြိမ်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုသည်။ ထို့အပြင် ပြည်ပပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားကောင်းလာသောကြောင့် မြန်မာငွေကြေးတန်ဖိုး အနည်းငယ်ခိုင်မာလာသည်ဟု သိရသည်။

သို့ဖြစ်ရာ စိန်ခေါ်မှုများကြားမှ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ အကောင်းဘက်သို့ရွေ့ရှူလာပြီဖြစ်ရာ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကုလသမဂ္ဂ UNFPA ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ Assistant Secretary-General Ms. Laura Londen ဦးဆောင်၍ UNFPA Asia-Pacific Regional Director Mr. Bjorn Andersson နှင့် UNFPA မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Ms. Janet Jackson တို့အဖွဲ့အား ယမန်နေ့ နံနက် ၉ နာရီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သန္ဓေတားနည်းလမ်းများကို လွတ်လပ်စွာရွေးချယ်နိုင်ရေးနှင့် ကျန်းမာရေးဌာနများ၏ မျိုးဆက်ပွားကျန်းမာရေးနှင့် မိသားစုသားဆက်ခြားရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်း အခြေအနေ လေ့လာဆန်းစစ်မှုစစ်တမ်းမှ ပေါ်ထွက်လာသော တွေ့ရှိချက်များကို သုံးသပ်၍ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်ရှိ နေရာဒေသအချို့တွင် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလက်လှမ်းမီ ရရှိနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုမှု၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် UNFPA တို့မှ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုကဏ္ဍများအတွက် လိုအပ်သော ဘဏ္ဍာရန်ပုံငွေနှင့် အခြားထောက်ပံ့ကူညီမှုများကို ဆက်လက်ပေးအပ်မှု၊ မိခင်သေဆုံးမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းမှ တွေ့ရှိချက်များကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆန်းစစ် သုံးသပ်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် UNFPA နှင့်ပူးပေါင်း၍ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊ မိသားစုသားဆက်ခြားစီမံကိန်းများအပါအဝင် လုပ်ငန်းများအောင်မြင်စေရန် ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဦးနု နေအိမ်ပြခန်း မေ ၂၅ ရက်တွင် ဖွင့်လှစ်မည်

**ရန်ကုန် မေ ၁၉**
မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဦးနု၏နေအိမ်ပြခန်းကို မေ ၂၅ ရက်တွင် ၎င်းနေထိုင်ခဲ့သည့် ဗဟန်းမြို့နယ် ဆရာစံလမ်းမကြီး ပြည်ထောင်စုလမ်းသွယ်ရှိ အိမ်အမှတ်(၄၂)၌ ပြည်သူများ လေ့လာနိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါပြခန်းတွင် ဘုရားခန်း၊ ဧည့်ခန်း၊ စာကြည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်းနှင့် ဦးနုရေးသားခဲ့သည့် စာအုပ်များ၊ ဓာတ်ပုံများ၊ လက်ရေးမူများ စသည့် အသုံးအဆောင်ပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒီပြခန်းလေးကို လုပ်ဖြစ်တာကလည်း နိုင်ငံခြားကိုရောက်ရင် ကျွန်မက ပြတိုက်တွေကို သွားလေ့လာဖြစ်တယ်၊ စိတ်ထဲမှာ တွေးမိတယ်၊ ဖေဖေ့ကိုလည်း ကျေးဇူးဆပ်ရာရောက်သလိုဖြစ်အောင်၊ အများအတွက်လည်း အကျိုးရှိအောင် ဖေဖေ့နေအိမ်ကို ပြခန်းလေးလုပ်မယ်လို့ စဉ်းစားမိတယ်၊ အဲဒါနဲ့ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့တိုင်ပင်ပြီး လုပ်ဖြစ်တာပါ၊ ဖေဖေ့နေအိမ်ကို ဒီလိုတန်ဖိုးရှိရှိ အသုံးချလိုက်ရတဲ့အတွက် ဝမ်းသာပါတယ်၊ ကျွန်မဖြစ်ချင်တဲ့ ဆန္ဒလည်း ပြည့်ဝသွားသလို ဖေဖေ့အတွက် လုပ်ပေးနိုင်လို့ ဂုဏ်လည်းယူပါတယ်၊ အခုလို ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ ဖေဖေ့ပုံတွေကို တွေ့ရတော့ အလွန်လည်း ဝမ်းသာသလို ဖေဖေ့ကို သတိရတယ်၊ ဒီပြခန်းကို ဖွင့်ပွဲလုပ်မှာလည်း ဖေဖေ့မွေးနေ့နဲ့ တိုက်ပြီး လုပ်တာပါ၊ ဖေဖေ့မွေးနေ့က မေ ၂၅ ရက်ပါ" ဟု ဦးနု၏ သမီးဖြစ်သူ ဒေါ်စန်းစန်းနုက သူ၏ စီစဉ်ဖြစ်ခဲ့ပုံများကို ရှင်းပြသည်။

အဆိုပါ အမှတ်တရပြခန်း ဖြစ်မြောက်ရေးအတွက် ဝန်ကြီးချုပ် ဦးနု၏လုပ်ဖော်ကိုင်ဖက်များ၊ စာရေးဆရာများက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပြီး ပြခန်းတွင် ပြသရန် ဦးနုနှင့် ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်များ၊ စာတမ်းများနှင့် ပြင်ဆင်စရာရှိသည်များကို ပြခန်းဖွင့်ပွဲအမီ ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီလိုပြခန်းမျိုးတွေ အများကြီးရှိဖို့လိုအပ်ပါတယ်၊ ဝန်ကြီးချုပ် ဦးနုတင်မကဘူး၊ ဆရာမြသန်းတင့်တို့လို၊ ဆရာဦးဝင်းတင်တို့လို ပုဂ္ဂိုလ်မျိုးတွေရဲ့ ပြခန်းတွေကို လုပ်ပေးနိုင်ရင် နောင်လာနောက်သားတွေအတွက် အင်မတန် အကျိုးရှိပါတယ်၊ ပြတိုက်ပြခန်းတွေကနေ တန်ဖိုးမဖြတ်နိုင်တဲ့ သမိုင်းတွေ အများကြီးရပါတယ်၊ တန်ဖိုးမဖြတ်နိုင်တဲ့ သမိုင်းတွေကလည်း ဒီလိုပြတိုက်တွေထဲမှာပဲရှိတယ်၊ သူတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ နောင်လာနောက်သားတွေအတွက် မှတ်သားစရာတွေ၊ အတုယူစရာတွေ၊ အားကျစရာတွေ ဖြစ်လာမှာပါ၊ အင်မတန်တန်ဖိုးရှိတဲ့ ဒီလိုပြတိုက်ပြခန်းတွေ ရှိသင့်ပါတယ်"ဟု ပြခန်းဖြစ်မြောက်ရေးတွင် ပါဝင်ကူညီသူ စာရေးဆရာ ဦးမျိုးသန့်ထွန်းက ပြောသည်။

ယင်းပြခန်းဖွင့်လှစ်ပြီးပါက ပြခန်းအား သောကြာ၊ စနေ၊ တနင်္ဂနွေ ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသသွားမည်ဖြစ်ပြီး ပြခန်းဝင်ကြေးအား သတ်မှတ်ရန် စီစဉ်ထားမှု မရှိသေးကြောင်း၊ နောင်တစ်ချိန်တွင် ဝင်ကြေးသတ်မှတ်ထားရှိရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် ပြခန်းအဆင့်သာ သတ်မှတ်ထားပြီး ပြတိုက်အဆင့်အထိရောက်အောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒေါ်စန်းစန်းနုက ပြောသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဦးနုကို ၁၉၀၇ ခုနှစ် မေ ၂၅ ရက်တွင် အဖ ဦးစံထွန်းနှင့် အမိ ဒေါ်စောခင်တို့က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့၌ မွေးဖွားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ကျောင်းသားသပိတ်အတွင်း ဝါးခယ်မမြို့ အစိုးရကျောင်း၌ ပဉ္စမတန်းမှ ပါဝင်ခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် မြို့မအထက်တန်းကျောင်းမှ ဒသမတန်းအောင်မြင်ခဲ့ပြီး ၁၉၂၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေ(ဝိဇ္ဇာ)ဘွဲ့ ရရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကာ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ယခုပြခန်းထားရှိမည့်နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**သတင်း-ဇာနည်မောင်၊**
**အေးမင်းသူ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်း အဖွဲ့လိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁၉**
၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး အားကစားသမားများ ပါဝင်သည့် မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်း အဖွဲ့လိုက်ပြိုင်ပွဲကို ဇွန် ၂ ရက်မှ ၆ ရက်အထိ သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီမှ သိရသည်။

အဆိုပါပြိုင်ပွဲသို့ အင်းစိန်မြို့နယ်အသင်းအတွက် ရပ်ကွက် ၂၁ ရပ်ကွက်မှ စိတ်ပါဝင်စားသည့် အားကစားသမား အမျိုးသား၊ အမျိုးသမီးများသည် ၁၉၉၃ ခုနှစ်နောက်ပိုင်း မွေးဖွားသူ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အင်းစိန်မြို့နယ်တွင် နေထိုင်သည့် အိမ်ထောင်စုစာရင်းတို့ တင်ပြရမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် အားကစားသမားများ ရွေးချယ်မှုကို မေ ၂၀ ရက် နံနက် ၇ နာရီတွင် မြန်မာ့မီးရထားရိပ်သာ အားကစားရုံ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနားၡ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကယားပြည်နယ် လွှတ်တော်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်

**လွိုင်ကော် မေ ၁၉**

ကယားပြည်နယ် လွှတ်တော်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် လွိုင်ကော်မြို့ လေယာဉ်ကွင်းအနီးရှိ အဆိုပါ လွှတ်တော်အဆောက်အအုံ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒီမိုကရေစီစနစ်တွင် လွှတ်တော်၏ကဏ္ဍမှာ အလွန်အရေးပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုကို လျှောက်လှမ်းနေသည့် အချိန်အခါတွင် မိမိတို့ ဒေသခံပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးအတွက် ယနေ့ဖွင့်လှစ်သည့် ကယားပြည်နယ် လွှတ်တော်အဆောက်အအုံမှာ စည်းလုံးမှုနှင့် ငြိမ်းချမ်းရေး အထိမ်းအမှတ် မီးမောင်းထိုးပြခြင်းပင်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း ပြည်နယ်အထိမ်းအမှတ် ငွေတောင်ဆည်၊ တောင်ကွဲစေတီ၊ လောပိတရေတံခွန်တို့အပြင် ယခုပြည်နယ်ဂုဏ်ဆောင် လွှတ်တော်အဆောက်အအုံကြီး ပေါ်ပေါက်လာခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် ကယားပြည်နယ် လွှတ်တော်ရုံးအဆောက်အအုံသစ်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး**(ယာပုံ)** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် လွှတ်တော်အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကယားပြည်နယ်ဝန်ကြီးချုပ်တို့က ဖွင့်ပွဲအထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း တည်ဆောက်ခြင်း ပန္နက်တင်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၉**



နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းဖွင့်လှစ်မည့် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း တည်ဆောက်ခြင်း ပန္နက်တင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း(TTTI)၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးညီလှုငယ်၊ ကိုရီးယားသံအမတ်ကြီး H.E.Mr. Lee Sang-hwa နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ် Dr.Shin Euicheal တို့က ပန္နက်ရိုက်ကြပြီး**(ယာပုံ)** အမွှေးနံ့သာ ပက်ဖျန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံအားလုံးတွင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ဖွံ့ဖြိုးရေးတွင် နည်းပညာနှင့် သက်မွေးပညာကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်၌ နေပြည်တော်တွင် ကျင်းပခဲ့သည့် TVET Forum ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းတွင် နည်းပညာနှင့် သက်မွေးပညာရေးသည် ဒုတိယတန်းစား ပညာရေးမဟုတ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရန်အတွက် ပထမတန်းစား နည်းပညာနှင့် သက်မွေးပညာရေးစနစ် ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းကို အတိအလင်း မီးမောင်းထိုးပြခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေနိုင်သော်လည်း မဟာဗျူဟာနှင့် မူဝါဒများအား နိုင်ငံတော်အဆင့်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

ယခုအချိန်တွင် ဒေသ၏ လုပ်သားဈေးကွက်နှင့် ပေါင်းစပ်နိုင်သည့် နည်းပညာနှင့် သက်မွေးပညာရပ်များတွင် သင်ကြားပေးသည့် ဆရာ ဆရာမများအတွက် နည်းပညာဆိုင်ရာ သင်တန်းများစွာပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါအခြေအနေကို ကျော်လွှန်နိုင်ရန်အတွက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)နှင့် ပူးပေါင်း၍ (TVET Teacher Training Institute- TTTI)ကို တည်ထောင်ပြီး ဆရာ ဆရာမများနှင့် သင်တန်းနည်းပြများ၏ အရည်အသွေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်မည့် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း(TTTI)တွင် ဆရာ ဆရာမများနှင့် သင်တန်းနည်းပြများအတွက် ဖွင့်လှစ်မည့် သင်တန်းများတွင် Technical Training၊ Teaching Methodology နှင့် Management Skill များ သင်ကြားသည့် အစီအစဉ်များ ပါဝင်ပါကြောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးစနစ်အတွက် သုတေသနစင်တာနှင့် စံပြအစိုးရစက်မှုလက်မှုသိပ္ပံ(Model GTI) တို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ Model GTI တွင် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန၊ အီလက်ထရွန်နစ် အင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ မော်တော်ယာဉ်ဆိုင်ရာ အင်ဂျင်နီယာဌာနများဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ ဤနည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း(TTTI) တည်ဆောက်ဖွင့်လှစ်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသံအမတ်ကြီး H.E.Mr. Lee Sang-hwa နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ် Dr.Shin Euicheal တို့က အမှာစကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကာ ယာဉ်မတော်တဆမှုကြောင့် ဆေးကုသမှုခံယူလျက်ရှိသည့် ဆရာ ဆရာမများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများပေးအပ်ပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်စုအဆင့် ဒုတိယတန်းသင်ရိုးညွှန်းတမ်းအသစ်ဖြင့် ပြုစုထားသော ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များဖြင့် သင်တန်းဆောင်ရွက်နေမှုများကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကိုရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီ ဟားရစ်အား ရွေးချယ်

**ဝါရှင်တန် မေ ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်-ပစိဖိတ်စစ်ဌာနချုပ်အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီ ဟားရစ်အား တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ်ခန့်အပ်ရန် ရွေးချယ်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသို့ တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ရာထူးနေရာကို ခန့်အပ်ထားရှိခြင်းသည် အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက်ကင်းစင်သော နိုင်ငံအဖြစ်သို့ ရောက်ရှိစေရန် ဖိအားပေးခြင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများကို သမ္မတထရန့်အစိုးရအဖွဲ့က ဟန်ချက်ညီညီ လုပ်ဆောင်ရန် လိုအပ်သည့်အတွက် အဆိုပါရာထူးနေရာကို ခန့်အပ်ခြင်းဖြစ်ကြောင်း သိရသည်။

မစ္စတာ ဟာရီဟားရစ်သည် ပထမဆုံးဂျပန်-အမေရိကန်နိုင်ငံသား ရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် ရာထူးတာဝန်များစတင်ထမ်းရွက်ခဲ့ပြီး မြောက်ကိုရီးယား နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးနှင့် တရုတ်နိုင်ငံ၏ ရေကြောင်းကာကွယ်ရေးဆိုင်ရာ အင်အားကြီးထွားလာမှုများကို နိစ္စဓူဝ ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။

ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီ ဟားရစ်သည် ဗဟုသုတပြည့်စုံသူတစ်ယောက်ဖြစ်သည့်အပြင် ခေါင်းဆောင်မှုအပိုင်းတွင်လည်း ကျွမ်းကျင်လိမ္မာပါးနပ်ကာ အင်ဒို-ပစိဖိတ်ဒေသတွင်း ပထဝီနိုင်ငံရေးကျွမ်းကျင်သူတစ်ဦးအဖြစ် အိမ်ဖြူတော်မှထုတ်ပြန်သည့် ကြေညာချက်တစ်ခုတွင် ရေးသားထားကြောင်း သိရသည်။

သမ္မတထရန့်က ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီ ဟားရစ်ကို ဩစတြေးလျနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ကနဦး ရွေးချယ်ခဲ့သည်။ သို့သော် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက သမ္မတ ထရန့် ရာထူးတာဝန်များ စတင်ထမ်းရွက်သည့်အချိန်မှစပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခန့်အပ်ခြင်းမရှိသေးသည့် တောင်ကိုရီးယား သံအမတ်ရာထူးကို ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီ ဟားရစ်အား ခန့်အပ်ရန် ဆန္ဒရှိခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## အာဖဂန်မြောက်ပိုင်း၌ ရတ်တရက်ရေလွှမ်း ၁၇ ဦးသေ၊ ၂၃ ဦး ဒဏ်ရာရ

**မာဇာရှာရစ်ဖ် မေ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်နှစ်ခုတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ရုတ်တရက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူပေါင်း ၁၇ ဦးထက်မနည်းသေဆုံးပြီး ၂၃ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တာဝန်ရှိသူများက မေ ၁၉ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ၄၈ နာရီအတွင်းက အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ ဘယ်လ်ကက်ရှ် ပြည်နယ်အတွင်းရှိ ချာယာဘန်၊ ချီမတ်တယ်၊ ဆူလ်ဂါရာနှင့် ခူလမ်ခရိုင်များအတွင်း ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကျရောက်ခဲ့ခြင်းကြောင့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူရှစ်ဦး သေဆုံးပြီး အခြားလူနှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါပြည်နယ်အတွင်းတွင် ရေလွှမ်းမိုးမှုဖြစ်စဉ်များမှာ စိုးရိမ်ဖွယ်ရာ သက်ရောက်နေပြီး ရာပေါင်းများစွာသော မြေဧရိယာဧကများနှင့် ကျေးရွာများမှာ ရေလွှမ်းမိုးမှုဘေးအန္တရာယ်ကျရောက်နေကြောင်းနှင့် ရေဘေးသင့် ပြည်သူများသို့ အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အရေးပေါ်အခြေအနေထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးဝေနေကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ**



## ကျူးဘားနိုင်ငံတွင် လေယာဉ်တစ်စင်းပျက်ကျ ခရီးသည် ၁၀၀ ကျော်သေဆုံး

**ဟာဗားနား မေ ၁၉**

ကျူးဘားနိုင်ငံမြို့တော် ဟာဗားနားလေဆိပ်မှ ဟူဂူအင်မြို့သို့ ဦးတည်ပျံသန်းမောင်းနှင်ခဲ့သည့် ကျူဘားနား ပြည်တွင်းလေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇ လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါစီးနင်းသူ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကျူးဘားသမ္မတ မီဂူရယ် ဒေ့စ်ကာနီလ်က အဆိုပါလေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် အထူးကော်မတီအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟာဗားနားလေဆိပ်မှ ပျံသန်းထွက်ခွာပြီးမကြာမီ အဆိုပါလေယာဉ်သည် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၁၀၄ ဦးနှင့် လေယာဉ်မှူး ခြောက်ဦးတို့ လိုက်ပါစီးနင်းခဲ့ကြောင်း ကျူဘားနားပြည်တွင်းလေကြောင်းလိုင်းသို့ အငှားချထားသည့် မက္ကဆီကန်လုပ်ငန်းတစ်ခုက ပြောကြားခဲ့သည်။

လေယာဉ်ကို ၁၉၇၉ ခုနှစ်မှ စတင်ပြေးဆွဲအသုံးပြုခဲ့ကြောင်း သိရသည်။ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိခဲ့ပြီး ခရီးသည်အများစုမှာ ကျူးဘားနိုင်ငံသားများဖြစ်ကြောင်းနှင့် လေယာဉ်မောင်မယ်များသည် မက္ကဆီကန်နိုင်ငံသားများဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် ခရစ်ကက်အားကစားရုံ ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ရှစ်ဦးထက်မနည်းသေဆုံး

**ဂျလာလာဘတ် မေ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဂျလာလာဘတ်မြို့ရှိ ခရစ်ကက်အားကစားရုံအတွင်း၌ မေ ၁၉ ရက်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်း ရှစ်ဦးထက်မနည်းသေဆုံးပြီး အခြား ၄၅ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါဖောက်ခွဲ တိုက်ခိုက်မှုဖြစ်စဉ်မှာ မူဆလင်ဘာသာဝင်တို့၏ ရာမာဒန်ဥပုသ်ကာလ စတင်စဉ်ကတည်းက ပထမဆုံး အကြိမ်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

မေ ၁၈ ရက် ညနေပိုင်းက ပေါက်ကွဲမှုဖြစ်ပွားသည့် အားကစားအဆောက်အအုံအတွင်းရှိ ဒေသဆိုင်ရာ ဥပုသ်ဆိုင်ရာ ခရစ်ကက်ပြိုင်ပွဲကို ကြည့်ရှုအားပေးနေသည့် လူအုပ်စုအကြား၌ ဒေသစံတော်ချိန် ည ၁၁ နာရီအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဖောက်ခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့် အကြမ်းဖက်အုပ်စုကမှ ဝန်ခံပြောကြားမှုမပြုသေးသည့် အပြင် တာလီဘန်စစ်သွေးကြွအဖွဲ့ကမူ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ၎င်းတို့နှင့်သက်ဆိုင်ခြင်းမရှိကြောင်း အင်တာနက်စာမျက်နှာ၌ ဖော်ပြခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်၏မြို့တော် ဖြစ်သည့် ဂျလာလာဘတ်မြို့သည် ပါကစ္စတန်နိုင်ငံနှင့် နယ်နိမိတ်စည်းတွင် တည်ရှိပြီး ယင်းမြို့အတွင်း၌ တာလီဘန်အကြမ်းဖက်တပ်ဖွဲ့ဝင်များနှင့် အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) တပ်ဖွဲ့ဝင်များသည် အင်အားကောင်းစွာ တည်ရှိနေသည်။



၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းက အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူး၌ ကျင်းပသော ခရစ်ကက်ပြိုင်ပွဲတွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူသုံးဦးထက်မနည်းသေဆုံးပြီး အခြားလူငါးဦးဒဏ်ရာရခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ခရစ်ကက်အားကစားနည်းကို ခက်ခက်ခဲခဲယှဉ်ပြိုင်နေရပြီး ယင်းနိုင်ငံအတွင်း၌ တာလီဘန်များ အုပ်စိုးခဲ့သည့် ကာလအတွင်း၌ ဖြစ်သည့် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလအတွင်းက နိုင်ငံအုပ်စိုးသူများက ၎င်းအားကစားနည်းအပေါ် မကောင်းသော အမြင်များလွှမ်းမိုးခဲ့ဖူးသည်။

**အေအက်ဖ်ပီ**

# (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၉**

(၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

မြန်မာစာပေတွင် နိုင်ငံသားတို့အတွက် အသိအမြင်၊ ဗဟုသုတတိုးပွားစေသော စာအုပ်စာပေပွားများရေးအားပေးရန်၊ ထိုသို့အားပေးရာတွင် နှစ်စဉ်စာအုပ်၊ စာမူတစ်မျိုးမျိုးကို မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာစာပေ ပညာရှင်ကြီးများ၏ ပါဝင်ကူညီမှုဖြင့် ရွေးချယ်၍ ချီးမြှင့်ရန်နှင့် မြန်မာစာပေကို ဘက်စုံဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ရေးနှင့် စာရေးဆရာတို့၏ ဘဝဖူလုံရေးကို စာပေဆုချီးမြှင့်ခြင်းဖြင့် တစ်နည်းတစ်လမ်းကူညီရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၁ ခုနှစ်မှစတင်ကာ ဆရာဝန်တင်ရွှေစာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆရာဝန်တင်ရွှေအပါအဝင် ဆရာဝန် စာရေးဆရာကြီးများနှင့် ပတ်သက်သည်များ၊ ယခုလို စာပေဆု တည်ထောင်ချီးမြှင့်သည့်အတွက် အကျိုးကျေးဇူးရှိမှု၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆုများ ချီးမြှင့်နေမှုသည် စာပေလောကအတွက် များစွာကျေးဇူးကြီးမားမှုနှင့် စာပေဆုရွေးချယ်ရေးပုဂ္ဂိုလ်များက စာပေဥယျာဉ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ ဆုရရှိသူများအတွက် ဝမ်းသာဂုဏ်ယူကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဆရာဝန်တင်ရွှေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (ဆရာ မနုသကျော်ဝင်း)က မှဒိတာစကားပြောကြားပြီး စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် သိပ္ပံစာရေးဆရာ ကိုကိုအောင်က ဆရာဝန်တင်ရွှေစာပေဆု စာအုပ်များ၏ မှတ်ချက်အကျဉ်းကို တင်ပြသည်။




**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု တစ်သက်တာစာပေဆုရရှိသော စည်သူ ဒေါက်တာ ဦးသော်ကောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုရရှိသည့် စာရေးဆရာကြီးများဖြစ်ကြသည့် တစ်သက်တာစာပေဆုရရှိသူ စည်သူ ဒေါက်တာ ဦးသော်ကောင်း၊ "သစ်သီးများနှင့် ကျန်းမာရေး" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာခင်မောင်လွင်၊ "ကင်ဆာလူနာများအတွက် လက်တွေ့ကျကျမေးခွန်းနှင့် အဖြေများ" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာလွှမ်းမိုးဟန်၊ "ဖတ်ကြည့်" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာမောင်မောင်စံ (ကျော်စောမင်း) နှင့် "Myanmar English Dictionary of Ancient Myanmar Historial Terms" စာအုပ်ဖြင့် ဆုရရှိသူ ဦးသိန်းလှိုင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆရာဝန်တင်ရွှေမိသားစုကိုယ်စား သားဖြစ်သူ Bright Corner Co., Ltd. & Real Life Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးသက်လွင်ရွှေက မြန်မာနိုင်ငံ သက်ကြီးစာရေးဆရာပူဇော်ပွဲအတွက် အလှူငွေများပေးအပ်ရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က လက်ခံရယူပြီး ဆုရွေးချယ်ရေးအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ရာ ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဦးခင်အေး (မောင်ခင်မင်- ဓနုဖြူ)က လက်ခံရယူသည်။

ဆက်လက်၍ (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုရရှိသည့် စာရေးဆရာများဖြစ်ကြသည့် ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာလွှမ်းမိုးဟန်၊ ဒေါက်တာမောင်မောင်စံ (ကျော်စောမင်း)နှင့် ဦးသိန်းလှိုင်တို့က အမှတ်တရစကားပြောကြားပြီး စာပေဆုရှင်မိသားစုကိုယ်စား သမီးဒေါ်သက်သက်ရွှေ(တင်ရွှေစာပေ)က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရစာရေးဆရာကြီးများ၊ ဆရာဝန်တင်ရွှေ မိသားစုဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ဦးရဲနိုင်၊ ဆရာဝန်တင်ရွှေစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရ စာရေးဆရာကြီးများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လာမည့်(၁၇) ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုတွင် စာအုပ်များအပြင် စာမူများကိုပါ တိုးမြှင့်၍ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရွေးချယ်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၁၉**

၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆု ရွေးချယ်ရေးဆိုင်ရာ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရွေးချယ်နိုင်ရေးအတွက် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်းနှင့် ပြည့်ပြည့်စုံစုံ ဆွေးနွေးပေးကြရန် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)နှင့် ဆရာကြီး ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)၊ အတွင်းရေးမှူး ဦးသန်းအုန်း (မောင်ဇေယျာ) နှင့် ကော်မတီဝင်များက အမျိုးသားစာပေဆုအမျိုးအစားများ၊ ဆုရွေးချယ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်များအတွက် အမျိုးသားစာပေဆုများကို နှစ်စဉ် ချီးမြှင့်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို စိစစ်ရွေးချယ်နိုင်ရန် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင် ၆၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ ကလေးပြုစုရေးဌာနတွင် မွေးကင်းစကလေးဆောင်ဖွင့်လှစ်

**နေပြည်တော် မေ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၌ ကျင်းပသည့် မွေးကင်းစကလေးဆောင် ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ဦးဆောင်၍ ရင်ခွင်မဲ့ကလေးငယ်များကို စနစ်တကျ ပြုစုစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ ကလေးသူငယ်အခွင့်အရေး (၄)ရပ်အနက် အရေးကြီးဆုံးဖြစ်သည့် ရှင်သန်ခွင့်နှင့် ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ကလေးသူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့်အတွက် စနစ်တကျ ပြုစုစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ ထိုသို့ စောင့်ရှောက်နိုင်ရန်အတွက် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနသည် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အစိုးရသာမက လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍဖောင်ဒေးရှင်းများ၊ အလှူရှင်များ၏ပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးကြီးဆုံးမှာ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်အောင် စည်းရုံးဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် မွေးကင်းစကလေးဆောင်အတွက် မွမ်းမံပြင်ဆင်ခြင်းနှင့် အသုံးအဆောင်များ ဖြည့်ဆည်းပေးခြင်းတို့အတွက် စေတနာထက်သန်စွာဖြင့် လှူဒါန်းပေးပါသော ဝိသာခါဖောင်ဒေးရှင်းကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက အသင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြီး လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝိသာခါဖောင်ဒေးရှင်းနာယကပါမောက္ခ



ဒေါက်တာဝင်းမင်းသစ်က ရွှေဂုံတိုင်ကလေးပြုစုရေးဌာနတွင် မွေးကင်းစကလေးဆောင် ပြုပြင်မွမ်းမံခြင်း၊ လိုအပ်သော ပစ္စည်းများ ဖြည့်တင်းပေးခြင်း၊ ကလေးငယ်များအား စနစ်တကျပြုစုနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေးပံ့ပိုးကူညီခြင်းနှင့် လှူဒါန်းရခြင်း အကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မွေးကင်းစဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စောင့်ရှောက်ခံရင်ခွင့်မဲ့ကလေးငယ်များအား ကြည့်ရှုကြသည်။ **(အပေါ်ပုံ)** အဆိုပါ မွေးကင်းစကလေးဆောင်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင် ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်သည်။ ယနေ့ ဝိသာခါဖောင်ဒေးရှင်းက လှူဒါန်းသော မွေးကင်းစကလေးများထားရှိရန် အဆောင်ပြုပြင်မွမ်းမံခြင်းနှင့် လိုအပ်သောပစ္စည်းများ ဖြည့်တင်းခြင်းတို့အတွက် စုစုပေါင်း ကုန်ကျငွေကျပ် ၂၃၅ သိန်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အနာဂတ်အတွက် ဒို့လူငယ်

**ဒေါက်တာမော်**

ပြီးခဲ့တဲ့ တစ်နေ့က လေယာဉ်ပေါ်မှာ သမီးငယ်လေး တစ်ဦးနဲ့ စကားလက်ဆုံကျခဲ့မိတယ်။ စင်ကာပူက စားသောက်ဆိုင်တစ်ခုမှာ အလုပ်လုပ်နေသူလေး။ တစ်နေ့အလုပ်လုပ်ချိန် များလွန်းလို့ မြန်မာပြည် မိဘအရိပ်မှာ သုံးလေးရက်ခန့် နားခိုဖို့ ပြန်လာတာပါတဲ့။ သူ့ရဲ့ ပွင့်လင်းပြုံးချိုမှုကြောင့် စကားတွေ ဆက်ဖြစ်ခဲ့တယ်။

သူက အခုအသက် ၂၄ နှစ်။ အသက် ၁၈ နှစ်အရွယ်ကတည်းက လုပ်ငန်းအတွေ့အကြုံတွေ ရှိခဲ့တယ်။ သူ့အသက် ၁၈ နှစ်မှာ မြန်မာနိုင်ငံမှာ အီလက်ထရွန်နစ် အင်ဂျင်နီယာဒီပလိုမာရရှိပြီး အပြည်ပြည်ဆိုင်ရာ လျှပ်စစ်ပစ္စည်းကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ခဲ့တယ်။ အလုပ်လုပ်နေစဉ်မှာပဲ ဝါသနာပါတဲ့ အချက်အပြုတ်သင်တန်းတွေတက်ခဲ့ပြီး တစ်နှစ်လောက်အကြာမှာတော့ ရန်ကုန်မြို့ရှိ နာမည်ကြီး ကိုရီးယားစားသောက်ဆိုင် ဆိုင်ခွဲတစ်ခုမှာ အလုပ်ရခဲ့တယ်။ သူက ချက်ပြုတ်တဲ့အပိုင်းမှာ လုပ်ရတာမို့ အစားအသောက်တွေကို ဘယ်အပူချိန်မှာ ဘယ်လောက် ကြာကြာ၊ ဘာနဲ့ဘာတွေ ရောရမယ်ကို နံရံမှာကပ်ထားတဲ့၊ ခေတ်ပုံလည်းရိုက်ခွင့်မပေးတဲ့၊ အလုပ်များလွန်းလို့ သူ့ဦးနှောက်နဲ့လည်း မမှတ်နိုင်တဲ့ ရှည်လျားတဲ့အဆင့်တွေအတိုင်း ချက်ရတယ်။ ပြင်ဆင်ရေးအပိုင်းမှာ တာဝန်ကျသူတွေက ချက်ရမယ့် အမယ်တွေကို ရောစပ်ပြီးသား အထုပ်ကလေးတွေနဲ့ ပေးထားတဲ့အတွက် ဘာတွေပါတယ်၊ ဘယ်လောက် အချိုးအစားပါတယ်ဆိုတာတွေကို မသိနိုင်ဘူးတဲ့။ မော်လည်း အဲဒီသမီးငယ်ကမှတစ်ဆင့် စားသောက်ဆိုင်ခွဲလုပ်ငန်းတွေမှာ ပုံတူမကူးနိုင်အောင် ဘယ်လိုကာကွယ်ထားတယ်ဆိုတာကို တစေ့တစောင်း သိခဲ့ရတယ်။

သူက အချက်အပြုတ်ဝါသနာပါပြီး လုပ်ငန်းအတွေ့အကြုံလည်းရှိတဲ့အတွက် စင်ကာပူရောက်လာတဲ့အခါ စားသောက်ဆိုင်တစ်ခုမှာ စားပွဲထိုးအနေနဲ့ ဝင်ရောက်လုပ်ကိုင်နေရာမှ ပိုင်ရှင်ရဲ့ ယုံကြည်အားကိုးမှုကိုရရှိပြီး ငွေသိမ်းသူအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်း ခံရသတဲ့။ "သမီးရဲ့ အလုပ်ကြိုးစားမှုရယ်၊ ရိုးသားမှုရယ်၊ ဉာဏ်ကောင်းမှုရယ်၊ ပွင့်လင်းပြုံးချိုမှုရယ်တွေကြောင့် ပိုင်ရှင်ရဲ့ ယုံကြည်အားကိုးမှုကိုရပြီး အရေးကြီးတဲ့ ငွေသိမ်းတဲ့နေရာပေးတာဖြစ်မယ်" လို့ ချီးကျူးတော့ မျက်လုံးလေးဝင်းပြီး အားတက်သွားပုံရကာ သူ့ရှေ့ရေးကို ဖွင့်ဟတိုင်ပင်ပါတော့တယ်။ သူမြန်မာပြည်ပြန်လာပြီး စားသောက်ဆိုင်တစ်ခုခုလုပ်ရင် ကောင်းမလားလို့ စဉ်းစားနေတယ်တဲ့။ မော်က ဝမ်းသာအားရ အပြည့်အဝ ထောက်ခံလိုက်တယ်။ "ဒါအကောင်းဆုံးအကြံပဲ၊ သမီးမှာ ဒီပညာလည်းတတ်ပြီ၊ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံတွေလည်းရနေပြီ၊ ကိုယ့်မြန်မာအလေ့အထ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့လည်း မွေးကတည်းက အကျွမ်းဝင်ပြီးသားမို့ နိုင်ငံခြားသားတွေထက် တစ်ပန်းသာအောင်၊ အံ့ဝင်ခွင်ကျဖြစ်အောင် လုပ်နိုင်မှာ၊ လုပ်ဖြစ်အောင်လုပ်ပါ၊ စင်ကာပူမှာတောင် စင်ကာပူအစိုးရက သူ့လူတွေကို စွန့်ဦးတီထွင်လုပ်ငန်းရှင် လုပ်ဖို့၊ လူတွေကို အလုပ်ပေးနိုင်ဖို့အတွက်၊ သူ့နိုင်ငံက သေးတော့ နိုင်ငံခြားကိုထွက်ပြီး လုပ်ငန်းတည်ထောင်ဖို့ အမြဲတိုက်တွန်းအားပေးနေတာ မဟုတ်လား၊ သမီးက ဖွံ့ဖြိုးဖို့တာစူနေတဲ့ ကိုယ့်နိုင်ငံမှာ တိုးတက်ကြီးပွားဖို့ အခွင့်အလမ်းတွေကို သိမြင်ဆုပ်ကိုင်ပြီး အများပြည်သူကိုလည်း အလုပ်ပေးနိုင်မှာမို့ ဝမ်းမြောက်စွာအားပေးပါတယ်" လို့ တိုက်တွန်းလိုက်ပါတယ်။

"နောင် ငါးနှစ်ကြာရင် သမီးနဲ့ ပြန်တွေ့ချင်တယ်၊ သမီးရဲ့တိုးတက်မှုကို စိတ်ဝင်စားလို့" ဆိုတော့ သူက စဉ်းစဉ်းစားစားလေး မော့်ကို ကြည့်နေတယ်။ မော်လည်း သတိဝင်သွားပြီး "ဩော် အေးအေး ကိုယ်ပိုင်အလုပ်ကို အခုမစနိုင်သေးလည်း ဒီလိုပဲ အလုပ်သမားအနေနဲ့ လုပ်၊ ပိုက်ဆံတွေ ထပ်စု၊ အတွေ့အကြုံတွေ ထပ်စု၊ အရင်းအနှီးတွေ အတော်အသင့်ရပြီး ရင့်ကျက်မှု တွေ အတော်အသင့်ပြည့်စုံလာတော့မှ စပေ့၊ ငါးနှစ် မဟုတ်ဘူး၊ နောက် ၁၀ နှစ်ကြာရင် တွေ့ချင်တယ်" လို့ပြောလိုက်တော့မှ သူ့မျက်နှာလေးမှာ ယုံကြည်ချက်နဲ့ ဝင်းသွားတယ်။

တကယ့်လက်တွေ့သမား သမီးငယ်လေးနော်။

ပြီးခဲ့တဲ့ တစ်ပတ်က တပည့်လေးတစ်ယောက်က ရှေ့ရေးကို တိုင်ပင်ဆွေးနွေးချင်လို့တဲ့။

မော်ကတော့ သူနာပြုမဟုတ်တဲ့အတွက် သူနာပြု တစ်ယောက်ရဲ့ တိုးတက်ရာလမ်းကြောင်းကို တိတိကျကျ အကြံမပေးတတ်ပါဘူး၊ ယေဘုယျ ဘဝတိုးတက်ရေး အတွက်တော့ အကြံပေးလို့ရပါတယ်ဆိုပြီး တွေ့ဆုံ စကားပြောဖြစ်ခဲ့ကြတယ်။ စင်ကာပူမှာပဲ နောက်ထပ် ဒီဂရီတွေရအောင်လုပ်မလား၊ အုပ်ချုပ်ရေးပိုင်းကို ဝင်မလား၊ အထူးကုသူနာပြုဖြစ်အောင် လုပ်မလား၊ ကျောင်းမှာ ပြန်ပြီး ကထိကအဖြစ်နဲ့ ပညာရေးပိုင်းကို ပြန်လုပ်မလား၊ လခပိုကောင်းတဲ့ အနောက်နိုင်ငံတွေကို သွားမလား စသည်ဖြင့် သူတို့လေးတွေရဲ့ အတတ်ပညာအတွက် ရွေးစရာလမ်း၊ တိုးတက်စရာလမ်းတွေ အများကြီးရှိတယ်။ သို့သော် အဲဒီတပည့်လေးက အဲဒီလမ်းတွေရွေးနေရင် အုပ်ချုပ်ရေးယန္တရားကြောင့် သူက တစ်ယောက်ယောက်ကိုတော့ နာခံနေရဦးမှာပဲ၊ သူက လုပ်ငန်းရှင်ဖြစ်ချင်တာတဲ့။ (မော် . . သဘောကျလို့ ပြုံးမိပါတယ်)

သူနာပြုအထူးကုဒီဂရီ (Nursing Specialist Degree) တွေ ဆက်မတက်ဘဲ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာ (Business Management လို Health Care Administrator လို) သင်တန်းတစ်ခုခု တက်ရကောင်းမလား စဉ်းစားနေတာတဲ့။ တက်ရင်လည်း ဘယ်ကျောင်း ဘယ်အဖွဲ့အစည်းက ပို့ချတဲ့သင်တန်းကို တက်ရရင်ကောင်းမလဲလို့ ရွေးရခက်နေတယ်တဲ့။

မော်က မေးလိုက်တယ် "မြန်မာပြည်ကို ပြန်လာမှာလား" လို့။ တပည့်လေးက မဆိုင်းမတွ "ပြန်လာမှာပေ့၊ တီချယ်ကလည်း၊ မြန်မာပြည်မှာပဲ အခြေချမှာ" တဲ့။ မော်လည်း ဝမ်းသာအားရ အပြည့်အဝ ထောက်ခံလိုက်တယ်။ "ဒါ အကောင်းဆုံးအကြံပဲ၊ သမီးမှာ သူနာပြု အတတ်ပညာလည်း တတ်နေပြီ၊ စင်ကာပူဆေးရုံတွေမှာ လုပ်သက်အတွေ့အကြုံတွေလည်း ရနေပြီ၊ မြန်မာပြည် ပြန်ပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင်မယ်ဆိုရင် တခြား အလုပ်မစဉ်းစားနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းကိုလုပ်၊ သူငယ်ချင်းတွေခေါ်၊ လူတွေကို အလုပ်ပေး၊ အဲဒါ စွန့်ဦးတီထွင်လုပ်ငန်းရှင်ပဲ၊ လူတိုင်း မုန့်ဟင်းခါးဆိုင်ဖွင့်နိုင်ပေမယ့် ကျန်းမာရေးလုပ်ငန်းတွေကိုတော့ လူတိုင်း မထူထောင်နိုင်ဘူး၊ မြန်မာပြည်မှာ ကျန်းမာရေး အဆင့်အတန်းမြင့်ဖို့ အဘက်ဘက်က လိုအပ်နေတာ လုပ်စရာတွေ အများကြီး ရှိတယ်" လုပ်ဖို့လုပ်ငန်းအချို့ကိုလည်း အကြံပြုလိုက်တယ်။ "နိုင်ငံတကာကုမ္ပဏီကြီး (MNC: Multi National Company) တွေမှာ လုပ်မှုမဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်း လုပ်မယ်ဆိုရင် ဘယ်ကျောင်းကဘွဲ့ရရ ကိစ္စမရှိဘူး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးပညာအခြေခံတတ်ဖို့သာ လိုတယ်၊ ကျောင်းရွေးဖို့ သိပ်ခေါင်းခြောက်မခံနဲ့၊ တက်ဖြစ်အောင်သာ တက်လိုက်ပါ" လို့လည်း အားပေးလိုက်တယ်။

အခုလောလောဆယ်မှာတော့ သူတို့လေးတွေ ဘွန်း(Bond) မိနေသေးလို့ စင်ကာပူဆေးရုံတွေမှာ နောက်လေးငါးနှစ် အလုပ်လုပ်ရဦးမယ်။ မော်က ပြောလိုက်တယ်၊ အခုလောလောဆယ် သည်းခံပြီးလုပ်ပါ။ ဒီအလုပ် လုပ်နေရသေးလို့လည်း စိတ်မညစ်နဲ့။ အကောင်းကို မြင်အောင်ကြည့်ပါလို့။ မလုပ်ချင်ပေမယ့် မေတ္တာထားပြီးလုပ်။ စေတနာထားပြီးလုပ်။ ကိုယ့်ကို အသိအမှတ်ပြုကြလိမ့်မယ်။ ကိုယ့်နာမည်ကောင်း ကျန်ခဲ့မယ်။ လူချစ်လူခင်ပေါမယ်။ လုပ်ငန်းခွင်မှာ ယုံကြည်လေးစားမှုတွေရမယ်။ ကျန်းမာရေးလောကမှာ ကိုယ့်လူမှုရေးကွန်ရက်ကို တည်ဆောက်ထားပါ။ တစ်နေ့ ကိုယ်ပိုင်ကျန်းမာရေးလုပ်ငန်းလုပ်တဲ့အခါ ဒီကွန်ရက်တွေက အသုံးဝင်လာလိမ့်မယ်လို့ အကြံတွေပေးတော့ တပည့်လေးမျက်နှာမှာ မျှော်လင့်ချက်အလင်းရောင်တွေ၊ ယုံကြည်မှုအားမာန်တွေ အလျှံပယ် တွေ့လိုက်ရလို့ အားရမိတယ်။

ပြီးခဲ့တဲ့လက လေးဆူဓာတ်ပုံ ရွှေတိဂုံအောင်မြေမှာ မြတ်စွာဘုရားရဲ့ ဓာတ်တော်မွေတော် ဂုဏ်တော်တွေကို အာရုံပြုရှိခိုးနေတုန်း လူငယ်အုပ်စု တစ်စုရောက်လာတယ်။ ယောကျ်ားလေး အသံတွေရော၊ မိန်းကလေး အသံတွေရော၊ ရောရောရောရောနဲ့မို့ အင်း ဘုရားရှိခိုးရတာ အနှောင့်အယှက် ဖြစ်ပြန်ပြီ။ စကားတွေပြော၊ ဖုန်းတွေပြော၊ ဘုရားတွေအကျယ်ကြီး ရှိခိုးနေကြရင် တိတ်ဆိတ်ကြည်ညိုဖွယ်ကောင်းတဲ့ မြတ်စွာဘုရားရင်ပြင်တော်မှာ အနှောင့်အယှက်ဖြစ်ကြောင်း "လေးဆူဓာတ်ပုံရွှေတိဂုံ" ဆောင်းပါးရေးထားတာလည်း မဖတ်ကြဘူးလို့ ကိုယ့်စိတ်ထဲမှာကိုယ် တွေးမိလိုက်တယ်။

ဒါပေမယ့် သူတို့အသံတွေထဲမှာ ဘယ်စာကြည့်တိုက်မှာ ဘာစာအုပ်ကောင်းတွေရှိကြောင်း၊ ဘယ်အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်တွေ ဘယ်တော့ကျင်းပမည်ဖြစ်ကြောင်း၊ ဘယ်အလုပ်ရုံဆွေးနွေးပွဲမှာ ငါဘယ်လို အသိဉာဏ်တွေတိုးခဲ့ကြောင်း၊ ဘယ်သူငယ်ချင်းက ဘာစာမေးပွဲအောင်ထားကြောင်း၊ ဘယ်သူငယ်ချင်းက ဘာအလုပ်လုပ်နေပြီဖြစ်ကြောင်း၊ သူကတော့ ဘယ် သင်တန်းဆက်တက်မယ်ဖြစ်ကြောင်း၊ ငါကတော့ ဘာလုပ်ရရင်ကောင်းမလဲ စဉ်းစားနေကြောင်းအေးအေး ဆေးဆေး အနာဂတ်ရှေ့ရေးကို ဆွေးနွေးနေကြတာ ကြားရတော့ မနေနိုင်တော့ဘဲ လှည့်ကြည့်မိတယ်။ ပုဆိုးလေးတွေ၊ လုံချည်လေးတွေနဲ့ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ထားတဲ့ လူငယ်လေးတွေ ဝိုင်းဖွဲ့ထိုင်ပြီး စကားပြောနေကြတာ။ နုပျိုလှတဲ့ မျက်နှာလေးတွေမှာလည်း စဉ်းစားကြံဆ မျှော်လင့်ချက် ရောင်ခြည်တွေနဲ့။

ပြောပါစေ၊ ပြောပါစေ၊ ပြောကြပါစေ။ ဒီလိုလူငယ်လေးတွေ ဒီလိုစကားတွေပြောနေလို့ကတော့ ရွှေတိဂုံဘုရားမှာ ကိုယ်က ဘယ်နားမဆို နေရာပြောင်းပြီး သွားရှိခိုးလို့ရတယ်။ အနာဂတ်ရဲ့ ရင်သွေးငယ်တွေ အနာဂတ်အတွက် ဆွေးနွေးကြတာ ဆွေးနွေးကြပါစေ၊ အရေးကြီးတယ်။

ယနေ့ လူငယ်လေးတွေ အခုလို ပညာကို တန်ဖိုးထားပြီး လိုချင်၊ အတွေ့အကြုံတွေမှ လေ့လာပြီး သင်ယူချင်၊ နောင်မှာ ကြီးပွားတိုးတက်ချင်တဲ့ စိတ်ဓာတ်တွေ ဒီလိုရှိနေရင်တော့ နောက်ငါးနှစ် မကဘူး၊ ၁၀ နှစ်လည်း မကဘူး၊ နောက်မျိုးဆက်တစ်ခုလုံး၊ စောင့်နိုင်တယ်၊ စောင့်နေမယ် အနာဂတ်ကို။

ဒီလိုလူငယ်လေးတွေ များသည်ထက် များလာပါစေ။ ။

> ❛ ပုဆိုးလေးတွေ၊ လုံချည်လေးတွေနဲ့ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ထားတဲ့ လူငယ်လေးတွေ ဝိုင်းဖွဲ့ထိုင်ပြီး စကားပြောနေကြတာ။ နုပျိုလှတဲ့ မျက်နှာလေးတွေမှာလည်း စဉ်းစားကြံဆ မျှော်လင့်ချက်ရောင်ခြည်တွေနဲ့။
>
> ပြောပါစေ၊ ပြောပါစေ၊ ပြောကြပါစေ။ ဒီလိုလူငယ်လေးတွေ ဒီလိုစကားတွေပြောနေလို့ကတော့ ရွှေတိဂုံဘုရားမှာ ကိုယ်က ဘယ်နားမဆို နေရာပြောင်းပြီး သွားရှိခိုးလို့ရတယ်။ အနာဂတ်ရဲ့ ရင်သွေးငယ်တွေ အနာဂတ်အတွက် ဆွေးနွေးကြတာ ဆွေးနွေးကြပါစေ၊ အရေးကြီးတယ်. . . . .

## ရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရထားရဲတပ်ဖွဲ့အမှတ် (၁၄) တပ်ခွဲနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ ပူးပေါင်း၍ ရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၁၈ ရက် နံနက် ၁၀ နာရီတွင် အင်းစိန်ဘူတာ ခရီးသွားနားနေဆောင်၌ ပြုလုပ်ခဲ့သည်။

အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲသို့ ရထားရဲတပ်ဖွဲ့အမှတ် (၁၄) တပ်ခွဲ တပ်ခွဲမှူးနှင့်တပ်ဖွဲ့သည် မြန်မာ့မီးရထား တိုင်း (၇)ရန်ကုန်မှ လ/ထမန်နေဂျာ (သွား/လာ) ဦးကိုကိုကျော်၊ ကြီးကြပ်ရေးမှူး (သွား/လာ) ဦးကိုကိုမောင်၊ အင်းစိန်ဘူတာ (အထူးတန်း) ရုံပိုင်ကြီး ဦးနေဝင်းအဖွဲ့တို့နှင့်ပူးပေါင်း၍ ရထားစီးခရီးသည် ၇၀ တို့အား ရထားနှင့် ကား၊ ဆိုင်ကယ်၊ လူ၊ တိရစ္ဆာန် တိုက်မိမှုမဖြစ်ပွားစေရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှု မဖြစ်ပွားစေရေး အသိပညာပေးဟောပြောခြင်းနှင့် ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်ပတ်သက်၍ ပြစ်မှု၊ ပြစ်ဒဏ်များအား ချပြရှင်းလင်းဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ငြိမ်းချမ်းရေးလက်ဆောင်ပါ

ခင်သီတာညွန့်(အင်းစိန်)

ကျွန်မက ရန်ကုန်မှ လားရှိုးသို့သွားနေသည့် အဝေးပြေးကားပေါ်တွင်ဖြစ်သည်။ ခရီးစဉ်က ညပိုင်းခရီးစဉ်။ အခုတစ်ခေါက် သင်တန်းကိစ္စနှင့် ခရီးသွားခြင်းသည် ကျွန်မအတွက် တစ်ကိုယ်တည်းဖြစ်နေသည့်အတွက် ရှေ့ပြေးသင်တန်းဆရာများအား သုံးခုံတွဲထားသည့်ကားက တစ်ခုံတည်းကိုရအောင် စီစဉ်ပေးရန် ပြောထားခဲ့ပါသည်။ သို့သော် မည်သို့ပင် ကြိုတင်စီစဉ်စီစဉ်၊ စီးပွားရေးပညာရှင် Adam Smith ပြောသည်ကို သတိရမိသည်။ ယင်းမှာ တခြားမဟုတ်၊ လက်တွေ့တွင် မမြင်နိုင်သည့်လက်ကြီး Invisible hand က ရှိနေလေသည်။ ဆရာကြီးက စီးပွားရေးပညာရှင်ဖြစ်၍ ငွေကြေးကိစ္စကို ပြောခြင်းပါ။ ကျွန်မအနေဖြင့် ထိုင်ခုံနေရာ အဆင်မပြေသည့် အခက်အခဲပြဿနာပါ။

ကျွန်မ၏ တစ်ယောက်ထိုင်ခုံက နောက်ဆုံးခုံဖြစ်နေသည်။ နောက်တွင် ကန့်လန့်ဖြတ် လေးယောက်ခုံတစ်ခုံသာကျန်ရှိသည်။ အထူးကားဖြစ်လင့်ကစား ကျွန်မ၏ အရှေ့တည့်တည့်တွင် အခြားကားများကဲ့သို့ TV မပါပါ။ (TV ပါက အားသွင်းရန် နေရာပါတတ်သည်) ခုံအောက်နံဘေးတွင် မီးအားသွင်းရန် ပလပ်ပေါက်မပါ။ ဤမျှခရီးစဉ်သည် ကျွန်မအတွက် လမ်းတစ်လျှောက် ဘာမျှမလုပ်နိုင် မလုပ်ရပါ။ ငုတ်တုတ်ထိုင် သွားရမည့်အလား။ ထိုင်ခုံက အနည်းငယ် မာနေသဖြင့် သက်သောင့်သက်သာ မဖြစ်ပြန်။

ယခုခရီးစဉ်က တစ်ရက်ခန့် ကြိုရောက်၍ အနားယူကာ စာသင်ရမည်မဟုတ်။ အခြေအနေအရ ရောက်လျှင်ရောက်ချင်းပင် မီးရာအချိန်တွင် ဝင်သင်ရမည့် အနေအထား။ မည်သို့မျှထိုင်၍မရသည့်အဆုံး၌ ထိုင်ခုံကို နောက်သို့လှဲချ၍ အိပ်မည့်အချိန်တွင် နောက်ဆုံးတန်းက ခုံတန်းရှည်တွင် လူရှိနေပြန်ပါသည်။ တခြားလူတော့ မဟုတ်ပါ။ ယာဉ်အကူလေးသာ ဖြစ်သည်။ သူသည် ယာဉ်မောင်းသူ ကားဆရာအား လမ်းတစ်လျှောက် လမ်းကြည့်ပေးရာက တာဝန်ပြီး၍ အနားယူ လဲလျောင်းနေခြင်းဖြစ်မည်ထင်သည်။ ကျွန်မ၏ထိုင်ခုံကို နောက်သို့အပြည့်လှဲချလိုက်ပါက ယာဉ်အကူလေးကို အုပ်မိသွားရန်သာရှိသည်။ ထို့ကြောင့် ထိုင်ခုံအား နဂိုအနေအထားသို့ ပြန်မတ်ရပြန်သည်။

ထိုအခြေအနေကို ရိပ်စားမိသည့် ယာဉ်အကူလေးက "အန်တီ ခုံကို နောက်နည်းနည်းချချင်လို့လား၊ အပြည့်လှဲချလိုက်ပါ၊ သားတို့က နေ့စဉ်ကြုံတွေ့နေကျမို့ အဆင်ပြေပါတယ်"တဲ့လေ။ ကျွန်မအနေဖြင့် ကိုယ်က သက်သောင့်သက်သာဖြစ်မည့်အရေး တစ်ဖက်သားက မွန်းမွန်းကျပ်ကျပ်နေရမည်ကို မလိုလားပါ။ ကျွန်မအတွက် အဆင်မပြေပါ။ ထို့ကြောင့် ကိုယ့်အသိစိတ်ဖြင့်သာ ထိုင်ခုံကို ပုံမှန်အနေအထားသို့ ပြန်တင်ထားလိုက်ခြင်းပါ။

မြန်မာမှာ အရပ်သုံးစကားဖြစ်သည့် "ပြောတတ်ရင် လေယာဉ်ပျံတောင် အလကားစီးလို့ရတယ်"၊ ဆိုရိုးဖြစ်တဲ့ "နှုတ်ချိုသျှိုတစ်ပါး"၊ စကားပုံဖြစ်တဲ့ "မေးပါများ၊ စကားရ"၊ "အလျှော့ကောင်းလျှင်၊ အထောင်းသက်သာ" စသဖြင့် ရှိပါသည်။ မကြာပါ ကျွန်မလည်း ယာဉ်အကူလေးနှင့် စကားပြောဖြစ်သွားသည်က တစ်ကြောင်းကြောင့် ပြောလက်စနှင့်ပင် "သားတို့ကားက မီးအားသွင်းဖို့ ပလပ်ပေါက် မပေးထားဘူးနော်၊ အန်တီက Laptop သုံးချင်တာ၊ ဖုန်းလည်း အားသွင်းချင်တာ" စသဖြင့် ပြောမိလေသည်။

ချက်ချင်းဆိုသလိုပင် တခြားယာဉ်အကူတစ်ယောက်ပါဝင်လာကာ ကျွန်မ၏ Laptop ကြိုးကိုယူကာ အခြားခရီးသည်ဘေးမှ ပလပ်ပေါက်တွင် မဖြစ်ဖြစ်သည့်နည်းဖြင့် မီးဝင်အောင် လုပ်ပေးကြသည်။ ကျွန်မလည်း တစ်ညလုံးနီးနီး Laptop သုံးနိုင်ခဲ့ပါသည်။ Laptop ကတစ်ဆင့် ဖုန်းအားလည်း သွင်းနိုင်ခဲ့သည်။

ကျွန်မက အလျင်စလိုပေးရမည့် ဆောင်းပါးလေး တစ်ပုဒ်အား လမ်းခရီးတစ်လျှောက် မထင်မှတ်ဘဲ အကြမ်းသဘောချရေးနိုင်ခဲ့သည့်အတွက် ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်ရပါသည်။ ကျွန်မအတွက် ဤညတွင် တစ်ရေးမျှ အိပ်မရ၊ ဘာမျှလုပ်၍မရ တွက်ဆထားသော်လည်း ယခုကဲ့သို့ လုပ်ချင်သည့် အလုပ်ကိစ္စများ ပြီးမြောက်ခဲ့သည်။ ထို့အတွက် ကျွန်မ၏ ရင်တွင်း ဘယ်အရပ်ကလာသည်မသိသော ကြည်နူးရိပ်ကလေးက ဖျတ်ခနဲ ဝင်ရောက်နေရာယူခဲ့ချေပြီ။ တစ်ဆက်တည်းပင် ကျွန်မနှုတ်ဖျားမှ တီးတိုးရေရွတ်မိလိုက်သည်ကတော့ အရာရာမှာ "Ease" မဖြစ်ပေမယ့် "Peace"ကတော့ ဖြစ်နိုင်ပါလားလို့ပါ။

ထို့ကြောင့် Peace ခေါ် "ငြိမ်းချမ်းရေး" ဆိုသည် လူတိုင်းလူတိုင်း တောင့်တသည့်အရာပါ။ မရှိမဖြစ် လိုအပ်သည်ပဲ မဟုတ်ပါလား။ သို့သော် တစ်ဦးချင်းအနေဖြင့် မိမိဘက်က အသာရချင်မှုရပါမည်။ မိမိ၏ အလိုကျ လုံးလုံးလျားလျား ဖြစ်ချင်မှုဖြစ်ပါမည်။ တစ်ဖက်သားကို အလျှော့ပေးရသည်မျိုး၊ ငဲ့ညှာရသည်မျိုး ရှိကောင်း ရှိပါမည်။

"ထို့ကြောင့် Peace ခေါ် "ငြိမ်းချမ်းရေး" ဆိုသည် လူတိုင်းလူတိုင်း တောင့်တသည့်အရာပါ။ မရှိမဖြစ် လိုအပ်သည်ပဲ မဟုတ်ပါလား။ သို့သော် တစ်ဦးချင်းအနေဖြင့် မိမိဘက်က အသာရချင်မှုရပါမည်။ မိမိ၏ အလိုကျ လုံးလုံးလျားလျား ဖြစ်ချင်မှုဖြစ်ပါမည်။ တစ်ဖက်သားကို အလျှော့ပေးရသည်မျိုး၊ ငဲ့ညှာရသည်မျိုး ရှိကောင်း ရှိပါမည်"

နှစ်ဦးနှစ်ဖက် ညှိနှိုင်းကောင်း ညှိနှိုင်းရပါမည်။ တစ်နည်းရည်ရွယ်ချက်ရှိရှိနှင့် အကျေအလည် ဆွေးနွေးရခြင်းမျိုး ရှိပါမည်။ အပြန်အလှန်လေးစားရပါမည်။ ကိုယ်ချင်းစာစိတ်မွေးရပါမည်။ တစ်ဦးတစ်ယောက်ကောင်းနှင့် မရနိုင်ပါ။ မိမိအကျိုးစီးပွားကိုပဲ ကြည့်၍မရပါ။

ထိုထိုသော အသိစိတ်များ ဝင်ရောက်လာပါက၊ ဦးတည်ချက်တူညီသော စိတ်ဓာတ်များ မွေးမြူလာနိုင်ပါက၊ စုပေါင်းလုပ်ဆောင်တတ်သော Collective Action စုပေါင်းစွမ်းဆောင်အား Collective effort ဖြင့်သာ အရာရာကို လူပီသစွာ တန်ဖိုးထား တည်ဆောက်လာနိုင်မည်မှာ မလွဲဧကန်ဖြစ်သည်။ တစ်နည်းဆိုရပါက လူသားအားလုံးညီညွတ်မှုရှိပါက အရာအားလုံး အောင်မြင်နိုင်ပါမည်။

ထို့အပြင် ဘာသာရေးအဆုံးအမများအနက် လူမှုအသိုင်းအဝိုင်းတွင် တစ်ဦးနှင့်တစ်ဦး ညီညွတ်ရေးအတွက် အဓိကအကျဆုံးသော၊ မရှိမဖြစ်လိုအပ်သော၊ လိုက်နာရမည်ဖြစ်သော ဥပဒေသများမှာ-

၁။ လူအချင်းချင်း ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်းများ မပြုရ။
၂။ အမှားဘက်၌ မရပ်တည်ရ၊ မုသားပြောဆိုခြင်း မပြုရ။
၃။ မိမိကိုယ်ကို ချုပ်တည်းရန် (Self- control)။
၄။ အများပိုင်ပစ္စည်းများကို မတရားသဖြင့် မယူရ။
၅။ မိမိခန္ဓာကိုယ်ကို ပျက်စီးစေသော၊ စိတ်ကို ပြောင်းလဲစေတတ်သော အရက်သေစာများ၊ မူးယစ်ဆေးဝါးများမသုံးစွဲရ စသည်တို့ဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့စေမည်ဆိုပါက လူမျိုးဘာသာမရွေး လူအချင်းချင်း တန်းတူအခွင့်အရေးပေးရမည်။ အချင်းချင်း ယုံကြည်မှုကို တည်ဆောက်ရမည်။ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိခြင်း၊ ခွင့်လွှတ်သည်းခံခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ ပေါင်းစည်းခြင်းများသည် လူတိုင်းလူတိုင်းလက်ဝယ်၌ ရရှိထားသည့် လက်ဆောင်တစ်ခုဖြစ်သည့်အတွက် တန်ဖိုးထား ကျင့်သုံးကြခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# ပြင်ဦးလွင်မြို့နယ်တွင် ညောင်ရမ်းခေတ် ဘုရားဆင်းတုတော် ၁၀၀ ကျော် တွေ့ရှိ

**ပြင်ဦးလွင် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပင်လိန်အရှေ့ကျေးရွာ ရွှေလမင်းကျောင်းတိုက်အတွင်းရှိ ညောင်ပင်အမြစ်များ ဖုံးအုပ်နေသော စေတီကို ပြုပြင်ရန် ညောင်ပင်ကို ဖယ်ရှားရှင်းလင်းရာမှ စေတီအတွင်းမှ နှစ်ပေါင်း ၄၀၀ ခန့် သက်တမ်းရှိ ညောင်ရမ်းခေတ် ဘုရားဆင်းတုတော် ၁၀၀ ကျော် တွေ့ရှိခဲ့ကြောင်း သိရသည်။



အဆိုပါကျောင်းတိုက်အတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေသဖြင့် ကျောင်းထိုင်ဆရာတော်က ရှင်းလင်းစဉ် ယိုယွင်းပျက်စီးနေသည့် စေတီငုတ်တိုနှစ်ဆူနှင့် ညောင်ပင်ငုံထားသည့် စေတီတစ်ဆူကို တွေ့ရှိသဖြင့် ပြန်လည်ပြုပြင်ရန် ဖယ်ရှားရာမှ စေတီအတွင်းရှိ ဌာပနာတိုက်နှစ်ခုမှ ကျောက်ဆင်းတုတော်၊ ကြေးဆင်းတုတော်နှင့် နံ့သာဖြူသားဆင်းတုတော် ရုပ်ပွားတော် အဆူ ၁၂၀ ကျော် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော် ဦးသုဇနက မိန့်ကြားသည်။

"ညောင်ပင်အောက်မှာ ရောက်နေတဲ့ စေတီကို မတွေ့ရပေမယ့် ရွာထဲက အသက် ၈၀ ကျော် ဒါယကာကြီးတွေက ဒီညောင်ပင်အောက်မှာ စေတီတစ်ဆူရှိတယ်လို့ ပြောကြတယ်၊ ဒါကြောင့် ပြုပြင်ဖို့ ဖယ်ရှားလိုက်တဲ့အတွက် ဒီဆင်းတုတော်တွေကို တွေ့ရတာပါပဲ၊ ဆင်းတုတော်တွေထဲမှာ အထူးခြားဆုံးကတော့ သလင်းကျောက်နဲ့ထုဆစ်ထားတဲ့ ဘုရားဆင်းတုတော် တစ်ဆူပါလာတယ်၊ ဒါကြောင့် ဘုန်းဘုန်းက ဒီဆင်းတုတော်ကို စေတီအသစ်တည်ရင် ဌာပနာထဲ မထည့်ဘဲ အများဖူးမြော်နိုင်အောင် အပူဇော်ခံထားရှိမှာပါ၊ စေတီသုံးဆူစလုံးကို ပြန်လည်ပြုပြင်ဖို့ ရွာထဲက ဒါယကာ ဒါယိကာမတွေလုပ်အားနဲ့ လိုင်းကျင်းတွေတော့ တူးပြီးပါပြီ၊ အလှူရှင်ရှိရင်တော့ စပြီး တည်မှာပါ"ဟု ဆရာတော်က မိန့်ကြားသည်။

အဆိုပါ ရှေးဟောင်းစေတီသုံးဆူနှင့် ဘုရားဆင်းတုတော်များ တွေ့ရှိမှုအပေါ် မြန်မာမှုဗိသုကာပညာရှင် တမွဝတီ ဦးဝင်းမောင်ကလည်း "ဒီရှေးဟောင်းဆင်းတုတော်တွေက လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ နီးပါးက ညောင်ရမ်းခေတ်လက်ရာတွေ ဖြစ်ပါတယ်၊ အထူးခြားဆုံးက ဒီဆင်းတုတော်တွေထဲမှာ သလင်းသားနဲ့ထုထားတဲ့ ဆင်းတုတော်တစ်ဆူ ပါဝင်နေတယ်၊ ဒီလိုအသားနဲ့ထုထားတဲ့ ပုံတော်က တွေ့ရခဲပါတယ်"ဟု ၎င်းက ပြောသည်။

ရှေးဟောင်းဘုရားစေတီ သုံးဆူ၏ သက်တမ်းကို အတိအကျ မသိရှိသော်လည်း အဆိုပါကျေးရွာ၏ ဘုရားပွဲတော် ပျော်ပွဲရွှင်ပွဲများကို ငယ်စဉ်ကတည်းက အဆိုပါစေတီသုံးဆူအနီးတွင် ကျင်းပလေ့ရှိပြီး ပွဲတော်ချိန်မဟုတ်သည့်ကာလများတွင် ချုံနွယ်များဖြင့် ပျောက်ကွယ်နေလေ့ရှိကြောင်း သိရသည်။

"ဒီစေတီ သုံးဆူက ကျွန်မတို့ငယ်ငယ်လေးကတည်းက အခုမြင်တဲ့အတိုင်း ငုတ်တိုလေးတွေ တွေ့နေရတာပါ၊ စေတီတစ်ဆူရဲ့ ထိပ်မှာ ညောင်ပင်လေးပေါက်နေတာလည်း တွေ့ရတယ်၊ ဒီညောင်ပင်က တဖြည်းဖြည်းကြီးလာပြီး စေတီကိုဖုံးအုပ်ထားလို့ စေတီက ပျောက်ကွယ်နေတာပါ"ဟု ဒေသခံရွာသူ ဒေါ်ခင်လှိုင်က ပြောသည်။

အဆိုပါစေတီသုံးဆူအနက် ညောင်ပင်ကြောင့် ပျက်စီးသွားသည့် စေတီမှ တွေ့ရှိသည့် ရုပ်ပွားတော်များကို ဌာပနာသွင်းပူဇော်၍ အသစ်ပြန်လည်တည်ထားကိုးကွယ်မည်ဖြစ်ပြီး ကျန်ရှိသည့် စေတီနှစ်ဆူကိုလည်း ရှေးမူမပျက် ပြန်လည်ပြုပြင်သွားမည်ဖြစ်ကာ စေတီ သုံးဆူကို ဉာဏ်တော် ၂၇ ပေ၊ အောက်ခံပလ္လင်တော် ၂၇ ပေအရွယ်ရှိ စေတီများ တည်ထားကိုးကွယ်သွားမည်ဖြစ်သောကြောင့် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်တွင်းရေးရာ

✪ ရွှေဖုံးမှ

ရှင်းလင်းတင်ပြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပိုးစာပင်စိုက်ပျိုးခြင်းဖြင့် ဒေသခံမိသားစုဝင်များ၏ ဝင်ငွေကို တိုးတက်စေမည့်အပြင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးလုပ်ကိုင်နိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ပိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသည့်ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့နိုင်မည့် ပိုးချည်ထုတ်လုပ်မှုစက်ရုံများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုးစာစိုက်တောင်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ပဈေးကွက်၌ ပိုးချည်မျှင် ဝယ်လိုအားသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ပြည်တွင်း၌ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ခိုင်မာသောဈေးကွက်ရရှိရေးကို ဌာနဆိုင်ရာများက ပံ့ပိုးဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ အလားတူ ပိုးချည်မျှင်အပြင် ပိုးစာမှ တစ်ဆင့် အခြားသောတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြုသွားရန် လိုအပ်ပါကြောင်း မှာကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ ရိဒ်ခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ ဇိုးခေါထာရ်းမြို့တို့ကို ဆက်သွယ်ထားသည့် နယ်စပ်ကုန်သွယ်ရေးတံတားကို လှည့်လည်ကြည့်ရှုစဉ်။

### အရင်းကျေမည်

မြန်မာနိုင်ငံတွင် ပိုးစာသီးနှံကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိရာ စိုက်ဧကစုစုပေါင်း ၆၄၃၇ ဒသမ ၉၈ ဧကရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ပိုးစာသုတေသနခြံနှင့် ပိုးစာခြံများမှ ပိုးဥမွေးမြူမှု ၂၃၁ ကတ်ရှိပြီး ပိုးအိမ်ထုတ်လုပ်မှုမှာ ၁၁၈၆၈ ပေါင် ထွက်ရှိသည်။ ပိုးစာတစ်ဧက စိုက်ပျိုးပါက ပထမနှစ်တွင် စိုက်ပျိုးစရိတ် ငွေကျပ်ရှစ်သိန်းခွဲ၊ ဒုတိယနှစ်တွင် ပြုပြင်ထိန်းသိမ်းစရိတ်နှင့် ပိုးဥ ခြောက်ကတ် မွေးမြူစရိတ် စုစုပေါင်းငွေကျပ် ၉၇၈၀၀၀ ကုန်ကျပြီး ယင်းနှစ်မှာပင် ပိုးဥ ခြောက်ကတ်မှထွက်ရှိမည့် ပိုးအိမ် ပေါင် ၆၀၀ ကို တစ်ပေါင်လျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် ရောင်းချပါက ငွေကျပ် ၁၃၂၀၀၀၀ ရရှိမည်ဖြစ်၍ ဒုတိယနှစ်မှာပင် အမြတ်ငွေကျပ် ၃၄၂၀၀၀ ရရှိမည်ဖြစ်ရာ နှစ်နှစ်ခွဲကာလအတွင်း အရင်းကျေမည်ဖြစ်ကြောင်း သိရသည်။

### စဉ်ဆက်မပြတ်စစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် တီးတိန်-ရိဒ်လမ်းနှင့် ရိဒ်-ဖလမ်းလမ်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မံဆောင်းကျေးရွာအနီး ခွင့်ပြုတန်ချိန် ၁၆ တန်ရှိ မဏိပူရမြစ်ကူး ပေ ၃၆၀ အရှည် မံဆောင်းကြိုးတံတား၏ ကြံ့ခိုင်ကောင်းမွန်မှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်း၊ တံတားများ၏ ကြံ့ခိုင်ကောင်းမွန်မှုနှင့် လမ်းပိတ်ဆို့မှုများ မဖြစ်အောင် စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တီးတိန်မြို့နယ် လိုင်တွီးကျေးရွာသို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြပြီး ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တီးတိန်မြို့နယ် ဟိုင်မွာလ်ရွာသစ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး နယ်စပ်ကုန်သွယ်မှုနှင့် စခန်း၏လုပ်ငန်းဆောင်ရွက်နေမှုတို့ကို စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်ပပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မကြာမီက အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် နှစ်နိုင်ငံအကြား ကူးသန်းသွားလာမှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းများ အဆင်ပြေမှုရှိအောင် အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့နယ် သီးဘွာလ်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူတစ်ဦးကို အားပေးစကားပြောကြားစဉ်။

**ရိဒ်ရေကန်သည် ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့အနီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၉၇ ပေတွင် တည်ရှိပြီး ရေကန်၏အကျယ်မှာ နှစ်မိုင်ကျော်ခန့်ရှိသည်။ ရိဒ်ရေကန်ကို အေဒီ ၁၅၀၀ ခန့်က စတင်တွေ့ရှိခဲ့ပြီး ချင်းပြည်နယ်ရှိ တန်ဖိုးမဖြတ်နိုင်သော ခရီးသွားဒေသတစ်ခုအဖြစ်လည်းကောင်း၊ ဒေသတွင်း ရိုးရာယုံကြည်ကိုးကွယ်မှုအဖြစ်လည်းကောင်း နိုင်ငံတကာတွင် ထင်ရှားသည့် ရေကန်တစ်ခုဖြစ်သည်။**

### ထောက်ပံ့ငွေများပေးအပ်

ရိဒ်ကုန်သွယ်ရေးစခန်းကို ချင်းပြည်နယ် တီးတိန်မြို့နယ် ဟိုင်မွာလ်ရွာသစ်ရှိ မြေဧရိယာ ၄ ဒသမ ၈၁၄ ဧကတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၁၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၃၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃၅၀ သန်းရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကာလတူ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆၅၂ သန်းရှိ၍ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၉၈ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရိဒ်ခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ ဇိုးခေါထာရ်းမြို့တို့ကို ဆက်သွယ်ထားသည့် နယ်စပ်ကုန်သွယ်ရေးတံတား၊ တံတားအနီး မြေထိန်းနံရံနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ရိဒ်ခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက်တွင် ဧပြီ ၁၆ ရက် မီးလောင်မှုဖြစ်စဉ်ကြောင့် မီးဘေးသင့်အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

### တန်ဖိုးမဖြတ်နိုင်သော ခရီးသွားဒေသ

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဖလမ်းခရိုင် ရိခေါဒါရ်မြို့ အမှတ်(၁)ရပ်ကွက်အနီးရှိ ရိဒ်ရေကန်သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ရိဒ်ရေကန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ရိဒ်ရေကန်သည် သဘာဝတရားမှ ပေးအပ်သည့် အကောင်းဆုံးလက်ဆောင်ကို ရရှိထားခြင်း ဖြစ်ပြီး ဌာနဆိုင်ရာများမှ သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်နေမှုကို ဒေသခံပြည်သူများက ဒေသချစ်စိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရိဒ်ဒေသအား ခရီးသွားလုပ်ငန်း၏ ခရီးစဉ်အသစ်တစ်ခုအဖြစ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရာတွင် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားအကျိုးဖြစ်ထွန်းအောင်လည်း ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမဖြစ်အောင် ဒေသခံပြည်သူများနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ရိဒ်ရေကန်သည် ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့အနီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၉၇ ပေတွင် တည်ရှိပြီး ရေကန်၏ အကျယ်မှာ နှစ်မိုင်ကျော်ခန့်ရှိသည်။ ရိဒ်ရေကန်ကို အေဒီ ၁၅၀၀ ခန့်က စတင်တွေ့ရှိခဲ့ပြီး ချင်းပြည်နယ်ရှိ တန်ဖိုးမဖြတ်နိုင်သော ခရီးသွားဒေသတစ်ခုအဖြစ်လည်းကောင်း၊ ဒေသတွင်း ရိုးရာယုံကြည်ကိုးကွယ်မှုအဖြစ် လည်းကောင်း နိုင်ငံတကာတွင် ထင်ရှားသည့် ရေကန်တစ်ခုဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဖလမ်းမြို့နယ် သီးဘွာလ်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး စာမျက်နှာ ၉ သို့ »»




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့နယ် ဆူရ်ဘုန်တောင်ကြောရှိ ဆူရ်ဘုန်(ဖလမ်း)လေဆိပ်သစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

>>> စာမျက်နှာ ၈ မှ
ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးနေမှုကို လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှုခံယူနေကြသူများကို အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဖလမ်းမြို့နယ် ဆူရ်ဘုန်တောင်ကြောရှိ ဆူရ်ဘုန်(ဖလမ်း) လေဆိပ်သစ် ပထမအဆင့် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်မှ ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ အသုံးပြုရန် လိုအပ်သည့် ရေကို မိုးတွင်းကာလတွင် ကြိုတင်စုဆောင်း သိုလှောင်သွားရန် လိုအပ်ပါကြောင်း၊ လေယာဉ်ကွင်း တည်ဆောက်ရာတွင် မြေသားသိပ်သည်းမှုရှိစေရေးနှင့် မြေထိန်းနံရံ ခိုင်ခံ့မှုရှိအောင် အထူးအလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းခွင် အချိန်မီပြီးစီးရေးနှင့် ရေရှည်ခိုင်ခံ့ပြီး အရည်အသွေးပြည့်မီသည့် လေယာဉ်ကွင်းတစ်ခု ဖြစ်အောင် ချိန်ညှိဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစီးမှုနှင့် မြေထိန်းနံရံ(၂) တည်ဆောက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆူရ်ဘုန်(ဖလမ်း)လေဆိပ်သစ်စီမံကိန်းကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေယာဉ်ပြေးလမ်း ပေ (၆၀၀၀ × ၁၀၀) တည်ဆောက်ရန်အတွက် မြေတူး၊ မြေဖြတ်၊ မြေဖို့ခြင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာယဉ်ကျေးမှုအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# သီလဝါဆိပ်ကမ်းဒေသရှိ Elite Terminal အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားနှင့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန် ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဒေသရှိ Elite Terminal အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားနှင့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန် ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက သီလဝါဆိပ်ကမ်းဒေသရှိ Elite Petrochemical Co.,Ltd. ၌ ကျင်းပသည်။

ရှေးဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာနိုင်ငံတွင် ပုဂ္ဂလိက စက်သုံးဆီတင်သွင်းဖြန့်ဖြူးခွင့်ကို ၂၀၁၀ ပြည့်နှစ်က စတင်ခွင့်ပြုခဲ့ပြီး ပုဂ္ဂလိက LPG တင်သွင်းဖြန့်ဖြူးခွင့်ကိုလည်း ၂၀၁၁ ခုနှစ်မှစပြီး ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များကို LPG Terminal များတည်ဆောက်ရန်တွန်းအားပေးခဲ့ရာ Elite Petrochemical Co.,Ltd. က တည်ဆောက်ပြီးစီးသဖြင့် မိမိတို့ဝန်ကြီးဌာနက ယခုနှစ် ဧပြီ ၁၈ ရက်တွင် ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း၍ တင်၊ ချ ဆိပ်ခံတံတားအပါအဝင် သိုလှောင်ဖြန့်ဖြူးခြင်းလိုင်စင်ကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံအတွက်လိုအပ်သော LPG Terminal အသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း၊ LPG သည် သန့်ရှင်းသောလောင်စာအမျိုးအစားဖြစ်ပြီး ထင်း၊ မီးသွေးနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲသည့် နေရာများတွင် အစားထိုးသုံးစွဲနိုင်ပါက ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတို့ကို လျှော့ချနိုင်သည့်အပြင် လျှပ်စစ်စွမ်းအင်ကို အခြားလိုအပ်သည့် နေရာများ၌ အပြည့်အဝအသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် LPG တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ တစ်နေ့ပျမ်းမျှရေနံဓာတ်ငွေ့ရည် ၁၁ တန်ခန့်နှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)မှ တစ်နေ့ပျမ်းမျှရေနံဓာတ်ငွေ့ရည် ၁၂ တန်ခန့် ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိ၍ ပြည်ပမှ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ Elite Petrochemical Co., Ltd. သည် ရေနံဓာတ်ငွေ့ရည်လုပ်ငန်း လုပ်ကိုင်ရန် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ရရှိခဲ့ပြီး LPG တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် LPG Terminal တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ရာ ယနေ့အချိန်တွင် ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း၍ တင်၊ ချ ဆိပ်ခံတံတား အပါအဝင် သိုလှောင်စခန်းဖြင့် သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။




မြန်မာနိုင်ငံတွင် LPG ကို မီးဖိုချောင်သုံးအတွက်သာမကဘဲ CNG ကဲ့သို့ မော်တော်ယာဉ်များတွင် သုံးစွဲလာနိုင်ရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Elite Petrochemical Co.,Ltd. မှ Executive Chairman ဦးအောင်သက်မန်းက Elite Terminal အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားနှင့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် Elite Terminal အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားနှင့် ရေနံဓာတ်ငွေ့ရည် သိုလှောင်ကန်ဖွင့်ပွဲအခမ်းအနားကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် Elite Petrochemical Co.,Ltd. မှ Executive Chairman ဦးအောင်သက်မန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် Elite Petrochemical Co., Ltd. ၏ ထိန်းချုပ်ခန်း (Control Room) အတွင်း ဓာတ်ငွေ့ရည် ထိန်းချုပ်ဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးလက်ကုန်ထုတ်လမ်းနှင့် မြေသားကန်တူးဖော်နေမှုများ ကွင်းဆင်းစစ်ဆေး

**လွိုင်လင် မေ ၁၉**

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်း(နည်းပညာ)၊ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ ခရိုင်ဦးစီးမှူး ဦးစိုးမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာမင်း(နည်းပညာ)တို့သည် မေ ၁၅ ရက် နံနက် ၁၀ နာရီက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးသီးမြို့နယ် မိုင်းနင်ကျေးရွာအတွက် အရှည်နှစ်မိုင် လမ်းအကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ ကျေးလက်လယ်ယာကုန်ထုတ်လမ်း ဖောက်လုပ်မည့် မူလမြေသားလမ်းအခြေအနေများကို ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ပန်ကိုင်းကျေးရွာနှင့် ဝမ်နားကျေးရွာတို့တွင် (၅၀×၅၀×၆)ပေ မြေသားရေကန်တူးဖော်မည့် မြေအနေအထားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က အသစ်ဆောက်လုပ်ခဲ့သည့် (၆၄× ၆၄× ၁၂)ပေရှိ မြို့နယ်ရုံးသစ်နှင့် (VDP) အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သည့် မိုင်းနင်ကျေးရွာ အမှတ်(၁)၊ အမှတ်(၂) ကွန်ကရစ်တံတားနှစ်စင်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**ရန်ကုန် မေ ၁၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြင့်စေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ရန်ကုန်မြို့သစ်စီမံကိန်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းတို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ယင်းနောက် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်ကာ ဈေးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းရှိ ရွှေစေတီအား ဖူးမြော်ကြည်ညိုကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးသန်းဇော်က ရွှေတိဂုံစေတီတော်၏သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် ကျောက်စိမ်းဘုရားကို ဖူးမြော်ကြည်ညိုပြီး ဗုဒ္ဓဝင်ပြတိုက်နှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ

**✻ ကျောဖုံးမှ**

ထို့နောက် ကိုင်းကြီး(မြို)ကျေးရွာအတွက် ဆောက်လုပ်လှူဒါန်းထားသော ကျေးရွာအိမ်ရာများကို ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်များနှင့်အဖွဲ့သည် ကိုင်းကြီး(မြို)ကျေးရွာအတွင်း ဆောက်လုပ်ထားသော နေအိမ်များအား လှည့်လည်ကြည့်ရှုကြပြီး အဆိုပါ ကျေးရွာအတွက် လှူဒါန်းထားသော ဆိုလာမီးများနှင့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်သည်။

"ဒီနေ့မှာတော့ တိုင်းရင်းသားတွေအတွက် လိုအပ်နေတဲ့ နေအိမ်တွေကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ဒေသခံတွေ၊ လုပ်ငန်းရှင်တွေ အားလုံးပူးပေါင်းပြီးတော့ လှူဒါန်းတဲ့ပွဲဖြစ်ပါတယ်၊ နောက်ထပ်လည်း ဒီမှာ လိုအပ်ချက်ရှိရင်ရှိသလို လှူဒါန်းပေးသွားမှာဖြစ်ပါတယ်၊ ဥပမာ ကျောင်းတွေ၊ စာရေးကိရိယာတွေ၊ ဆိုလာမီးတွေ၊ အခြားလူမှုရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေ လိုအပ်တာရှိရင် ထပ်ပြီးတော့ ကူညီပံ့ပိုးပေးသွားမှာပါ၊ အခုကတော့ ဒီနေရာက တစ်ကမ္ဘာလုံးက အာရုံစိုက်နေတာဖြစ်တဲ့အတွက် တိုင်းရင်းသားတွေ စုစုစည်းစည်းနဲ့ နေထိုင်တတ်တဲ့ ပုံစံလေးဖြစ်အောင် မိမိရဲ့ တိုင်းရင်းသားရိုးရာစာပေတွေကို ထိန်းသိမ်းပြီးတော့ နိုင်ငံတော်က ရည်မှန်းဖော်ဆောင်နေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးမှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ကြပါစေလို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဆိုပါ အခမ်းအနားအပြီးတွင် ပြောကြားသည်။

ကိုင်းကြီး(မြို)တိုင်းရင်းသားကျေးရွာရှိ နေအိမ် ၆၄ လုံးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၉ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ အဆိုပါ နေအိမ်များမှာ RC၊ Steel Structure အမျိုးအစားဖြစ်ပြီး တစ်လုံးလျှင် ငွေကျပ် ၉၅ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၆၀၀၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

**ဇင်ဦး၊ နိုင်လင်းကြည်၊ ဓာတ်ပုံ-သီဟစည်သူ**

# မြန်မာနိုင်ငံအပါအဝင် နိုင်ငံခုနစ်နိုင်ငံမှ ကျောင်းသား ကျောင်းသူများ တရုတ်နိုင်ငံသို့ လေ့လာရေးသွားရောက်

**ပေကျင်း မေ ၁၉**

တရုတ်နိုင်ငံ ပရဟိတအသင်းချုပ်၏ Belt and Road, Hand to Hand အစီအစဉ်အဖြစ် နိုင်ငံခုနစ်နိုင်ငံမှ ကျောင်းသားများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မေ ၁၃ ရက်မှ ၂၅ ရက်အထိ ဖိတ်ခေါ်ကာ ချစ်ကြည်ရေး၊ လေ့လာရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း အစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက် နံနက်ပိုင်းက Beijing New Talent Academy တွင် ခုနစ်နိုင်ငံ ကျောင်းသားကျောင်းသူများ၏ My Mother Land, My Dream စကားသံများ ပြောကြားခြင်းနှင့် သက်ဆိုင်ရာ သံအမတ်ကြီးများက ကျောင်းသား ကျောင်းသူများ၏ စကားသံများ နားထောင်သောဖိုရမ်ကို ကျင်းပသည်။

ချစ်ကြည်ရေးခရီးစဉ်တွင် ပါဝင်သော တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာ၊ မွန်ဂိုလီးယား၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများမှ ကျောင်းသား ကျောင်းသူတစ်ဦးစီက My Mother Land, My Dream ခေါင်းစဉ်ဖြင့် ပြောကြားရာ မြန်မာနိုင်ငံမှ ကျောင်းသူ မယုယနိုင်က "မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်း လိုချင်နေတဲ့ အိပ်မက်တစ်ခု ရှိပါတယ်၊ အဲဒါကတော့ နိုင်ငံတစ်ဝန်း ငြိမ်းချမ်းစေလိုတာဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံအလိုက် သံအမတ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ၏ စကားသံများ မေးမြန်းခဲ့ကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာကျောင်းသား ကျောင်းသူများ ရင်းနှီးစွာ မေးမြန်းဖြေကြားကြသည်။

သံအမတ်ကြီး ဦးသစ်လင်းအုန်းက "တရုတ်နိုင်ငံ ပရဟိတအသင်းချုပ်ရဲ့ စီစဉ်မှုနဲ့ ဒီခရီးစဉ်က မြန်မာနိုင်ငံတင်မက One Belt One Road လမ်းတစ်လျှောက်ရှိ တခြားနိုင်ငံများက ကျောင်းသား ကျောင်းသူတွေကိုပါ ချစ်ကြည်ရင်းနှီးစေပါတယ်၊ ခရီးစဉ်မှာပါဝင်တဲ့ မြန်မာနိုင်ငံအပါအဝင် အားလုံး တရုတ်နိုင်ငံမှာ ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နဲ့ ခရီးစဉ်ပြီးဆုံးတဲ့အထိ အတူတကွ ပါဝင်ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်တောင်းပါတယ်"ဟု ပြောသည်။




ခရီးစဉ်အား မေ ၁၃ ရက်က စတင်ခဲ့ပြီး ရှီးအန်းမြို့တွင် ထင်ရှားကျော်ကြားသောနေရာများသို့ လေ့လာရေးခရီးများ သွားရောက်ပြီး ဒေသခံကျောင်းများသို့လည်း သွားရောက်လေ့လာကာ ကျောင်းသား ကျောင်းသူများ အချင်းချင်း ရင်းနှီးစွာ စုပေါင်းပန်းချီဆွဲခြင်း၊ အတူတကွ မိတ်ဖွဲ့ခြင်းများ ဆောင်ရွက်ကြသည်။ အနုပညာယဉ်ကျေးမှု ဖျော်ဖြေမှုများအား ကြည့်ရှုလေ့လာကြပြီး ရှီးအန်းမြို့မှ မေ ၁၅ ရက် ညနေပိုင်းတွင် တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ ရောက်ရှိကြသည်။

ပေကျင်းမြို့၌ မေ ၁၆ ရက် နံနက်ပိုင်းက Tiananmen square တွင် အလံတင်အခမ်းအနားအား တက်ရောက်ကြည့်ရှုပြီး ပေကျင်းနန်းတော်အား လေ့လာကြသည်။ မေ ၁၇ ရက်တွင် ပေကျင်းပါရီအလယ်ကျောင်းသို့ မြန်မာကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာပြီး လက်ဆောင်ဖလှယ်ခြင်း၊ အတူတကွ ပန်းချီဆွဲခြင်းများ ဆောင်ရွက်ကြသည်။ ညနေပိုင်းတွင် မဟာတံတိုင်းသို့ လေ့လာရေးသွားရောက်ခဲ့ကြသည်။

ဆက်လက်၍ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပုကျိုး၊ ဟန်ကျိုး၊ ကျူးဟိုင်နှင့် ကွမ်ကျိုးမြို့တို့သို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

**▼ မြန်မာအမျိုးသမီးမှ**

ဦးစားပေးအသုံးပြုခဲ့သည်။ ယင်းခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခဲ့ပြီး မြန်မာအမျိုးသမီးအသင်းသည် ပထမပိုင်းနှင့် တတိယပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ၅ မိနစ်တွင် ဝင်းသီဂီထွန်းနှင့် ၈၁ မိနစ်တွင် နော်အားလိုဝါးဖောတို့က သွင်းယူပေးခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၂၂ ရက်တွင် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး တောင်ကြီးခြေစမ်းခရီးစဉ်နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၂၁ ရက်တွင် ကယားလက်ရွေးစင်ဟောင်းများ အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# သစ်စိမ်းမြေဩဇာမျိုးစေ့ ကြဲပက်ခြင်းလုပ်ငန်း ဆောင်ရွက်

**ပန်းတနော် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဆီလွှာအာဟာရ ဓာတ်ခွဲစစ်ဆေးခြင်း၊ စစ်ဆေးမှုမှတ်တမ်းပေးအပ်ခြင်း၊ မြေဆီလွှာပြုပြင်ရမည့် လုပ်ငန်းများအား ပညာပေးခြင်းနှင့် မြေဆီလွှာတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ ထည့်သွင်းအသုံးပြုရန် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကို မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု တောင်သူဦးမြင့်ဦးအား ပေးအပ်ခဲ့ပြီး တောင်သူလယ်မြေတွင် (ပိုက်ဆံလျှော်) မျိုးစေ့ ကြဲပက်ခြင်းလုပ်ငန်းကို မေ ၁၇ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**

# မိသားစုလုံခြုံမှုနဲ့ စားဝတ်နေရေးအဆင်ပြေဖို့ ဆောင်ရွက်ပေးစေလိုပါတယ်

**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းမှ မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား (နယ်စပ် မှတ်တိုင် ၃၄ အနီး)တွင် နေထိုင်ခဲ့သော မောင်တောမြို့နယ် တောင်ပြိုလက်ယာကျေးရွာနေ အဲဖ်တာအာလွမ် အပါအဝင် မိသားစုဝင် ငါးဦးသည် စားဝတ်နေရေး အခက်အခဲရှိပြီး ကျန်းမာရေးဆိုးရွားစွာဖြင့် ဒုက္ခမျိုးစုံ ခံစားနေရသဖြင့် နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုပါရန် တင်ပြခဲ့သည်။ အဆိုပါတင်ပြချက်အပေါ် အဆင့်ဆင့်တင်ပြခဲ့ရာ တရားဝင်လက်ခံရေးစခန်းမှတစ်ဆင့် ဝင်ရောက်ခွင့် ရရှိခဲ့ပြီး ဧပြီ ၁၃ ရက်တွင် တောင်ပြိုလက်ဝဲ ဝင်ထွက်ဂိတ်(နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီး)မှ တောင်ပြိုလက်ဝဲ စိစစ်ရေးစခန်းသို့ အဲဖ်တာအာလွမ်နှင့် မိသားစုများ ရောက်ရှိခဲ့ကြသည်။ ၎င်းတို့မိသားစုအား ဧပြီ ၁၅ ရက်တွင် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် ဖြစ်စဉ်မှာ ခင်ဗျားအနေနဲ့ ဒါမှမဟုတ် ခင်ဗျားရဲ့ မိသားစုဝင်တစ်ဦးဦး ပါဝင် ပတ်သက်ခဲ့တာရှိသလား။**

ဖြေ။ ။ကျွန်တော်နဲ့ မိသားစုဝင် တစ်ဦးတစ်ယောက်မှ အဲဒီဖြစ်စဉ်မှာ ပါဝင်ခဲ့ခြင်းမရှိပါ။

**မေး။ ။မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မျဉ်း မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား (နယ်စပ် မှတ်တိုင်-၃၄ အနီး)ကို ဘယ်နေ့က ဘာအတွက်ကြောင့် ထွက်ခွာသွားခဲ့တာလဲ။**

ဖြေ။ ။ဖြစ်စဉ်ဖြစ်ပွားပြီး ၁၂ ရက်အကြာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၆ ရက်မှာ ထွက်သွားခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော် ရွာကထွက်ခွာလာစဉ် ရွာမှာ ရွာသူ၊ ရွာသား တစ်ဦးမှ မရှိတော့ပါဘူး။ ရွာတွင်ရှိနေတဲ့ ARSA အဖွဲ့က ဖွဲ့စည်းပေးထားတဲ့ ငါးဦးကော်မတီ(ရွာကိုအုပ်ချုပ်နေသူများ)ဖြစ်တဲ့ မော်လဝီအာဖတ်၊ မော်လဝီဟာမိတ်၊ မော်လဝီ ဇာဟိတ်ဟူဆောင်း၊ မော်လဝီ အာယုပ်၊ မော်လဝီဟာဇတ် ဂျော်ဂျီမူလာတို့အနက် မော်လဝီအာဖတ်က ဦးဆောင်ပါတယ်။ ကျွန်တော်အုပ်ချုပ်ရေးမှူးအနေနဲ့ လုပ်ပိုင်ခွင့်မရှိပါဘူး။ သူတို့ ငါးဦးက အုပ်ချုပ်လွှမ်းမိုးထားပါတယ်။ ညပြဿနာဖြစ်ပြီး နောက်တစ်နေ့နံနက်မှာ ရွာသူရွာသားတွေ နယ်စပ်ခြံစည်းရိုးအပြင်ဘက်ကို ရောက်သွားပါတယ်။ ကျေးရွာမှာ ကျန်ရှိသူအချို့နဲ့ ARSA အဖွဲ့တွေ ပူးပေါင်းပြီး မိုင်းထောင်ကာ တောင်ပြိုယာစခန်းကို ဩဂုတ်လ ၂၆၊ ၂၇ ရက်မှာ မိုင်းခွဲတိုက်ခိုက်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အင်အား ၃၀ လောက်ရှိပါတယ်။ ကျေးရွာသားတွေက တဖြည်းဖြည်းပြောင်းရွှေ့ကြပါတယ်။ သူတို့ပိုင်ပစ္စည်းတွေနဲ့ ကျွဲ၊ နွားတွေကို ရွှေ့ပြောင်းခဲ့ကြတယ်။ မိုင်တိုင်အမှတ် ၃၅၊ ၃၆ ဝန်းကျင်မှာ နေထိုင်ပြီး ဘင်္ဂလားဒေ့ရှ်သို့ ပြောင်းရွှေ့ခဲ့ကြပါတယ်၊ စက်တင်ဘာ ၁၇ ရက်မှာ ရွာမှာ လူမရှိတော့ဘဲ တစ်ဖက်နိုင်ငံကို အားလုံးရောက်ရှိသွားခဲ့ပါတယ်။ BGB က တစ်ဖက်နိုင်ငံကို ကူးခွင့်မပေးပါဘူး။ ရက် ၂၀ လောက်အကြာမှာ ICRC နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ ရောက်လာပြီး ICRC က ဆန်၊ ဆီ၊ ဆား၊ သကြား၊ ဂျုံတို့ကို ထောက်ပံ့ပေးခဲ့ပါတယ်။ အဲဒီနေရာက ဒုက္ခသည်တွေနေဖို့ နေရာမဟုတ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းပိုင်းကို ဝင်ရောက်ဖို့ အချို့သူတွေက စဉ်းစားခဲ့ကြပါတယ်။ အချို့က လက်ရှိနေရာမှာသာ ဆက်နေထိုင်လိုကြပါတယ်။ တစ်ဖက်နိုင်ငံ BGB ကလည်း ဒုက္ခသည်စခန်းကို မသွားဘဲ Boundary Line အတွင်းမှာပဲ နေထိုင်ဖို့ ပြောကြားခဲ့ပါတယ်။

**မေး။ ။BGB တာဝန်ရှိသူ ဘယ်အဆင့်က ပြောဆိုတားမြစ်တာလဲ။**

ဖြေ။ ။စခန်းမှူးအဆင့်ရှိသူက တားမြစ်ခြင်းဖြစ်ပါတယ်။

**မေး။ ။ဘာအတွက် တားမြစ်တာလို့ ထင်သလဲ။**

ဖြေ။ ။သူ့ရည်ရွယ်ချက်ကိုသိရသလောက်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ ဒုက္ခသည်တွေ လက်ခံရေးမှာ မိမိနိုင်ငံပိုင်နက်အတွင်းရှိနေသူများကို လက်မခံဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဒုက္ခသည်များကိုသာ တောင်းခံနေတယ်လို့ နိုင်ငံတကာမြင်စေဖို့ ဆောင်ရွက်ခြင်းဖြစ်နိုင်ပါတယ်။

**မေး။ ။နေထိုင်တဲ့ Boundary Line နေရာမှာ မြန်မာနိုင်ငံပိုင်နက်အတွင်း ကျရောက်နေတယ်ဆိုတာကို အဲဒီနေရာမှာ နေထိုင်သူများသိရှိကြသလား။**

ဖြေ။ ။အစကမသိပေမယ့် ပြဿနာတက်လာချိန်မှာ သိရှိလာပါတယ်။

**မေး။ ။မိမိတို့အကြီးအကဲတွေလာရောက်စဉ်က ပြောဆိုခဲ့တာတွေကို Boundary Line မှာ နေထိုင်တဲ့သူတွေကို စကားပြန်က အပြည့်အစုံ ပြန်လည်ပြောဆိုခဲ့မှုရှိပါသလား။**

ဖြေ။ ။အကြီးအကဲတွေလာရောက်စဉ်က ပြောဆိုခဲ့မှုများနဲ့ ပတ်သက်ပြီး ပြောပြပါတယ်။ ဒါပေမယ့် ရှင်းရှင်းလင်းလင်းပြောဆိုမှုမရှိပါဘူး။ တချို့နားလည်သူတွေသာ သွားရောက်နားထောင်ပါတယ်။

**မေး။ ။ပြည်ထဲရေး ဒုတိယဝန်ကြီး လာရောက်စဉ်က ရှင်းလင်းပြောဆိုမှုနောက်ပိုင်း ဘာအတွက်တစ်ဖက်နိုင်ငံကို ထွက်ခွာသွားတာတွေ ဖြစ်ပေါ်တာလဲ။**

ဖြေ။ ။နှစ်နိုင်ငံ ဖေဖော်ဝါရီ ၂၀ ရက်က ပြုလုပ်ခဲ့တဲ့ အလံတင် အခမ်းအနားပြီးတော့ BGB (၃၄)တပ်ရင်းမှူးက ကျွန်တော်တို့အဖွဲ့ကို ခေါ်ယူတွေ့ဆုံပြီး မြန်မာနိုင်ငံကို ပြန်ဖို့နဲ့ မြန်မာနိုင်ငံဥပဒေနဲ့အညီ နေထိုင်ကြဖို့ ပြောဆိုခဲ့မှုအပေါ် မြန်မာနိုင်ငံကို အတင်းအဓမ္မပြန်လည်ပို့ဆောင်မယ်လို့ ထင်မြင်လို့ ထွက်ပြေးကြတာဖြစ်ပါတယ်။



**ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင် ငါးဦးကို တွေ့ဆုံမေးမြန်း သတင်းရယူကြစဉ်။**

**မေး။ ။ကျွန်တော်တို့လာရောက်တုန်းကINGOs မှ ထောက်ပံ့ပစ္စည်းတွေ သယ်နေကြတာ မြင်တွေ့ခဲ့ရတယ်။ INGOs က လာရောက်ထောက်ပံ့မှုကို တစ်ဖက်နိုင်ငံက ခွင့်ပြုထားသလား၊ ဘာပစ္စည်းတွေ ထောက်ပံ့ပေးခဲ့သလဲ။**

ဖြေ။ ။ INGOs က ထောက်ပံ့တာကို BGB ကို သတင်းပို့ပြီးမှ ထောက်ပံ့တာဖြစ်ပါတယ်။ ထောက်ပံ့ရာမှာ အဖွဲ့ ဖွဲ့စည်းထားပြီး အဲဒီအဖွဲ့မှာ နူရ်ဟောက်(တောင်ပြိုလက်ယာ)၊ နေလင်းအောင်(တောင်ပြိုလက်ယာ)၊ မဲဒီရွာမှတစ်ဦးနဲ့ အခြားရွာသားတစ်ဦးတို့ ပါဝင်ပါတယ်။ အဲဒီအဖွဲ့က ထောက်ပံ့ပစ္စည်းတွေကို လက်ခံယူပြီး ခေါင်းဆောင်မာဇီးက ၂၅ ဦးခန့်ကို ခွဲဝေပေးပါတယ်။ ခေါင်းဆောင်တွေက မိမိတို့အဖွဲ့မှာရှိတဲ့ အိမ်ထောင်စုတွေကို ဖြန့်ဝေပေးပါတယ်။ ICRC က ၁၅ ရက်စာ တစ်ကြိမ် ပုံမှန်ထောက်ပံ့မှုရှိပြီး တစ်ကြိမ်ကို ဆန် ၂၅ ကီလို၊ ဆီ လေးလီတာ၊ ပဲ လေး Kg ထောက်ပံ့ပါတယ်။ မိသားစုတစ်စုကို မိသားစုဝင် ၁၀ ဦး၊ ၁၅ ဦး ခန့်ရှိကြပေမယ့် အဲဒီနေရာမှာ မိသားစု သုံးဦး၊ လေးဦး၊ ငါးဦး စသဖြင့် ခွဲထားတဲ့အတွက် ရိက္ခာလောက်ငမှု ရှိပါတယ်။တစ်ခါတစ်ရံ ဆော်ဒီ၊ တူရကီနိုင်ငံတို့က ထောက်ပံ့ပေးမှုတွေရှိပါတယ်။ BGB အနေနဲ့ INGOs တွေဆီက ရယူထားတဲ့ ရိက္ခာတွေကို ပေးကမ်းပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရရဲ့ ခွင့်ပြုချက်နဲ့ လာရောက်ထောက်ပံ့ကြခြင်းဖြစ်ပါတယ်။

**မေး။ ။ ကျန်းမာရေးစောင့်ရှောက်ပေးမှုတွေရောရှိသလား။**

ဖြေ။ ။ ICRC က တစ်ပတ် တစ်ကြိမ် လာရောက်ပြီး BGB အစီအစဉ်နဲ့ နှစ်ရက်ခြား တစ်ကြိမ် လာရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးပါတယ်။

**မေး။ ။Boundary Line တွင် နေထိုင်သည့်သူတွေအနေနဲ့ တစ်ဖက်နိုင်ငံမှာရှိတဲ့ ကူတူပါလောင်၊ ဘာလူခါလီ၊ ထန်းခါလီ စတဲ့ဒုက္ခသည်စခန်းတွေကို စာရွက်စာတမ်းအထောက်အထားပြစရာမလိုဘဲ သွားလာခွင့်ရှိတယ်ဆိုတာဟုတ်သလား။**

ဖြေ။ ။လူတစ်ယောက်အနေနဲ့ လွယ်လွယ်ကူကူ သွားလာလို့ ရပါတယ်။ အိုခီးယားရဲ့ တောင်ဘက်ပိုင်းကို Boundary Line မှာ နေထိုင်သူတွေ သွားလာလို့ရပါတယ်။ ယခုနောက်ပိုင်းမှာ ခွင့်ပြုချက်ရယူဖို့ လိုအပ်ပါတယ်။ အိုခီးယားမြို့ရဲ့ တစ်ဖက်ကိုတော့ သွားလာလို့မရပါဘူး။ ရဲ၊ တပ်၊ CIA၊ အဖွဲ့ပေါင်းစုံ ချထားပါတယ်။

**မေး။ ။Boundary Line မှာ နေထိုင်သူတွေ ရောက်သည့်အချိန်မှ ယနေ့ထိကာလအတွင်း ကျန်းမာရေးအရသော်လည်းကောင်း၊ အချင်းချင်းကြောင့်သော်လည်းကောင်း သေဆုံးမှုတစ်စုံတစ်ရာရှိသလား။**

ဖြေ။ ။ကလေးနဲ့ သက်ကြီးရွယ်အို သေဆုံးမှုရှိပါတယ်။ ခြောက်ဦးလောက် ရှိမယ်ထင်ပါတယ်။ သေဆုံးသူတွေကို လက်ရှိနေထိုင်တဲ့နေရာရဲ့ မြောက်ဘက်တွင်ရှိတဲ့ ဒိုင်းနက်ရွာအနီးက တောင်ကုန်းပေါ်မှာ မြေမြှုပ်သင်္ဂြိုဟ်ပါတယ်။ အရေးပေါ်လူနာတွေကို ICRC က အထောက်အထား စာရွက်စာတမ်းထုတ်ပေးပြီး ဆေးရုံကို အရေးပေါ်လူနာတင်ကားနဲ့ ပို့ဆောင်ပေးပါတယ်။ ငွေကြေးကုန်ကျမှုမရှိပါဘူး။

**မေး။ ။တာဝန်ရှိအကြီးအကဲတွေ လာရောက်တဲ့ခရီးစဉ်တိုင်းမှာ ဒီလ်မာမောက်၊ နေလင်းအောင်တို့ကသာ တာဝန်ခံတွေ့ဆုံပြောဆို တင်ပြမှုများရှိတာကိုတွေ့တယ်။ အဲဒါနဲ့ပတ်သက်ပြီး သိသလောက်ပြောပြပေးပါ။**

ဖြေ။ ။နေလင်းအောင်နဲ့ ဒီလ်မာမောက်တို့က နှစ်နိုင်ငံတွေ့ဆုံမှု အစည်းအဝေးတွေမှာ ဘာသာပြန်အဖြစ် ဆောင်ရွက်နေသူတွေဖြစ်ပါတယ်။ ပြဿနာဖြစ်ပွားပြီးနောက် BGB တို့မှ လာရောက်တွေ့ဆုံတဲ့အခါမှာလည်း ဘာသာစကားပြောတတ်သူတွေဆိုတော့ သူတို့ကတစ်ဆင့် ပြောဆိုမှုတွေရှိတဲ့အတွက် ဒုက္ခသည်တွေအပေါ် ဩဇာလွှမ်းမိုးလာပြီး အလိုလိုခေါင်းဆောင်ဖြစ်လာတာကြောင့် အခုလိုတာဝန်ခံတွေ့ဆုံနေတာဖြစ်ပါတယ်။ BGB ကလည်း ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီနေရာမှာ တောင်ပြိုဝဲ/ယာ၊ မီးတိုက်၊ မဲဒီ၊ ကွမ်းသီးပင်၊ ဇီးပင်ချောင်း၊ သဘော်လှ ရွာသားတွေဖြစ်လို့ လက်ခံမှုရှိပါတယ်။

**မေး။ ။တောင်ပြိုလက်ယာအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်သူတစ်ဦးအနေနဲ့ အဲဒီနေရာမှာ ခြိမ်းခြောက်ခံရတာတွေ ရှိသလား။**

ဖြေ။ ။ရွာသားတွေ ပြောင်းရွှေ့သွားပြီး ၁၀ ရက် ၁၁ ရက်ကြာမှ အဲဒီနေရာကို ရောက်ပါတယ်။ ခေါင်းဆောင်ဖြစ်သူ မော်လဝီဟာရှိမ်းတို့ရဲ့ ခြိမ်းခြောက်မှုကို ခံရပါတယ်။ တစ်လလောက်ကြာတဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ ဘင်္ဂလားဒေ့ရှ် မူးယစ်ဆေးဝါးလုပ်ဆောင်နေသူဖြစ်တယ်ဆိုပြီး တိုင်ကြားမှုရှိလို့ ခေါ်ယူမေးမြန်းခံခဲ့ရတယ်။

**မေး။ ။Boundary Line လက်ရှိနေထိုင်တဲ့နေရာမှာ ARSA အဖွဲ့ဝင်တွေရှိသလား။**

ဖြေ။ ။တရိန်းဖြစ်စဉ်မဖြစ်ပွားမီ မော်လဝီဟာရှိမ်းတို့ ဦးဆောင်ပြီး ၅၀ ကျော်ရှိပါတယ်။ လက်ရှိ ၂၀ လောက်ရှိပါတယ်။ စံပွာယ်ကုံး၊ မောင်တောတောင်ပိုင်းမှ ကျေးရွာသားတွေ ပါဝင်ပါတယ်။ လုပ်သေနတ်တွေရှိတယ်လို့ ကြားရပါတယ်။ အဓိကအားဖြင့် မိုင်းခွဲတဲ့လုပ်ငန်းက အဓိကဖြစ်ပါတယ်။

**မေး။ ။အမျိုးသမီးတွေနဲ့ပတ်သက်လို့ အကြမ်းဖက်မှုတွေရှိသလား။**

ဖြေ။ ။စားပြတိုက်အကြမ်းဖက်ခြင်းမျိုး မတွေ့ရှိရပါဘူး။ အမျိုးသမီးတွေကို ပွဲစားတွေက စည်းရုံးခေါ်ယူပြီး တည်းခိုခန်းတွေမှာ ရောင်းစားမှု(ပြည့်တန်ဆာမှု)တွေ ရှိတယ်လို့ ကြားရတယ်။ ကူတူပါလောင်ဒုက္ခသည်စခန်းမှာ အသက်ငါးနှစ်၊ ခြောက်နှစ်အရွယ် ကလေးတွေကို ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ရောင်းချဖို့အတွက် ခိုးယူမှုတွေ ရှိတယ်။ အမျိုးသမီးတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေက လက်ထပ်ပြီး ခေါ်ဆောင်သွားမှုတွေရှိတယ်။ နောက်ပိုင်းတော့ အလားတူသတင်းတွေ မကြားရတော့ဘူး။

**မေး။ ။ခင်ဗျားအနေနဲ့ Boundary Line မှာ နေထိုင်စဉ် ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရပါသလဲ။**

ဖြေ။ ။ကျွန်တော့်အနေနဲ့ မိမိနိုင်ငံကို ပြန်လည်ဝင်ရောက်လိုတယ်။ INGOs အဖွဲ့အစည်းတွေ ထောက်ပံ့ပေးတဲ့ ပဲ၊ ဆီ၊ ထမင်းကိုသာ စားသောက်နေရပြီး သား၊ငါးများ ဝယ်ယူစားသောက်နိုင်မှုမရှိဘူး။ သွားရေးလာရေး အခက်အခဲ၊ ဘာသာစကားပြောဆိုရာမှာ တချို့တစ်ဝက်ကိုသာ နားလည်ပါတယ်။ မြန်မာနိုင်ငံကနေထွက်ပြေးလာသူတွေအပေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေက အမုန်းပွားနေမှုတွေရှိတာကို တွေ့ရတယ် စတဲ့အခက်အခဲတွေနဲ့ ကြုံတွေ့ရပါတယ်။

**မေး။ ။ INGOs တွေက ဒုက္ခသည်စခန်းကို သွားရောက်ခြင်းမပြုစေဘဲ Boundary Line မှာ နေထိုင်ခိုင်းတာမျိုးရှိသလား။**

ဖြေ။ ။မရှိပါဘူး။ UNHCR က Boundary Line ဟာ ဒုက္ခသည်တွေ နေထိုင်တဲ့နေရာမဟုတ်လို့ အိမ်ဆောက်ပေးမယ်ဆိုပြီး လာခေါ်ပါတယ်။

**မေး။ ။ကူတူပါလောင်ဒုက္ခသည်စခန်းမှာ Register ပြုလုပ်ထားပြီး Boundary Line မှာ လာရောက် နေထိုင်သူရှိသလား။**

ဖြေ။ ။အခုနေထိုင်တဲ့ အိမ်ထောင်စု ၁၀၅၀ မှာ အိမ်ထောင်စု ထက်ဝက်ကျော်ဟာ ဒုက္ခသည်စခန်းမှာ စာရင်းသွင်းထားပါတယ်။ ရိက္ခာထုတ်တဲ့ အချိန်မှာ ဟိုကလည်းထုတ်၊ ဒီကလည်းထုတ်နဲ့မို့ ခွဲတမ်းပိုရပါတယ်။

**မေး။ ။Boundary Line မှာ နေတုန်းက ဝင်ငွေမရှိဘဲ ဘယ်လိုစားသောက်နေသလဲ။**

ဖြေ။ ။ကျွန်တော့်သားဖြစ်သူက တစ်ဖက်နိုင်ငံရှိ ICRC ရုံးမှာ တစ်လ တာကာ ၃၅၀၀၀ (မြန်မာငွေ ငါးသိန်းကျော်ခန့်) ရရှိလို့ သားရဲ့ထောက်ပံ့မှုနဲ့ စားသောက်နေလို့ အဆင်ပြေပေမယ့် အခြားသူတွေ အခက်အခဲ ဖြစ်နေကြပါတယ်။

**မေး။ ။အခု ပြန်ဝင်ရောက်လာတဲ့အခါ မိသားစုရပ်တည်ဖို့ ဘယ်လိုလုပ်ကိုင်စားသောက်ဖို့ စဉ်းစားထားသလဲ။**

ဖြေ။ ။လောလောဆယ်တော့ သားရဲ့ဝင်ငွေနဲ့ပဲ နေထိုင်စားသောက်ဖို့ စဉ်းစားထားပါတယ်။ အခြေအနေ တည်ငြိမ်အေးချမ်းလာရင်တော့ ရွာရှိလယ်မြေနဲ့ ပုစွန်ကန်ကို လုပ်ကိုင်စားသောက်မှာ ဖြစ်ပါတယ်။

**မေး။ ။အခုလောလောဆယ် ခင်ဗျားရဲ့ အခက်အခဲနဲ့ ပတ်သက်ပြီး ဘာပြောစရာရှိပါသလဲ။**

ဖြေ။ ။အခုသူများအိမ်မှာ နေရတာမို့ နေစရာအိမ်တစ်လုံး ၄ားရမ်းနေထိုင်ဖို့ လိုအပ်ပါတယ်။ သူများအိမ်မှာ ရေရှည်နေထိုင်ဖို့ အခက်အခဲရှိပါတယ်။

**မေး။ ။အခြားရွာမှာရော မိသားစုရှိသလား၊ ခင်ဗျားတို့ မိသားစုလုံခြုံစိတ်ချရမယ့်နေရာ ဘယ်နေရာရှိသလဲ။**

ဖြေ။ ။မြို့ပေါ်မှာသာ လုံခြုံစိတ်ချရပါမယ်။

**မေး။ ။အခုပြန်လာတဲ့အပေါ် Boundary Line မှာ နေထိုင်နေသူတွေက ဘယ်လိုသဘောထားမလဲ၊ ခြိမ်းခြောက်ခံရမှုရော ရှိသလား။**

ဖြေ။ ။သူတို့က သဘောတူညီမှု မရှိပါဘူး။ လူမှုမီဒီယာ (Facebook)မှာလည်း မကျေနပ်ဘူးဆိုပြီး ရေးသားထားချက်တွေ ဖတ်မိပါတယ်။ ကျွန်တော်နဲ့ ရင်းနှီးသူ Boundary Line မှာ ကျန်ရစ်သူအချို့နဲ့ ဘာလူခါလီ ဒုက္ခသည်စခန်းက ရင်းနှီးသူတွေရဲ့ ပြောပြချက်အရ သိရှိရပါတယ်။ သားဖြစ်သူ (တစ်ဖက်နိုင်ငံ ICRC ရုံးတွင် လုပ်ကိုင်နေသူ)ကို ဖုန်းဆက်ပြီး ခြိမ်းခြောက်မှု ရှိပါတယ်။

**မေး။ ။လောလောဆယ် မိသားစုအတွက် ဘာလုပ်ပေးစေချင်သလဲ။**

ဖြေ။ ။အဓိကအားဖြင့် မိသားစုလုံခြုံမှုနဲ့ စားဝတ်နေရေးအဆင်ပြေဖို့ ဆောင်ရွက်ပေးစေလိုပါတယ်။

**သတင်းအဖွဲ့**

# မိတ္ထီလာမြို့နယ် ရွာတန်းကျေးရွာနှင့် အုံတုံကျေးရွာမှ ဒေသခံခြောက်ဦး ထောင့်သန်းရောဂါဟု ယူဆရသော ရောဂါပိုးကူးစက်ခံရ

**မိတ္ထီလာ မေ ၁၉**
မိတ္ထီလာမြို့နယ် ဇရပ်ကုန်းကျေးရွာအုပ်စု ရွာတန်း ကျေးရွာမှဒေသခံ ငါးဦးနှင့် အုံတုံကျေးရွာမှဒေသခံ တစ်ဦးတို့မှာ ထောင့်သန်းရောဂါပိုးဟု ယူဆရသည့် ရောဂါပိုး ကူးစက်ခံရ၍ မိတ္ထီလာ ခရိုင်ပြည်သူ့ ဆေးရုံကြီးရှိ ကူးစက်ရောဂါကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၇ ရက်က ရွာတန်းကျေးရွာတွင် ထောင့်သန်းရောဂါပိုးဟု ယူဆရသည့် ရောဂါပိုးဖြင့် သေဆုံးသွားသည့် နွား၏ အသားများကို ကိုင်တွယ်ခြင်းနှင့် စားသုံးမိခြင်းတို့ကြောင့် ယင်းရွာနေ ဦးကြည်ဆောင်၊ ဦးမော်စီလုံး(ခ) ဦးဝင်းမောင်၊ ဦးသန်းလွင်၊ ဦးပြည့်စုံ၊ ဒေါ်လှမေတို့သည် ထောင့်သန်းရောဂါဟု ယူဆရသော ရောဂါပိုးကူးစက်ခံရသဖြင့် ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

၎င်းကျေးရွာနေ ဒေသခံများအား ထောင့်သန်းရောဂါပိုး ထပ်မံကူးစက်ခံရမှုမရှိစေရေးအတွက် ကြီးကြပ်ရေးမှူး-၁ ဦးမြင့်ထွန်း နှင့် ကျန်းမာရေးဝန်ထမ်းအဖွဲ့သည် မေ ၁၇ ရက်မှ ၂၅ ရက်အထိ ယင်းကျေးရွာရှိ ဦးကျော်ရွှေ၏ နေအိမ်၌ ယာယီဆေးခန်းဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၃၈ စု၊ လူဦးရေ ၁၅၅ ဦးအား ထောင့်သန်းရောဂါပိုး ကာကွယ်ဆေးများ တစ်ဦးလျှင် နှစ်လုံး တိုက်ကျွေးခြင်းကို ဆောင်ရွက်ခဲ့သည်။

မေ ၁၉ ရက် နံနက်ပိုင်းက အဆိုပါ အိမ်ထောင်စု ၃၈ စုမှ ဒေသခံများကို ထောင့်သန်းရောဂါပိုးကာကွယ်ဆေးများ တိုက်ကျွေးနေစဉ် အုံတုံကျေးရွာမှ ဦးအောင်ပုသည် ခြေဆစ်၊ လက်ဆစ်များ ရောင်ရမ်းနေသည်ကို တွေ့ရှိရ၍ ဆေးခန်းသို့ လာရောက်ပြသရာ ထောင့်သန်းရောဂါဟု သံသယရှိသဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်ရေးမှူး-၂ ဒေါ်သီဂီဌေး၊ ရှမ်းမငယ်ရဲစခန်းမှ ဒု-တပ်ကြပ် ယဉ်မင်းဦးတို့က ခေါ်ဆောင်၍ ခရိုင်ပြည်သူ့ဆေးရုံကြီး ကူးစက်ရောဂါကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကြိုတင်ကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်

❖ သွေးလွန်တုပ်ကွေးရောဂါသည် ရောဂါပိုးရှိသည့်ခြင်ကျားကိုက်ခံရခြင်းမှတစ်ဆင့်ကူးစက်ပါသည်။

❖ ယခုကဲ့သို့မိုးဦးကျကာလမှစတင်၍ မိုးရာသီတွင် အများဆုံးဖြစ်ပွားတတ်ပါသည်။

❖ အသက်(၁၅)နှစ်အောက်ကလေးများတွင် အများဆုံးဖြစ်သော်လည်း ယခုနှစ်များအတွင်း အသက်(၁၅)နှစ် အထက်၊ လူငယ်နှင့် လူလတ်ပိုင်းတို့တွင်သာမက လူကြီးများတွင်လည်း ဖြစ်ပွားလာပြီး အသက်ဆုံးရှုံးမှုများလည်းရှိပါသည်။

## ကြိုတင်ကာကွယ်ရန် နည်းလမ်းများ

(၁) မိမိကိုယ်ကို ခြင်ကိုက်မခံရအောင် အကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ပါ။
(၂) အိပ်သည့်အခါတိုင်း နေ့၊ ညမရွေး ခြင်ထောင်ဖြင့်အိပ်ပါ။ ဆေးစိမ်ခြင်ထောင်ကိုလည်း အသုံးပြုနိုင်ပါသည်။
(၃) ခြင်နိုင်ဆေးလိမ်းပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



မေ ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်ရှိ သုမင်္ဂလာစာရီ ဓမ္မာရုံ၌ ဖွင့်လှစ်လျက်ရှိသည့် ယဉ်ကျေးလိမ္မာသင်တန်းမှ သင်တန်းသားများအား တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှဘုန်းကျော်က မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောစဉ်။

ကြေးမုံ

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**
မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲက လွိုင်လင်မြို့အထွက် လွိုင်လင်-တောင်ကြီးသွားကားလမ်း ဟိုတင့်ကျေးရွာအနီး၌ သာစည်မြို့နယ်နေ တင်မင်းထွန်း မောင်းနှင်လာသည့် SUBARU SAMBAR PICKUP မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၈ သိန်း၊ ငွေကျပ် ၂၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယမန်နေ့ ညနေ ၃ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် (၁၉)လမ်းနှင့် သုခလမ်းထောင့် စားသောက်ဆိုင်အနီးတွင် မြင့်မော်(ခ)ထွန်းမော်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီ မိနစ် ၄၀ တွင် ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် (၃၂)လမ်း (၇၄×၇၅)လမ်းကြား လုံးခင်း တည်းခိုခန်း အခန်းအမှတ်(၂၀၆)တွင် တည်းခိုနေသူ ထွန်းထွန်း(ခ)တေဇာထွန်းအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ယမန်နေ့ ည ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်း၌ ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် ကံညွန့်၏ အိတ်အတွင်းမှ ဘိန်းစိမ်း ၄၃ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တင်မင်းထွန်းအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



မေ ၁၇ ရက်က ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ မူခင်းကျဆင်းရေးပညာပေးယာဉ်ဖြင့် ဒဂုံမြို့မရဲစခန်းမှူး ဒု-ရဲမှူးဇော်နီချစ်နှင့် တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေးပညာပေးဟောပြောစဉ်။

ကြေးမုံ

# ရေပူစစ်ဆေးရေးအဖွဲ့က တရားမဝင်မြွေများ ဖမ်းဆီး

**နေပြည်တော် မေ ၁၉**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၉၇ စီး၊ သွင်းကုန် ၉၄၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈ စီး၊ သွင်းကုန် ၂၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၃၉၇ သန့်ခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၃၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၃၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၇ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကောင်းဟော် ကျေးရွာအနီး၌ မသင်္ကာဖွယ် WISH ယာဉ်တစ်စီးကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တင်သွင်း၊ တင်ပို့ခြင်းခွင့်မပြုသည့် တရားမဝင် မြွေပွေးအရှင် ၂၉၆ ကောင်၊ မြွေပွေးအသေ ၂၃ ကောင် (စုစုပေါင်း ၁၃၂ ပိဿာ)၊ လင်းမြွေအရှင် ၂၁၆ ကောင်၊ လင်းမြွေအသေ ၁၆၉ ကောင် (စုစုပေါင်း ၁၄၇ ပိဿာ)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၃၇ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မ ရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူးအောင်ကျော်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များ ဇေယျာသီရိမြို့နယ် ခေတ်အေးပရဟိတကျောင်း၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ယနေ့နံနက်ပိုင်းက လုပ်အားဒါနပြုကြစဉ်။

ခွန်းဆက်နေ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်

**ရန်ကုန် မေ ၁၉**
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ၆၆ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်း၊ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီ ဓာတ်အားလိုင်း ကြိုးများကို လျှပ်ကာပါသောဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်း လုပ်ငန်းများကို မေ ၂၂ ရက်နှင့် မေ ၂၄ ရက်တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်စဉ် အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ အင်းတိုင်၊ မြောင်းတကာ၊ အဖျောက်၊ ထန်းတပင်၊ ရန်ကင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ ကမာရွတ်၊ ဗဟန်း၊ မရမ်းကုန်း၊ လှိုင်၊ စမ်းချောင်း၊ လသာ၊ တောင်ဥက္ကလာပ၊ သယ်န်းကျွန်း၊ ပုဇွန်တောင်၊ သာကေတ၊ ဒဂုံဆိပ်ကမ်းမြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူများထံသို့ အသိပေးပန်ကြားထားသည်။

**ကြေးမုံ**



# အဲဗာတန်အသင်းသို့ နည်းပြတစ်ဦး အနေဖြင့် ပြန်လာရန် ရွှန်းနီ မျှော်လင့်

တိုက်စစ်မှူး ရွှန်းနီဟာ မေဂျာလိဂ်တွင် သူ၏ ကစားသမားဘဝကို အဆုံးသတ်ရန်အတွက် ဒီစီယူနိုက်တက်အသင်းမှ ကမ်းလှမ်းလာမှုကို လက်ခံရန်စဉ်းစားလျက်ရှိပြီး အဲဗာတန်အသင်းတွင် ကစားရခြင်းကို အဆုံးသတ်သွားဖို့ ရှိနေတယ်လို့ သိရပါတယ်။

အဲဒီလိုဆုံးဖြတ်ထားတာဟာ တိုက်စစ်မှူး ရွှန်းနီအနေနဲ့ အနာဂတ်ကာလ တစ်ချိန်ချိန်မှာ အဲဗာတန်အသင်းကို နည်းပြတစ်ဦးအနေနဲ့သာ ပြန်လည်လာရောက်လိုတာကြောင့်ဖြစ်တယ်လို့လည်း ဆိုထားပါတယ်။

တိုက်စစ်မှူး ရွှန်းနီအနေနဲ့ သူ့ရဲ့ဇာတိမြေကလပ်မှာ နည်းပြဘဝကို စတင်ခြင်းဟာ အာမခံချက်ရရှိလိမ့်မယ်လို့ တွေးထားသလို အမေရိကန်ပြည်ထောင်စုမှာ ဘောလုံးရာသီနှစ်ရာသီ ဒါမှမဟုတ် သုံးရာသီကြာရှိနေရခြင်းရဲ့ အကြောင်းပြချက်ဟာ အကောင်းဆုံးအကြောင်းပြချက်ဖြစ်လာလိမ့်မယ်လို့လည်း ရွှန်းနီ တွေးထင်ထားပါတယ်။

နည်းပြဘဝကိုမပြောင်းလဲမီ အမေရိကန်ပြည်ထောင်စုမှာ ကစားသမားဘဝကို ကုန်ဆုံးစေမှာဖြစ်ကြောင်းနဲ့ အဲဒီမှာ မိသားစုနဲ့အတူနေထိုင်ခွင့်ရရှိကြောင်းလည်း ရွှန်းနီက ဆိုထားပါတယ်။

# ချယ်လ်ဆီး၏ ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်မှုတရားခံမှာ ကွန်တီမဟုတ်ဘဲ အသင်းပိုင်ရှင် အေဗရာမိုဗစ်ဖြစ်ကြောင်း ဂူလစ် ပြောကြား

ချယ်လ်ဆီးအသင်းတွင် နည်းပြအပြောင်းအလဲ မကြာခဏပြုနေခြင်းက ကလပ်အသင်းရလဒ်ပိုင်းကို များစွာထိခိုက်စေပြီး ယခုနှစ် ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ခြင်း၏ အဓိကတရားခံမှာ နည်းပြ ကွန်တီမဟုတ်ဘဲ အသင်းပိုင်ရှင် ရာမန်အေဗရာမိုဗစ်ဖြစ်ကြောင်း ရုဒ်ဂူလစ်က ပြစ်တင်ပြောကြားလိုက်သည်။ အသင်းပိုင်ရှင် အေဗရာမိုဗစ်၏ နည်းပြများအပေါ် စိတ်ရှည်မှုနည်းပါးပြီး မျှော်မှန်းထားသည့် အောင်မြင်မှုမရရှိပါက ချက်ချင်းဆိုသလို ထုတ်ပယ်ပစ်လေ့ရှိသည့် အစဉ်အလာက ချယ်လ်ဆီးအသင်းကို တည်ငြိမ်မှုကင်းမဲ့စေသည့် အဓိကအကြောင်းတရားဟု ဂူလစ်က သုံးသပ်ခဲ့ခြင်းဖြစ်သည်။

ဂူလစ်က "ချယ်လ်ဆီးအသင်း အဓိကပြဿနာက သူတို့ရဲ့ ဒုတိယရာသီဆို နည်းပြတွေရဲ့အနာဂတ်က သံသယဖြစ်စရာတွေ ဖြစ်လာရတော့တာပါ။ ပထမရာသီမှာ ချန်ပီယံဆု ဆွတ်ခူးပေးထားနိုင်ရင်တောင် နောက်ရာသီဆို ထုတ်ပယ်ခံရလိမ့်မယ်ဆိုတဲ့ အနေအထားကို အာမခံချက် မပေးနိုင်ပါဘူး၊ ဒါကြောင့် ချန်ပီယံဖလားက နောင်နှစ်ရာသီ ထုတ်ပယ်ခံရမယ့်စာလွှာကို ရလိုက်သလိုပါပဲ၊ ဒီနှစ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ သေချာမသိပေမယ့် ဒါက မတည်ငြိမ်မှုတွေဖြစ်နေပြီး ဒါက အမြဲကိုဖြစ်နေတော့တာပဲ"ဟု ညည်းတွားပြောဆိုသွားခဲ့သည်။

ချယ်လ်ဆီးအသင်းဘုတ်အဖွဲ့ဝင်များက နည်းပြကွန်တီလိုချင်သည့် ကစားသမားအများစုကို ရအောင်ခေါ်ယူပေးနိုင်ခြင်းမရှိသလို ကစားသမားအပြောင်းအရွှေ့ပေါ်တွင်လည်း အလုံးစုံလွှမ်းမိုးထားရာ ချယ်လ်ဆီးနည်းပြကွန်တီအနေဖြင့် ချယ်လ်ဆီးတွင် မပျော်မရွှင်ဖြစ်နေပြီဖြစ်ကြောင်း သတင်းထွက်နေသည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်သည်။



ဂူလစ်က "နည်းပြတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် သူ့အနေနဲ့ အလုံးစုံပံ့ပိုးကူညီမှု မရရှိပါဘူး၊ ဒီလိုဖြစ်ပျက်ခဲ့တာတွေနဲ့ပတ်သက်ပြီး ကွန်တီကို အပြစ်တင်လို့မရပါဘူး၊ ဒီရာသီမှာ ချယ်လ်ဆီး မတည်မငြိမ်ဖြစ်မှုတွေ အများကြီးဖြစ်နေခဲ့တာပါ၊ ဒီလိုသတင်းတွေ အများကြီးထွက်လာအောင် စတင်တဲ့နေရာက တာဝန်ရှိတဲ့ သူတွေကိုပဲ အပြစ်တင်ရမှာပါ" ဟု ပြတ်ပြတ်သားသားပင် ဝေဖန်ခဲ့ခြင်းဖြစ်သည်။

**မေလှဲ့သင်း**

# လီဗာပူးနဲ့ကစားမယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ စီရိုနယ်လ်ဒို ပါဝင်လာမည်ဟု ဇီဒန်း ပြောကြား



ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ မေ ၂၆ ရက်မှာ လီဗာပူးအသင်းနဲ့ ကစားရမယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်မှာ ပါဝင်လာမှာဖြစ်ကြောင်း နည်းပြ ဇီဒန်းက ပြောကြားလိုက်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုအနေနဲ့ ယခုလ အစောပိုင်းက ဘာစီလိုနာအသင်းနဲ့ ကစားခဲ့တဲ့ အယ်လ်ကလက်စီကိုပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တာကြောင့် အဲဒီပွဲစဉ်ပြီးကတည်းက ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပွဲထွက်ကစားနိုင်ခြင်း မရှိခဲ့ပါဘူး။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းက သုံးနှစ်ဆက်တိုက် ချန်ပီယံလိဂ်ဆုဖလားကိုရယူဖို့ ကြိုးပမ်းနေတာကြောင့် ဒဏ်ရာမှ ပြန်လည်သက်သာလာမယ့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ကီယက်ဗ်မြို့မှာ လီဗာပူးအသင်းနဲ့ ကစားရမယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာ ထည့်သွင်းကစားသွားဖို့ရှိနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ကြံ့ခိုင်မှုလည်း အပြည့်အဝရှိနေပြီလို့ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက ဆိုထားပါတယ်။ ဒ့ါအပြင် စီရိုနယ်လ်ဒိုဟာ ရုရှားနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ပေါ်တူဂီလက်ရွေးစင်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ပါဝင်လာမှာဖြစ်သလို ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဗီလာရီးယဲလ်အသင်းတို့ကစားမယ့် လာလီဂါပွဲစဉ်မှာလည်း ရီးယဲလ်မက်ဒရစ်အသင်း အနိုင်ရရှိကာ အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းရဲ့ အောက် ဒုတိယနေရာနဲ့ ရာသီသိမ်းဖို့ စီရိုနယ်လ်ဒို ပါဝင်လာလိမ့်မယ်လို့ နည်းပြ ဇီဒန်းက ဆိုခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# ချယ်လ်ဆီးအသင်းဖော်များက ဖလားနှစ်လုံးအိပ်မက်ကို ဖျက်ဆီးခဲ့ဖူးသည့် မိမိကို ဒေါသဖြစ်ခဲ့ကြဟု ဂျီရူး ဖွင့်ဟ

ချယ်လ်ဆီးတိုက်စစ်မှူး ဂျီရူးက သူဟာ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီက ချယ်လ်ဆီးအသင်းရရှိမယ့် ပြည်တွင်းဖလားနှစ်လုံး (ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား)အိပ်မက်ကို ဖျက်ဆီးခဲ့တာကြောင့် ချယ်လ်ဆီးအသင်းဖော်များရဲ့ အမျက်သင့်မှုကို ခံခဲ့ရကြောင်း ဖွင့်ဟပြောကြားလိုက်ပါတယ်။

ဂျီရူးက သူပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်မှာ အာဆင်နယ်ကနေ ချယ်လ်ဆီးကို ပြောင်းရွှေ့ချိန်မှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံကို ပြန်ပြောကြားခဲ့ရာမှာ "ကျွန်တော် ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက် ချယ်လ်ဆီးကို ရောက်စမှာ သူတို့က ကျွန်တော်နဲ့ပတ်သက်ပြီး ဒေါသစိတ်ရှိနေခဲ့ကြပါတယ်၊ ကျွန်တော်က ကိုယ်ကဝင်ဘလေမှာ ဘယ်အသင်းကိုမဆို အနိုင်ယူနိုင်မယ့် ကံကောင်းတဲ့လာဘ်ရှိပြီး ဒါကို သူတို့အတွက် သယ်ဆောင်လာပေးပါ့မယ်လို့ ပြန်ပြောခဲ့ပါတယ်" လို့ ဆိုခဲ့တာဖြစ်ပါတယ်။

**မေလှဲ့သင်း**





# အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်း အာတီတာ အာဆင်နယ်အသင်းနည်းပြဖြစ်လာရန် သဘောတူညီထားဟုဆို

ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ အာတီတာဟာ နည်းပြ အာစင်ဝင်းဂါးနေရာကို အစားထိုးရန်နဲ့ အာဆင်နယ်အသင်းရဲ့ နည်းပြသစ်တစ်ဦးဖြစ်လာရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီထားပြီဖြစ်တယ်လို့ သိရပါတယ်။

အာတီတာဟာ လက်ရှိအချိန်အထိ အာဆင်နယ်အသင်းနည်းပြဖြစ်လာရေးအတွက် စာချုပ်ချုပ်ထားခြင်းမရှိသေးပေမယ့် လာမယ့်ရက်ပိုင်းအတွင်းမှာ အာဆင်နယ်အသင်းနည်းပြအဖြစ်နဲ့ အမ်းမရိတ်ကို အာတီတာပြန်လာပြီဆိုတာ တရားဝင်ကြေညာမယ်လို့ အာဆင်နယ်အသင်းက ဆိုပါတယ်။

စပိန်နိုင်ငံသား အာတီတာဟာ လက်ရှိအချိန်မှာတော့ နည်းပြ ဂွါဒီယိုလာနဲ့အတူ မန်စီးတီးအသင်းရဲ့ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေတာဖြစ်ပြီး အခုနှစ်မှာ ပရီမီယာလိဂ်ဖလားကို ရယူပေးထားနိုင်ခဲ့တဲ့ နည်းပြအဖွဲ့မှာ တစ်ဦးအပါအဝင်လည်း ဖြစ်ပါတယ်။

အာတီတာဟာ အာဆင်နယ်အသင်း ကစားသမားဘဝကနေ ၂၀၁၆ ခုနှစ်က အနားယူသွားတာဖြစ်ပြီး အာဆင်နယ်အသင်းနဲ့အတူ လေးနှစ်ကြာကစားခဲ့ရာမှာ ပွဲပေါင်း ၁၅၀ မှာ သွင်းဂိုး ၁၆ ဂိုးနဲ့ ဂိုးဖန်တီးပေးနိုင်မှု ၁၁ ကြိမ်လည်း ပြုလုပ်ထားနိုင်ခဲ့ပါတယ်။

# တီးတိန်နှင့် ရှာလ်လုမ်းခံတပ်

ကောင်းစည်သူ




မြန်မာနိုင်ငံအနောက်မြောက်ပိုင်းရှိ ချင်းပြည်နယ်သည် ပြည်မမှ ဝေးလံခေါင်ဖျားသောဒေသတစ်ခုဖြစ်သော်လည်း အေးမြသော ရာသီဥတုနှင့် လှပသော တောင်စွယ်တောင်တန်းများကြောင့် ခရီးသွားများ နှစ်ခြိုက်သဘောကျသည့် ပြည်နယ်တစ်ခုဖြစ်ပေသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် လူအသွားအလာနည်းပါးသည့်တိုင် ချင်းရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများနှင့်အတူ ပါးရဲထိုးထားသည့် အမျိုးသမီးများ၊ တောင်ဇလပ်ပန်းများ၊ အောက်ချင်းငှက်များ၊ နွားနောက်များသည် ချင်းပြည်နယ်၏ လက္ခဏာများအဖြစ် ခေတ်အဆက်ဆက်မှ ယနေ့တိုင်ထင်ရှားလျက်ရှိသည်။

**တီးတိန်**

တီးတိန်မြို့သည် ချင်းပြည်နယ်၏ မြောက်ဘက်ပိုင်းတွင် တည်ရှိကာ ဖလမ်းခရိုင်တွင် ဖလမ်းနှင့်တွန်းဇံမြို့နယ်တို့နှင့်အတူ ပါဝင်သည်။ ချင်းပြည်နယ်တွင် ခရိုင်သုံးခု၊ မြို့နယ် ကိုးခုရှိသည့်အနက် ဟားခါးခရိုင်ကို ဟားခါးနှင့် ထန်တလန်မြို့နယ်၊ မင်းတပ်ခရိုင်ကို မင်းတပ်၊ကန်ပက်လက်၊ မတူပီ၊ ပလက်ဝမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။

တီးတိန်သည် ဖလမ်းမြို့မှ မြောက်ဘက်သို့ ၄၅ မိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ အနောက်ဘက်သို့ ၅၇ မိုင် ကွာဝေးကာ အရှေ့ဘက်တွင် ကလေးမြို့နယ်နှင့် တမူးမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ တောင်ဘက်တွင် ဖလမ်းမြို့နယ်နှင့် မြောက်ဘက်တွင် တွန်းဇံမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

တီးတိန်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၆၆၇ ပေတွင် တည်ရှိကာ မြို့နယ်အတွင်းအမြင့်ဆုံးနေရာသည် ၈၈၇၁ ပေမြင့်သည့် ထွမ်းဝုမ်းတောင်ဖြစ်သည်။ မြို့နယ်အကျယ်အဝန်းသည် အရှေ့မှ အနောက်သို့ ၄၂ မိုင်နှင့် တောင်မှ မြောက်သို့ ၃၁ မိုင်ရှည်လျားကာ ၉၄၉ ဒသမ ၆၉ စတုရန်းမိုင် ကျယ်ဝန်း၍ မြို့နယ်၏တည်နေရာအညွှန်းသည် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၀ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ နှင့် ၉၃ ဒီဂရီ ၁၅ မိနစ်အကြား ဖြစ်သည်။

တီးတိန်မြို့နယ်ကို တီးတိန်မြို့၊ ခိုင်ကမ်းမြို့နှင့် ကျေးရွာ ၁၃၀ ကို စုစည်းထားသည့် ကျေးရွာအုပ်စု ၅၅ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ ဗြိတိသျှအစိုးရလက်ထက်တွင် တီးတိန်ကို ကမ်းဟောက်တိုက်နယ်၊ ဆုတ်တဲတိုက်နယ်နှင့် စီယန်တိုက်နယ်ဟု သုံးပိုင်းခွဲ၍ အုပ်ချုပ်ခဲ့သည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် တီးတိန်မြို့နယ်ကို ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ၅၅ အုပ်စုဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ခိုင်ကမ်းမြို့ကို ၂၀၁၆ ခုနှစ်တွင် ရပ်ကွက်လေးခုဖြင့် ဖွဲ့စည်းခဲ့သည်။ တီးတိန်မြို့ကို အေဒီ ၁၅၅၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ကာ နှစ်ကြိမ်တည်ခဲ့သည်ဟုလည်း အဆိုရှိခဲ့သည်။

တီးတိန်မြို့နယ်တွင် မြေပြန့်လွင်ပြင်မရှိဘဲ ပေ ၃၀၀၀ မှ ၈၀၀၀ ကျော် အထိမြင့်မားသည့် တောင်တန်း တောင်စွယ်များနှင့် မတ်စောက်သော ချိုင့်ဝှမ်းများသာရှိပြီး မြစ်ချောင်းများသည် တောင်ကုန်းများအကြား၌ မြောက်ဘက်မှ တောင်ဘက်သို့စီးဆင်းနေကြသည်။ တီးတိန်မြို့နယ်အတွင်း စီးဆင်းနေသည့် မြစ်ချောင်းများတွင် မဏိပူရမြစ်သည် အထင်ရှားဆုံးဖြစ်ပေသည်။

တီးတိန်မြို့နယ်သည် တောင်တန်းများ ထူထပ်ပြီး စိုစွတ်၍ အအေးပိုသော ရာသီဥတုရှိသော်လည်း ချင်းပြည်နယ်ရှိ အခြားသောမြို့နယ်များထက် အအေးအနည်းငယ်လျော့နည်းသည်။ တီးတိန်မြို့နယ်၏ အမြင့်ဆုံးအပူချိန်သည် ၂၅ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်သည် ၁၄ ဒသမ ၁ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် မိုးရွာရက် ၁၁၉ ရက်အတွင်း မိုးရေချိန် ၅၄ ဒသမ ၁၀ လက်မရွာသွန်းခဲ့သည်။

တီးတိန်၏ အသံထွက်အမှန်သည် တဲဒိမ်(Te Dim) ဖြစ်ကာ တဲသည် အရောင်တောက်ခြင်း၊ ဒိမ်သည် ရေပြည့်ခြင်းဟု ဆိုလိုသဖြင့် တဲဒိမ်သည် တလက်လက်တောက်ပနေသည့် ရေပြည့်အိုင်ဟု အဓိပ္ပာယ်ရသည်။ တီးတိန်မြို့ကို တည်ခဲ့စဉ်က ယခုမြို့မ ရပ်ကွက်၊ ဗန်ဆန်၊ MKK ယဉ်ကျေးမှု ပြတိုက်အနီးတွင် တည်ရှိသည့် ရေကန်ကြီးကို အဝေးမှကြည့်လျှင် နေ့ရောညပါ တလက်လက် တောက်ပနေသဖြင့် ယင်းကန်ကြီးကို အစွဲပြုလျက် တဲဒိမ်ဟု အမည်တွင်ခဲ့သည်။

တီးတိန်သည် ရိဒ်ရေကန်ရှိသည့် ရိဒ်ခေါဒါရ်မြို့နှင့် ကလေး မော်တော်ကားလမ်းပေါ်တွင် တည်ရှိကာ ပွင့်လင်းရာသီတွင် ၁၀ယောက်စီး မီနီဘတ်စ်များပြေးဆွဲလျက်ရှိသည်။ ကလေးမှတီးတိန်သို့ ကားခ ၅၀၀၀ ကျပ်၊ ကလေးမှ ရိဒ်ခေါဒါရ်အထိ ကားခ ၁၀၀၀၀ ကျပ် ပေးကြရသည်။ ကလေး-တီးတိန်-တွန်းဇံကားခမှာ ၇၀၀၀ ကျပ်ဖြစ်ကာ ကလေးမြို့မှ ချင်းပြည်နယ် မြောက်ဘက်အဆုံး ကျီခါးမြို့အထိသွားလျှင် ကားခ ၁၀၀၀၀ ကျပ်ဖြစ်သည်။

တီးတိန်မြို့ပေါ်တွင် ကမ်းဟောက် စော်ဘွားမျိုးနွယ်စု၊ မန်ကင်းစစ်သူကြီး မျိုးနွယ်စုနှင့် ခွေလမ်း မှူးမတ်ပညာရှိ မျိုးနွယ်စုများနေထိုင်ခဲ့ကြသည်။

မြို့နယ်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာ၊ အင်ကြင်း၊ ကညင်၊ တောင်တမာ၊ ထင်းရှူးနှင့် တောင်ဇလပ်ပင်များ ပေါက်ရောက်လျက်ရှိသည်။ သစ်ပင်ကြီးများတွင် ကပ်ပါးပင်များအဖြစ် သစ်ခွမျိုးစိတ်မျိုးစုံ ပေါက်ရောက်နေကာ နတ်ဆေးဂမုန်းအပါအဝင် ဆေးဖက်ဝင် ပရဆေးပင်များလည်း ပေါက်ရောက်သည်။ တောရိုင်းတိရစ္ဆာန်များအဖြစ် ကြံ့၊ စိုင်၊ ကျား၊ ကျားသစ်၊ ဝက်ဝံနှင့် တောင်ဆိတ်တို့ ကျက်စားနေထိုင်ကြသည်။

တီးတိန်မြို့နယ်၏ ၄၃ ဒသမ ၄၈ ရာခိုင်နှုန်းသည် သစ်တောများဖုံးလွှမ်းနေသည့်အနက် ကြိုးဝိုင်းသစ်တော ၅၂၃၂၁ ဧက နှင့် ကြိုးပြင်သစ်တော ၃၄၈၂၇ ဧကရှိသည်။ မြို့နယ်အတွင်း ချင်းလူမျိုးများ အများဆုံးနေထိုင်ကြကာ ဗမာ၊ ကချင်၊ ရခိုင်၊ ကရင်နှင့် ရှမ်းလူမျိုးများလည်း အနည်းငယ်ရှိ၍ ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြပြီး မြို့နယ်လူဦးရေသည် ၁၅၂၄၄ ဦးဖြစ်သည်။

တီးတိန်မြို့သည် ကလေး-တွန်းဇံ-ကျီခါးနှင့် ကလေး ရိဒ်ခေါဒါရ် မော်တော်ကားလမ်းပေါ်တွင် တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ စီးပွားရေး အချက်အချာကျသည့် နေရာတစ်ခုဖြစ်သည်။ ပန်းသီး၊ လိမ္မော်နှင့် လက်ဖက်ကို အများဆုံးစိုက်ပျိုးထုတ်လုပ်၍ ကလေးမြို့သို့ တင်ပို့ရောင်းချသည်။

ချင်းပြည်နယ်အတွင်း ဒေသအနှံ့၌ ပန်းသီးနှင့် လက်ဖက်စိုက်ပျိုးကြရာတွင် တီးတိန်မြို့နယ်တွင်စိုက်ပျိုးသည့် ပန်းသီးနှင့် လက်ဖက်ကို ကလေးမြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ မြေပဲနှင့် ကြက်သွန်ကို စိုက်ပျိုးကြကာ နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချကြသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားတွင် နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရာ ချင်းပြည်နယ် ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး မီဇိုရမ်နှင့် ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်ကာ မဏိပူရပြည်နယ်နှင့် ကူးသန်းရောင်းဝယ်သည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ် ဧပြီ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

**တီးတိန်နှင့် နွားနောက်များ**

တီးတိန်မြို့နယ်တွင် မွေးမြူရေးလုပ်ငန်းအဖြစ် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ သိုး၊ ကြက်နှင့် ဘဲတို့အပြင် နွားနောက်များကို မွေးမြူကြရာ မိသားစုတစ်ခုလျှင် ငါးကောင်မှ အကောင် ၅၀ အထိ မွေးမြူကြသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တီးတိန်မြို့နယ်၌ မွေးမြူထားသည့် နွားနောက်ကောင်ရေသည် ၆၇၀၀ ဖြစ်သည်။ အာလွယ်ရွာ၊ ဆိုဇန်ရွာ၊ လိုင်တွီးရွာ၊ ဆန်းဒေ့ါရွာနှင့် ရိဒ်ခေါဒါရ်မြို့ဝန်းကျင်တွင် နွားနောက်ကို အများဆုံးမွေးမြူသည်။ တီးတိန်မြို့နယ်အတွင်း တောင်တန်းများတွင် မော်တော်ကားဖြတ်သန်းမောင်းနှင်စဉ် နွားနောက်များကို မကြာခဏ တွေ့ရလေ့ရှိသည်။ နွားနောက်များသည် ခိုင်းစေ၍မရ၊ နို့မရသည့် နွားမျိုးဖြစ်သဖြင့် အသားထုတ်လုပ်ရန်အတွက် မွေးမြူကြသည်။

ချင်းတိုင်းရင်းသားများသည် မိမိတို့၏ ချမ်းသာကြွယ်ဝမှုကို နွားနောက်ကောင်ရေပိုင်ဆိုင်မှုဖြင့် တိုင်းတာကြသည်။ လူမျိုးအချင်းချင်း အလျော်အစားကိစ္စများတွင် နွားနောက်ကို တန်ဖိုးသင့်၍ အပေးအယူ လုပ်ကြသကဲ့သို့ ချင်းတိုင်းရင်းသားတို့၏ မင်္ဂလာလက်ဖွဲ့ကြေးအဖြစ်လည်း အသုံးပြုသည်။ နွားနောက်များကို အိမ်များတွင် မွေးမြူကြခြင်းမဟုတ်ဘဲ အမှတ်အသားပြုကာ တောတွင်း၌ လွှတ်ထားကြသည်။ မိမိတို့ အလိုရှိချိန်ရောက်မှ တောတွင်းမှ နွားနောက်များကို သွားရောက်ယူဆောင်လေ့ရှိကြသည်။ တစ်ခါတစ်ရံ၌ နွားနောက်များရောထွေးကာ ပိုင်ဆိုင်မှု အငြင်းပွားခြင်းများလည်းရှိခဲ့သည်။ နွားနောက် အမတစ်ကောင်လျှင် ကျပ်ရှစ်သိန်း ဝန်းကျင်နှင့် နွားနောက်အထီးတစ်ကောင်လျှင် ကျပ် ၁၁ သိန်းဝန်းကျင် တန်ကြေးရှိကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

**ရှာလ်လုမ်း (Siallum) ခံတပ်**

တီးတိန်မြို့သို့ ရောက်ရှိလာသူများသည် အသည်းနှလုံးပုံစံရိဒ်ရေကန်နှင့် သမိုင်းဝင်ရှာလ်လုမ်းခံတပ်တို့သို့ သွားရောက်လည်ပတ်လေ့ရှိကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်း အဆောက်အအုံများနှင့် ရှေးဟောင်း နယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်မှုများပြုထားရာတွင် တီးတိန်မြို့နယ်ရှိ ရှာလ်လုမ်း ခံတပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ တီးတိန်မြို့နယ် ခေါဆကျေးရွာရှိ ဖို့ဝိုက်၊ ဆိုင်ဇန်းကျေးရွာရှိ စော်ဘွားအိမ်နှင့် လေယာဉ်ကွင်းဟောင်းတို့ကို ထိန်းသိမ်းထားခြင်း မရှိသေးပါချေ။

စီးယင်းချင်းဘာသာဖြင့် ရှာလ်သည် နွားနောက်ဦးခေါင်းဖြစ်ပြီး လုမ်းသည် ခံတပ်ဟုအဓိပ္ပာယ်ရသဖြင့် ရှာလ်လုမ်းသည် မြန်မာဘာသာဖြင့် နွားနောက်ဦးခေါင်းခံတပ်ဖြစ်သည်။ ရှာလ်လုမ်းခံတပ်သည် တီးတိန်မြို့နယ် ဝေ့လာကျေးရွာမှ တစ်မိုင်ခွဲခန့်ကွာဝေးကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ မြင့်သည်။ ကလေးမြို့မှ မိုင် ၃၀ ကွာဝေး၍ ဖလမ်း-သိုင်းငင်း မော်တော်ကားလမ်းပေါ်ရှိ ဇောင်ကောင်ရွာမှ သုံးနာရီနီးပါး သွားရောက်ကြရသည်။သိုင်းငင်းကျေးရွာသည် တီးတိန်မြို့နှင့် ၂၇ မိုင်၊ ကလေးမြို့နှင့် မိုင် ၃၀ ကွာဝေးကာ ဖလမ်း၊ ဟားခါးနှင့် တီးတိန်သို့သွားသည့် လမ်းသုံးခုဆုံသည့် သုံးပွင့်ဆိုင်နေရာတွင်တည်ရှိသည်။

ဗြိတိသျှတို့သည် ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည်ကို သိမ်းပိုက်ခဲ့ပြီးနောက် ချင်းတောင်ကို သိမ်းပိုက်ရန် ကြိုးပမ်းခဲ့စဉ် ချင်းလူမျိုးများနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ရာ ဝေ့လာရွာအနီးတွင် ဖြစ်ပွားသည့် ရှာလ်လုမ်းတိုက်ပွဲသည် အပြင်းထန်ဆုံးဖြစ်ခဲ့သည်။

၁၈၈၇ ခုနှစ်အတွင်း ချင်းတွင်းနိုင်ငံရေးအရာရှိ Captain F.D. Raikes သည် ဖလမ်းကောင်စီခေါင်းဆောင် ဗိုလ်ဆွန်ပက်၊ ကမ်ဟောက် ကိုယ်စားလှယ်လွန်ဆွတ်၊ အထက်ချင်းတွင်းခရိုင်ဝန်၊ စီးယင်းကိုယ်စားလှယ်ငါးဦး၊ ဟားခါးနှင့်ဇိုခွာကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ဗြိတိသျှပိုင် ဗမာပြည်ပိုင်နယ်မြေများကို ချင်းမျိုးနွယ်စုများ မတိုက်ခိုက်ရန်နှင့် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေးလမ်းကြောင်းဖောက်လုပ်ရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

သို့သော်လည်း ချင်းလူမျိုးများသည် ဗြိတိသျှတို့အပေါ် သံသယရှိခဲ့ကာ ၁၈၈၈ ခုနှစ် မတ်လတွင် တာရွှန်းစစ်သည်အင်အား ၅၀၀ ကျော်က အင်းဒင်း (ယခုအန်းတဲန်)ကို သိမ်းပိုက်ခဲ့ပြီး စစ်သည် ၃၀၀ က ကလေးဝ၊ စီးယင်းစစ်သည် ၅၀၀ က ကလေးမြို့နှင့် စစ်သည် ၆၀၀ က ကဘော်ချိုင့်ဝှမ်းကို တိုက်ခိုက်ခဲ့ကြသည်။

ချင်းလူမျိုးများသည် ဗြိတိသျှအစိုးရကို တော်လှန်တိုက်ခိုက်နေသည့် ရွှေချိုးဖြူမင်းသားနှင့် နောက်လိုက်များကို ချင်းတောင်ဒေသတွင် ခိုလှုံခွင့်ပေးခဲ့ကာ ၁၈၈၈ ခုနှစ်တွင် ဗြိတိသျှစခန်းများကို တိုက်ခိုက်ခဲ့သည်။

၁၈၈၉ ခုနှစ် ဖေဖော်ဝါရီလတွင် စီးယင်းချင်းမျိုးနွယ်များနေထိုင်သည့် ခေါဆရွာသို့ ဆာဂျော့ဝှိုက်နှင့် မေဂျာရိုက်ခ်တို့ ရောက်ရှိလာခဲ့ကာ ထုတ်လှိုင်ရွာတွင် တပ်စခန်းဆောက်ခဲ့ကြသည်။ ဘွင်မံကျေးရွာမှ တိုက်သူကြီး ဦးလျှင့်ကမ်း ဦးဆောင်သည့် စီးယင်းချင်းလူမျိုး ၃၇ ဦးတို့သည် ဗြိတိသျှတို့၏ ထုတ်လှိုင်စခန်းကို ချေမှုန်းရန် ရည်ရွယ်ချက်ဖြင့် ရှာလ်လုမ်းရွာတွင် မြေကျင်းများတူး၍ ခံတပ်တစ်ခုကို ဆောက်လုပ်ခဲ့ကြရာ ရှာလ်လုမ်းခံတပ်ဟု အမည်တွင်ခဲ့သည်။

ခံတပ်ကို ခံတပ်မ၊ ရဲမေကျင်း၊ ကျင်းပတ်လမ်း၊ အောက်ကျင်းနှင့် ကင်းထောက်ကျင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့ကာ ခံတပ်ပတ်လည်တွင် သုံးပေမြင့်သည့် ဆူးချွန်များချထားခဲ့သည်။ ခံတပ်တွင် အမျိုးသမီးနှင့် ကလေးများပုန်းခိုရန်နေရာ၊ သူကြီးများပုန်းခိုရန်နှင့် နတ်ဆရာများ ပုန်းခိုရန်နေရာများပါဝင်သည်။ ခံတပ်၏ အနောက်ပိုင်းသည် တောင်ဆင်းချောက်ကမ်းပါးဖြစ်သဖြင့် လုံခြုံမှုကောင်းသည်ဟု ဆိုနိုင်ပေသည်။

၁၈၈၉ ခုနှစ် မေလ ၄ ရက်တွင် ချင်းလူမျိုးများနှင့် ဗြိတိသျှတပ်များသည် ရှာလ်လုမ်းခံတပ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ လူအသေအပျောက်များသည့် အပြင်းထန်ဆုံး တိုက်ပွဲဖြစ်ခဲ့သည်။ ရှာလ်လုမ်းတိုက်ပွဲတွင် ချင်းလူမျိုးခေါင်းဆောင် ဦးလျှမ်ကမ်း၊ ဦးဝမ်းမောင်နှင့် ချင်းလူမျိုး ၂၈ ဦးဖြစ်သည့် တိုက်သူကြီး ဦးလျှင့်ကမ်း၊ ရွာစား ဦးဝမ်းမန်၊ ဦးတွောင်ဝုန့်၊ ဦးပေါင်ဆွေင်း၊ ဦးဇောင်အွန့်၊ ဦးဆဲမ်ပေါင်၊ ဦးခုတ်ဝမ်း၊ ဦးခိုင်ဆွပ်၊ ဦးလမ်းခုပ်၊ ဦးဇောင်ထွမ်း၊ ဦးဇဝမ်း၊ ဦးထန်ဟောက်၊ ဦးလုကမ်း၊ ဦးစွန်ဆွောင့်၊ ဦးအင်းခမ်း၊ ဦးပေါင်လမ်း၊ ဦးဟန်စိန်၊ ဦးတွန့်မန်၊ ဒေါ်လျှင့်ဝုန်၊ ဒေါ်ကွေ့ဝုန်၊ ဒေါ်ဝုန်နှဲမ်း၊ ဒေါ်အောက်ဟွဲ၊ ဒေါ်လမ်းကြောင်၊ ဒေါ်အွပ်ညောင်း၊ ဒေါ်ညောင်းကြောင်၊ ဒေါ်ဒိမ့်ငြ၊ ဒေါ်အွပ်ဟွဲ နှင့် ဒေါ်ဟွဲနွမ်းတို့ အသက်ဆုံးရှုံးခဲ့ကြသည်။ တိုက်ပွဲတွင် ဦးကမ်းကျင့်အပါအဝင် မျိုးချစ်ရဲဘော်နှင့် ရဲမေ ၁၁ ဦး ဒဏ်ရာရခဲ့သည်။

ရှာလ်လုမ်းခံတပ်ကို ၁၉၆၅ ခုနှစ်တွင် ထိန်းသိမ်းပြုပြင်မှုများဆောင်ရွက်ကာ ခံတပ်ကမ္ပည်းတိုင်ကို စိုက်ထူခဲ့သည်။ နယ်ချဲ့ကို တွန်းလှန်ခဲ့သည့် ချင်းလူမျိုးတို့၏ ရှာလ်လုမ်းတိုက်ပွဲ အောက်မေ့သတိရခြင်း အခမ်းအနားကို စီးယင်းချင်းမျိုးနွယ် ၃၀၀ ကျော် နေထိုင်သည့် ဝေ့လာကျေးရွာတွင် နှစ်စဉ်ကျင်းပလေ့ရှိသည်။

ဗြိတိသျှကိုလိုနီတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့စဉ် သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်များဖြင့် နယ်ချဲ့ကို ရဲရဲတောက်တော်လှန်ခဲ့သည့် ချင်းလူမျိုးများ၏ သမိုင်းမှတ်တမ်းအဖြစ် ရှာလ်လုမ်းခံတပ်သည် နှစ်ပေါင်း ၁၂၀ ကျော်တိုင်တည်ရှိနေခဲ့သဖြင့် သမိုင်းအထောက်အထားတစ်ရပ်အဖြစ် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်ပါပေသည်။ ။

**ကိုးကား။ ။**

**–မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)၊ (၄)**

**–ရှာလ်လုမ်းခံတပ်အကြောင်းသိကောင်းစရာ(ဗိုဟေဆာ)**


**–ကိုယ်တွေ့ခရီးသွား မှတ်တမ်းများ**













# ချေးငွေငါးမန်း အာသာငမ်း ဖမ်းစားတတ်သည်မှတ်

ကိုရင်ဩ

မရိုးမသားနည်းလမ်းဖြင့် ငွေရှာနေကြသော တရားမဝင် ငွေတိုးချေးနေသူများအား ဖြိုခွင်းနိုင်ရန် ထိုင်းရဲတပ်ဖွဲ့က ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည်ဆိုသော သတင်းတစ်ပုဒ်ကို မေ ၁၇ ရက်ထုတ် ဗန်ကောက်ပို့စ် သတင်းစာတွင် အကျယ်တဝင့် ရေးသားဖော်ပြထားပေရာ တရားဥပဒေစိုးမိုးရေး ရှုထောင့်အမြင်အရ စေ့ငုလေ့လာကြည့်ရန် ကျွန်ုပ်အာရုံဝင်စားမိလေ၏။

ထိုင်းနိုင်ငံတစ်ဝန်း လှုပ်ရှားနေသော ဥပဒေမဲ့ ငွေတိုးချသူ ၇၆၂ ဦး၏ အမည်စာရင်းကို ထိုင်းရဲတပ်ဖွဲ့က ရရှိထားပြီး ၎င်းတို့ကို ဖော်ထုတ်အရေးယူသွားရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ဟု သတင်းတွင် ဖတ်ရှုရလေသည်။

## ချေးငွေငါးမန်း

လိုင်စင်ရယူကာ ဥပဒေနှင့်အညီလုပ်ကိုင်သော ငွေရေးကြေးရေးလုပ်ငန်းမဟုတ်မူ၍ ဥပဒေဘောင်အပြင်ဘက်မှ မတော်မတရားနည်းလမ်းဖြင့် ငွေရှာသူများကို 'ချေးငွေငါးမန်း'(ဝါ) Loan shark ဟု ခေါ်တွင်ကြ၏။

ငါးမန်းမျိုးဟူသည်ကား လူသတ္တဝါတို့ကို အလွန်အန္တရာယ်ပေးတတ်သော သတ္တဝါအဖြစ် သိရှိကြ၏။'ချေးငွေငါးမန်း'ဟူသော ဝေါဟာရကို ဆန်းစစ်ကြည့်လျှင် အဆမတန်သော အတိုးနှုန်းထားဖြင့် ချေးငွေထုတ်ပေးသူဟူ၍ အဓိပ္ပာယ်ရရှိ၏။ ဥပဒေပညာရှင်သုံးအရ အဆမတန်မြင့်မားသော အတိုးနှုန်းယူ၍ ငွေချေးပေးခြင်းကို Usury ဟု သုံးနှုန်း၏။ သို့ဖြစ်ပေရာ ချေးငွေငါးမန်းဟူသော ဝေါဟာရသည် စာသုံးဝေါဟာရမဟုတ်မူ၍ ရွာသုံး(အရပ်သုံး) ဗန်းစကားတစ်ခု ဖြစ်ပေသည်။

ယဉ်ကျေးသော လူ့အဖွဲ့အစည်းတိုင်းတွင် သင့်တင့်မျှတသော အတိုးနှုန်းအထက် အတိုးနှုန်းကောက်ယူခြင်းမပြုနိုင်ရန် ဥပဒေများထုတ်ပြန်၍ ပြည်သူများအား အကာအကွယ်ပေးထားသည်ကို တွေ့မြင်နိုင်သည်။ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံတွင် ၁၉၄၅ခုနှစ် ငွေတိုးချစားသူများအက်ဥပဒေ (Money Lender Law, 1945) နှင့် ၂၀၁၁ခုနှစ် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ (Microfinance Law, 2011) တို့ကို အတိအလင်း ပြဋ္ဌာန်းထားပေသည်။

မြန်မာနိုင်ငံ၌ ငွေကြေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို အများအပြား တွေ့မြင်ရသည်။ လွတ်လပ်ရေးမရမီ ၁၉၄၅ခုနှစ်တွင် ငွေတိုးချစားသူများ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဤတွင်ရွှေ့ကား 'ငွေကိုယူသည်၊ လယ်ကိုယူသည်၊ လူကိုယူသည်' ဟူ၍ ပြောစမှတ်ပြုခဲ့ကြရသော ချစ်တီးများ၏ မတရားမှုလုပ်ရပ်များက ပြည်သူ့သမိုင်းတွင် ပုံရိပ်ထင်ကျန်ရစ်ပုံကို ကျွန်ုပ် ပြန်ပြောင်း သတိရမိသည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၉၅၉ ခုနှစ်တွင် ငွေရင်းနှီးရေး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေကိုပင် ၁၉၆၀၊ ၁၉၆၁ နှင့် ၁၉၆၂ ခုနှစ်တို့တွင် ပြင်ဆင်ချက် သုံးကြိမ်အထိ ပြုလုပ်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီတက်လာချိန်တွင် ငွေတိုးချေးစားသူများဥပဒေ (Money Lender Law, 1962) ကို ပြဋ္ဌာန်းခဲ့သည်။ ဆိုရှယ်လစ်စနစ်သို့ ဦးတည်သော စီးပွားရေးစနစ်ဖြစ်သည်နှင့်အညီ ငွေတိုးချေးစားခြင်းကို ဥပဒေဖြင့် ကန့်သတ်ခြင်း ဖြစ်သည်။

၂၀၁၁ ခုနှစ် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ အခန်း(၁၃)၊ ပုဒ်မ (၅၄) တွင် လုပ်ငန်းလိုင်စင်မရှိဘဲ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများကို မည်သူမျှ လုပ်ကိုင်ခြင်း မပြုရန် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်စေကာမူ ခဏကလေးနှင့် ခနရှင်သူဌေးဖြစ်နိုင်ဖို့ တစ်ပြိုင်နက် တစ်ချက်တည်း မြိုးမြိုးမြက်မြက် ငွေရနိုင်သော လုပ်ငန်းကို တရားမဝင် လုပ်ကိုင်နေသူများမှာ ယနေ့တိုင် ခေါင်းထောင်နေဆဲ ဖြစ်လေသည်။

တရားဝင် လိုင်စင်ဖြင့် လုပ်ကိုင်သည့်တိုင်အောင် ငွေရှင်များက ငွေကြေးဆုံးရှုံးရမည်ကို စိုးရိမ်ကာ ဝိုင်းကြီးချုပ်ငွေချေးငှားမှုစနစ်ကို လုပ်ဆောင်ရာမှ ပြဿနာများ တက်နေရသည်ဟု မီဒီယာသတင်းများအရ ကျွန်ုပ် ကြားသိခဲ့ရဖူးလေသည်။

တရားမဝင်သော ငွေချေးလုပ်ငန်းများသည် နိုင်ငံတော်အတွက် အခွန်ဝင်ငွေ ဆုံးရှုံးရမှုကိုလည်း ဖြစ်စေနိုင်၏။ တရားမဝင် ငွေချေးသူများမှာ တရားဝင် မှတ်ပုံတင်ထားခြင်း မရှိသဖြင့် တရားဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပေရာ ၎င်းတို့ကို အရေးယူနိုင်ပေလိမ့်မည်။

အသေးစား ချေးငွေလုပ်ငန်းကို ဥပဒေနှင့် လုပ်ဆောင်ကြသည့်တိုင်အောင် စနစ်တကျ ထုတ်ချေးမှုဖြစ်ရန် လိုအပ်သည်။ လိုင်စင်ရရှိထားသော အဖွဲ့များအနေဖြင့် ချေးငှားသူများ၏ လုပ်ငန်းအခြေအနေကို တိတိကျကျ စိစစ်ပြီးမှသာ ထုတ်ချေးရန် လိုအပ်ပြီး ချေးငှားသူများကလည်း မိမိ၏ ဝင်ငွေ အတိုင်းအတာအရသာလျှင် ချေးယူရန် လိုအပ်လိမ့်မည်။

အသေးစားချေးငွေအဖွဲ့များက အပေါင်ပစ္စည်းအခိုင်အမာ ရှိပါမှ ချေးပေးခြင်းရှိသကဲ့သို့ ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးပေးရာမှ နောက်ဆက်တွဲပြဿနာများ တွေ့ကြုံလာရသည်လည်း ရှိလေသည်။

## နေ့ပြန်တိုးချေးငွေ

တရားမဝင်ငွေချေးငှားသည့် လုပ်ရပ်များ အနက် နေ့ပြန်တိုးချေးငွေ ပျံ့နှံ့နေမှုမှာ အန္တရာယ်ကြီးလှသည်။ နေ့ပြန်တိုးစနစ်တွင် အတိုးနှုန်းမှာ အဆမတန်ကြီးမားနေပြီး အပေါင်ပစ္စည်းမရှိသူ အခြေခံလူတန်းစားများ (ခေါင်းရွက်ဗျပ်ထိုး၊ လက်လုပ်လက်စား စသည်တို့)မှာ အတိုးနှုန်း ၃၀ ရာခိုင်နှုန်းအထိပင် ပေးနေရပြီး နောက်ဆုံးတွင် ဘဝပျက်ရသည်ကို ကျွန်ုပ် တွေ့မြင်နေရလေသည်။

ဥပဒေအရ တရားမဝင်ငွေချေးလုပ်ငန်းကို ခွင့်ပြုပေးခြင်း မရှိသည့်တိုင်အောင် ချေးငွေငါးမန်းများ မင်းမူနေကြဆဲမှာ တရားဥပဒေစိုးမိုးမှု အားနည်းနေသည့် ပြယုဂ်တစ်ခုအဖြစ် ကျွန်ုပ်ရှုမြင်မိ၏။

မိတ်ဆွေအချင်းချင်း ကူညီသည့်အနေဖြင့် ရံဖန်ရံခါ ငွေထုတ်ချေးခြင်းမှာ ငွေတိုးချစားသူ ဖြစ်သည်ဟု မဆိုနိုင်သော်လည်း ငွေချေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် သတ်မှတ်ကာ ဥပဒေမဲ့ လုပ်ဆောင်ခြင်းမျိုး မရှိအပ်ချေ။ ကုန်သည်တစ်ဦးသည် ဥပဒေနှင့်အညီ လုပ်ကိုင်နေသည့်တိုင်အောင် ယင်းကုန်သည်က ငွေတိုးချေးစားသည့်လုပ်ငန်းကို လုပ်ဆောင်လာပါက ဥပဒေမဲ့ ငွေတိုးချစားသူအဖြစ် မှတ်ယူရပေမည်။


ဓာတ်ပုံ- thailandnews . co

မျှတမှုမရှိသော အတိုးနှုန်းထားဖြင့် ငွေတိုးပေးစားသူများသည် အဆင်းရဲဆုံး ပြည်သူများအပေါ် အနိုင်ကျင့်ကာ စာချုပ်အလွတ်ပေါ် လက်မှတ်ရေးထိုးခိုင်းခြင်း၊ ပေးဆပ်နေရသည့် အတိုးကို လက်ခံရရှိကြောင်း အထောက်အထားမပေးခြင်း၊ အကြောင်းအမျိုးမျိုးပြ၍ ငွေချေးယူသူအား ပြစ်မှု၊ တရားမကြောင်း စွဲဆို၍ ထောင်ဒဏ်ကျခံရစေရန် လုပ်ဆောင်ခြင်း၊ အိမ်ရာနှင့် မြေသိမ်းယူနိုင်ရန် လုပ်ဆောင်ခြင်း၊ ရပ်ကွက်လူကြီး၊ တရားသူကြီးစသည့် တာဝန်ရှိသူတို့အား လာဘ်ထိုးကာ သူတို့၏ အမှုတွင် ဘက်လိုက်ဆောင်ရွက်ပေးလာစေရန် လုပ်ဆောင်ခြင်းတို့ရှိသည်ဟု ကျွန်ုပ် ကြားသိရဖူးလေသည်။

ချေးငွေငါးမန်းများမှာ နဂိုမူလကပင် ဥပဒေကို လက်တစ်လုံးခြား လုပ်လေ့ရှိကြသည်။ ချေးငွေငါးမန်းများသည် ပဋိညာဉ်စာချုပ်တစ်ခုကို ဖန်တီးကာ ယုံကြည်မှုအရ ငွေချေးပေးသည်၊ ကာလအတိုင်းအတာမှာ မည်မျှ ဖြစ်သည် စသည်ဖြင့် ဥပဒေအရ ဘောင်ဝင်စေရန် ရေးသားဖော်ပြလေ့ရှိပြီး ယင်းစာချုပ်တွင် အတိုးနှုန်းသတ်မှတ်ချက်ကိုမူ ထိမ်ချန်ထားလေ့ ရှိတတ်သည်။

လက်တွေ့အရမူ အတိုးနှုန်းမှာ ၁၀၊ ၂၀၊ ၂၅၊ ၃၀ ရာခိုင်နှုန်းစသည်ဖြင့် ရှိနေသည်။ နေ့သွင်းဟူ၍ ရှိသလို လသွင်းဟူ၍လည်း ရှိသည်။ ဥပမာ- ငွေကျပ် ၁၀၀၀၀ ချေးငွေအတွက် အတိုး ၂၀ ရာခိုင်နှုန်းဆိုပါက တစ်နေ့လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ၂၄ ရက်တိုင်တိုင် နေ့စဉ် ပေးဆပ်ကြရသည်။

ပြည်သူများမှာ အတိုးနှုန်း အလွန်အမင်းများပြားနေသည်ကို သိရှိသည့်တိုင်အောင် ကလေးများအတွက် ကျောင်းစရိတ်၊ မိအိုဖအိုတို့အတွက် နာမကျန်းစရိတ်စသည်တို့အတွက် အရေးပေါ်ငွေကြေးလိုအပ်လာချိန်တွင် ချေးငွေငါးမန်းများထံ အောက်ကျို့ကာ ငွေချေးယူရလေသည်။

ဆင်းရဲသားပြည်သူတို့၏ အားနည်းချက်အပေါ် အခွင့်အရေးယူကာ ငွေတိုးချပါက ဥပဒေအရ ထောင်ဒဏ် နှစ်နှစ်ချမှတ်နိုင်သည်ဆိုသည့်တိုင် ချေးငွေငါးမန်းများမှာ ရပ်ကွက်များထဲ ကြီးစိုးနေကြဆဲဖြစ်လေသည်။

ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ငန်းတွင် အတူဒွန်တွဲလုပ်ဆောင်ရမည့် လှုပ်ရှားမှုအစီအစဉ်မှာ မတရား ငွေတိုးချသူများကို ထိရောက်စွာ ဖော်ထုတ်အရေးယူအပြစ်ပေးရေး ဖြစ်သင့်သည်ဟု ကျွန်ုပ်ယူဆမိ၏။

ပြည်သူတို့၏ လူမှုရေးဘဝ အခက်အခဲများအပေါ် အခွင့်ကောင်းယူကာ သူတို့၏ ချွေးနဲ့စာများကို မျိုဆို့နေကြသော ချေးငွေငါးမန်းများ၏ မတရားမှုလုပ်ရပ်များ ရပ်တန်းက ရပ်စေသင့်ပြီဖြစ်သည်။

နှစ်ဦးနှစ်ဖက်မျှတသည့် တရားဝင် ငွေရေးကြေးရေးလုပ်ငန်းများ မြို့ပြဒေသမှသည် ကျေးလက်တောရွာများအထိ စိမ့်ဝင်ထိုးဖောက်မှု မရှိသေးသမျှ မတရားစီးပွားရှာသူများ၏ လုပ်ရပ်များမှာ ဆက်လက်ရှိနေဦးမည်သာ ဖြစ်သည်။

ချေးငွေငါးမန်းများ၏ ဘေးအန္တရာယ်မှ ပြည်သူများအား အကာအကွယ်ပေးနိုင်ရေးအတွက် အသိပညာပေးရေးလုပ်ငန်းမှာ အထူးပင် အရေးကြီးလိမ့်မည်။ အသိပညာပေးရေးဟူသည် လူထုလှုပ်ရှားမှု (ကမ်ပိန်း) အစီအစဉ်များကို လတ်တလောချမှတ်ဆောင်ရွက်ရုံမျှမဟုတ်၊ အခြေခံပညာသင်ကျောင်းများမှာပင် 'ဘဝတစ်သက်တာ လေ့လာစရာ ဘဏ္ဍာရေးပညာ' သင်ခန်းစာများကို ပို့ချပေးသင့်သည်ဟု လူမှုရေးဗေဒပညာရှင်များက ထောက်ပြကြလေသည်။

## ကျင်လည်ကျက်စား

ချေးငွေငါးမန်းများ ကျင်လည်ကျက်စားရာ နေရာသည်ကား ကျေးလက်ဒေသများမှသည် တောမကျ၊ မြို့မကျဒေသများ၊ မြို့ကြီးများနှင့် မြို့တော်အထိ တစ်နံတစ်လျားကျယ်ပြောလှ၏။

ဆင်းရဲမွဲတေမှု လျှော့ချရေး အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် တရားမဝင်ငွေချေးမှု ပပျောက်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပေလိမ့်မည်။ ပြဋ္ဌာန်းထားသော ဥပဒေများ တိတိကျကျ အာဏာသက်ဝင်လာစေရေးတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြရပေမည်။ အမှန်တရားကို တမြတ်တနိုး တန်ဖိုးထားသော သတင်းသမားများကလည်း ချေးငွေငါးမန်းများကို ဖော်ထုတ်ပေးကြရပါမည်။

ယနေ့ကာလသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်လွှား၌ 'စီးပွားရေး မညီမမျှမှု' အလွန်များပြားနေသည်ကို သတိမူနိုင်သည်။ ကမ္ဘာပေါ်ရှိ ဘာသာတရားတိုင်းက ငွေတိုးချ၊ အပေါင်ခံ၊ အမြတ်ကြီးစား၊ အိမ်သိမ်း၊ လယ်သိမ်း၊ လူသိမ်းစသည့် ဝိသမလောဘ လုပ်ရပ်များအား ပြစ်တင်ရှုတ်ချကြသည်ကို တွေ့မြင်နိုင်သည်။

မြတ်ဗုဒ္ဓမိန့်ကြားလေ့ရှိသော 'ဒါနသံဝိဘာ ဂရုတော' (ပေးကမ်းဝေငှခြင်း၌ လူတိုင်း ပျော်ပိုက်ရမည်) ဟူသော အဆုံးအမမှာ ကြွယ်ဝခြင်းနှင့် ဆင်းရဲမွဲတေခြင်းတို့ကို ဟန်ချက်ညီမျှတစေသည့် လမ်းညွှန်ချက်ဖြစ်လေသည်။

ဆူးတောင်ကားကား ငါးမန်းဟူသည် ဇာတ်တူသားရော၊ ကျွန်ုပ်တို့ လူသားများကိုပါ ဖမ်းဆီးသတ်ဖြတ်စားသောက်ရန် အခါမလပ် သွေးဆူနေသော သတ္တဝါအဖြစ် ရှုမြင်မိရင်း "ချေးငွေငါးမန်း အာသာငမ်း ဖမ်းစားတတ်သည်မှတ်"ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
Ministry, Cops launch Loan shark blitz (Bangkok post)

# About Time မှာ တွဲဖက်ပါဝင်ထားကြတဲ့ လီဆန်ကွန်းနဲ့ လီဆန်းယန်



ဒီဇာတ်လမ်းတွဲကိုတော့ tvN ရုပ်သံလိုင်းကနေ လာမယ့်မေ ၂၅ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။

တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲသစ် "About Time" မှာတော့ မင်းသမီး လီဆန်ကွန်းနဲ့ မင်းသား လီဆန်းယန်တို့ တွဲဖက်ပါဝင်ထားကြတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာတော့ အဆိုပါရုပ်သံဇာတ်လမ်းတွဲအတွက် စာနယ်ဇင်းမိတ်ဆက်ပွဲကို ဆိုးလ်မှာပင် ကျင်းပခဲ့တာဖြစ်ပါတယ်။

ဒီပွဲကို ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ လီဆန်ကွန်းရော လီဆန်းယန်ပါ တက်ရောက်ခဲ့ပြီး အတူတွဲဖက်ကာ ဓာတ်ပုံတွေလည်း ရိုက်ကူးခဲ့ကြပါတယ်။ ဒီရုပ်ရှင်မှာတော့ သူတို့နှစ်ဦးအပြင် ဟန်ဆန်းယွန်း၊ အင်ဆယ်မီနဲ့ ကမ်ဒိုဂျမ်တို့ ပါဝင်ထားကြောင်းလည်း သိရပါတယ်။

"About Time"ဟာ ထူးခြားတဲ့ စွမ်းရည်တွေရှိကြတဲ့ လူသားနှစ်ဦး တွေ့ဆုံချစ်ကြိုက်ခဲ့တာကို ဇာတ်လမ်းဆင်ထားတာ ဖြစ်ပါတယ်။ လီဆန်ကွန်းရဲ့ ဇာတ်ကောင်ဟာ သူမြင်တွေ့နေရတဲ့ လူတွေရဲ့ သေဆုံးမယ့်အချိန်တွေကို သိမြင်နိုင်သူတစ်ဦးဖြစ်ပြီး တစ်နေ့မှာတော့ လီဆန်းယန်ရဲ့ ဇာတ်ကောင်နဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ သူဟာ လီဆန်ကွန်း ဇာတ်ကောင်ရဲ့ ထူးခြားတဲ့စွမ်းရည်ကို ရပ်တန့်ပစ်နိုင်သူတစ်ဦးဖြစ်ပြီး သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းက သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာကို ဖန်တီးခဲ့ပုံတွေကို ပုံဖော်ထားတာဖြစ်ပါတယ်။

# အချစ်တုတွေကို မလိုချင်ကြောင်း ထုတ်ဖော်လာတဲ့ BTS

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "BTS" ဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့အတူ ခေါင်းစီးတေးသီချင်း "Fake Love"ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးဗီဒီယိုမှာတော့ အဖွဲ့ဝင်တွေဟာ အတုအယောင်အချစ်တွေကို မလိုချင်တော့ကြောင်း သီချင်းစာသားတွေမှာ ထည့်သွင်းရေးဖွဲ့ထားတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၈ ရက်မှာတော့ "BTS"ရဲ့ တေးအယ်လ်ဘမ်သစ် "Love Yourself: Tear"ကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်နဲ့အတူ "Fake Love"တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာပါ။ ဒီတေးသီချင်းတွေမှာလည်း အဖွဲ့ဝင်တွေရဲ့ ဆန်းသစ်လှပတဲ့ ကကွက်တွေကိုလည်း တွေ့မြင်ခံစားကြရမှာဖြစ်ပါတယ်။

"Fake Love"တေးသီချင်းကိုတော့ "BTS"ဟာ မကြာမီမှာ ကျင်းပသွားမယ့် နိုင်ငံတကာတေးဂီတ ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboarg Music Awards"မှာ ပထမဆုံးအကြိမ် ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆုပေးပွဲမှာတော့ "BTS"ဟာ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်၊ အရီရန်နာဂရန်းဒ်နဲ့ ဆွမ်မန်းဒပ်စ်တို့နဲ့အပြိုင် ဆန်ခါတင်စာရင်းဝင်ခဲ့ကာ စုစုပေါင်းမဲအရေအတွက် သန်း ၃၀၀ နဲ့ ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ ဒီမဲအရေအတွက်ဟာ ဆုပေးပွဲသမိုင်းတစ်လျှောက် မဲအရေအတွက်အများဆုံး ရရှိခဲ့တဲ့ စံချိန်တင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပထမ ၂၄ နာရီအတွင်းမှာ ယခင်နှစ်က စံချိန်ထက် ကျော်လွန်နေတာ တွေ့ရပါတယ်။ ဒီနှစ်မှာတော့ "BTS"ဟာ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဒေမီလိုဗားတိုးနဲ့ ဆွမ်မန်းဒပ်စ်တို့နဲ့အပြိုင် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတာဖြစ်ပြီး ဒီနှစ်မှာလည်း ထူးချွန်ဆုကို ဆွတ်ခူးနိုင်မှာလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ယခုနှစ်ရဲ့ "Billboard Music Awards"ဆုပေးပွဲကိုတော့ လာမယ့် မေ ၂၀ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

**အေးပြည့်-ရေးသားသည်**

# Fifth Harmony ရဲ့ နောက်ဆုံးသောတေးဗီဒီယို ထုတ်လွှင့်



တေးဂီတလှုပ်ရှားမှုတွေကို အဖွဲ့လိုက်စတင်လုပ်ဆောင်ရင်း အောင်မြင်မှုတွေရလာတဲ့ ပေ့ါပ်တေးဂီတအဖွဲ့ "Fifth Harmony"ဟာ အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ရပ်နားကာ အဖွဲ့ဝင်တွေရဲ့ တစ်ကိုယ်တော်လှုပ်ရှားမှုတွေနဲ့သာ အနုပညာခရီးရှေ့ဆက်မှာဖြစ်ကြောင်း ယခုနှစ်အစပိုင်းမှာ ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ လတ်တလောမှာတော့ အဖွဲ့လိုက်ပါဝင်သီဆိုဖန်တီးထားတဲ့ တေးဗီဒီယိုကို စတင်ထုတ်လွှင့်ခဲ့ပြီး ယင်းတေးဗီဒီယိုဟာ အဖွဲ့လိုက်အနေနဲ့ နောက်ဆုံးထွက်ရှိတဲ့ တေးဗီဒီယိုဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေ ၁၈ ရက်မှာတော့ အဖွဲ့ရဲ့ "Don't Say You Love Me"တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာပါ။ "Fifth Harmony"ဟာ အဖွဲ့လိုက် ငါးနှစ်တာမျှ တေးသီချင်းတွေ အတူဖန်တီးခဲ့ပြီး ထူးချွန်ဆုတွေများစွာ သိမ်းပိုက်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ သီးခြားစီ ဆက်လက်လှုပ်ရှားလိုကြတာ ဖြစ်ပါတယ်။

အဖွဲ့ဝင်ငါးဦးနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ "Fifth Harmony"ကို ပထမဦးဆုံး နှုတ်ဆက်သွားသူကတော့ ကမ်မီလာကပ်ဘဲလိုဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှာ အဖွဲ့ကနေ နုတ်ထွက်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တဲ့ ပေ့ါပ်ကြယ်ပွင့်ဟာ လက်ရှိမှာတော့ တစ်ကိုယ်တော်တေးသံရှင်အဖြစ် အောင်မြင်နေပါပြီ။




# ယခုနှစ်အတွင်း ကြိုးမဲ့အားသွင်းစနစ်ကို BMW လျှပ်စစ်ကားများတွင် ထည့်သွင်းပေးသွားမည်

Qualcomm ကုမ္ပဏီမှတာဝန်ယူဦးဆောင်မှုဖြင့် BMW လျှပ်စစ်စွမ်းအင်သုံးကားများတွင် ကြိုးမဲ့အားသွင်းစနစ် ယခုနှစ် စက်တင်ဘာလခန့်တွင် ပါဝင်လာနိုင်ဖွယ်ရှိကြောင်းသိရသည်။ ၎င်းကြိုးမဲ့အားသွင်းစနစ်ကို BMW ကားများတွင် ထည့်သွင်းပေးမည်ဟု ၂၀၁၇ ခုနှစ် စက်တင်ဘာလက ကြေညာခဲ့ပြီး ယခုနှစ်တွင်အမှန်တကယ် မြင်တွေ့ရတော့မည်ဖြစ်ကြောင်း သိရသည်။

၎င်းကြိုးမဲ့အားသွင်းစနစ်ကို BMW i8 အမျိုးအစားနှင့် BMW i3 အမျိုးအစားကားနှစ်မျိုးတွင် စတင်ထည့်သွင်းပေးသွားမည်ဖြစ်ပြီး အခြားကားအမျိုးအစားများကို နောက်ပိုင်းကာလများတွင် တပ်ဆင်ပေးသွားဖွယ်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် လျှပ်စစ်စွမ်းအင်သုံးကား ထုတ်လုပ်မှုများရှိသော်လည်း ကြိုးမဲ့အားသွင်းစနစ်ပါဝင်လာခြင်းအဖြစ် BMW ကားများတွင် ပထမဆုံးဖြစ်လာတော့မည်ဖြစ်သည်။ အဆိုပါ ကြိုးမဲ့အားသွင်းစနစ်ဖြင့်အားသွင်းပါက သုံးနာရီခွဲခန့်ကြာမြင့်မည်ဖြစ်ပြီး အခြားကားများတွင်ထည့်သွင်းပေးပါက ကားအမျိုးအစားအလိုက် ကြာမြင့်ချိန်တူညီမှုမရှိနိုင်ကြောင်း သိရသည်။

Halo Wireless Charging နည်းပညာအသုံးပြုကာ လျှပ်စစ်ကားများကို ကြိုးမဲ့အားသွင်းစနစ်ထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၎င်းစနစ်ပါဝင်သော ကားအမျိုးအစားများ၏ ဈေးနှုန်းကိုမသိရှိရသေးဘဲ အမေရိကန်နှင့် ဥရောပနိုင်ငံအချို့တွင် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ဆီ

# နော်ဝေနိုင်ငံတွင် မောင်းသူမဲ့ဘတ်စ်ကားများ ဇွန်လတွင် စတင်ပြေးဆွဲမည်



နော်ဝေနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ မောင်းသူမဲ့ဘတ်စ်ကားများ ပြေးဆွဲရေးအတွက် ခွင့်ပြုချက်ရရှိပြီးနောက်တွင် လာမည့်ဇွန်လမှစတင်ကာ မောင်းသူမဲ့ဘတ်စ်ကားများကို စတင်စမ်းသပ်ပြေးဆွဲတော့မည်ဖြစ်ကြောင်း သိရသည်။

မောင်းသူမဲ့ဘတ်စ်ကားများ ပြေးဆွဲပေးခြင်းဖြင့် လူသားများ မောင်းနှင်ခြင်းထက် ပိုမိုကုန်ကျစရိတ်သက်သာ၍ အန္တရာယ်ပိုကင်းနိုင်စေရန် ရည်ရွယ်ကာ ၎င်းစီမံကိန်းကိုခွင့်ပြုပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

စတင် ပြေးဆွဲစဉ်ကာလအတွင်း ခရီးတိုလမ်းကြောင်းတစ်ခုစမ်းသပ်ပြေးဆွဲပေးမည်ဖြစ်ကာ ကြီးကြပ်လိုက်ပါမည့်လူတစ်ဦးပါဝင်မည်ဖြစ်ပြီး မောင်းသူမဲ့ဘတ်စ်ကားများ ပြေးဆွဲမှုအောင်မြင်ပါက အဆိုပါကြီးကြပ်သူလိုက်ပါခြင်းရှိမည်မဟုတ်တော့ဟု သိရသည်။

၎င်းမောင်းသူမဲ့ဘတ်စ်ကားများကို နည်းပညာစနစ်နှင့် လုံခြုံဘေးကင်းရေးစနစ်များ အကောင်းဆုံးဖြစ်အောင်ဖန်တီးသွားရန် ဝန်ကြီးဌာနမှညွှန်ကြားထားပြီး စမ်းသပ်မှုများအောင်မြင်ပါက အခြားလမ်းကြောင်းသစ်များ ထပ်မံရေးဆွဲကာ ပြေးဆွဲစေမည်ဖြစ်သည်ဟုသိရသည်။ အော်စလိုမြို့တွင် စတင်မည်ဖြစ်သော အဆိုပါမောင်းသူမဲ့ဘတ်စ်ကားစမ်းသပ်ပြေးဆွဲခြင်းကို အော်စလိုမှ တစ်နာရီခန့်မောင်းနှင်ရမည့် Akershus နေရာအနီးအထိအကွာအဝေးကို စမ်းသပ်ပြေးဆွဲ သွားနိုင်ဖွယ်ရှိကြောင်းသိရသည်။

နော်ဝေနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မကြာမီတွင် မောင်းသူမဲ့ဘတ်စ်ကားများအပြင် မောင်းသူမဲ့အိမ်စီးကားများကိုလည်း နော်ဝေတွင်မြင်တွေ့လာရဖွယ်ရှိကာ မောင်းသူမဲ့ဘတ်စ်ကားများကို ပထမဆုံးစတင်ပြေးဆွဲသည့် နိုင်ငံများစာရင်းတွင် နော်ဝေနိုင်ငံသည်လည်း ပါဝင်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ALEX

# အမျိုးသမီးကဏ္ဍဖွံ့ဖြိုးဖို့ လုံခြုံဝန်းကျင်ဖန်တီးစို့ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ချမ်းအေးသာစံ မေ ၁၉**
မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် Action Aid Myanmarတို့ ပူးပေါင်းကျင်းပသော "အမျိုးသမီးကဏ္ဍဖွံ့ဖြိုးဖို့ လုံခြုံဝန်းကျင်ဖန်တီးစို့" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃လမ်းကြားရှိ Hotel Sakura Princessခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအဖွဲ့များ၊ စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝေဝေဖြိုးက စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှရဲမှူး(ဦးစီး) ရဲမှူးသောင်းညွန့်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီဝင် ဒေါ်လှိုင်ယဉ်နွယ်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာကော်မတီအတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်း၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် Action Aid Myanmar အမျိုးသမီးအခွင့်အရေးဌာနမှ ဒေါ်ခိုင်ဇာလင်းတို့က အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးရေးလုံခြုံဝန်းကျင်ဖန်တီးရေးနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည် ဖြေကြားသည်။ **သီဟကိုကို(မန္တလေး)**



# လူထုဗဟိုပြုစီမံကိန်း ကျေးရွာများသို့ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ ကွင်းဆင်းလေ့လာ

**ကော့မှူး မေ ၁၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ လူထုဗဟိုပြု စီမံကိန်းစက်ဝန်း သုံးနှစ်စာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အခက်အခဲနှင့် အောင်မြင်မှု အခြေအနေများ လေ့လာရန် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက မေ ၁၇ ရက် နံနက်ပိုင်းတွင် ကော့မှူးမြို့နယ်သို့ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် ကမ္ဘာ့ဘဏ်မှ Country Director Ms. Ellen Goldstein၊ Nikolas Myint၊ Zeynep Durnev Darendeliler၊ လူထုဗဟိုပြုစီမံကိန်း နေပြည်တော်ရုံးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများပါဝင်ပြီး နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် လူထုဗဟိုပြု စီမံကိန်းရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စီမံကိန်းအကောင်အထည်ဖော်ကာလအတွင်း တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများကို မေးမြန်းအကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် ကော့မှူးမြို့နယ် သရက်တောကျေးရွာရှိ လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဆက်လက်၍ စီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုကြပြီး ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် ကာလအတွင်း တွေ့ကြုံခဲ့ရသည့် အခက်အခဲများအား မေးမြန်းခဲ့ရာ ကျေးရွာကော်မတီဝင်များနှင့် ကျေးလက်ပြည်သူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။
**ကြေးမုံ**

# လေဘေးဒုက္ခကျရောက်ခဲ့သော ကျေးရွာများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**မလှိုင် မေ ၁၉**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးဒုက္ခကျရောက်ခဲ့သော ကျေးရွာများမှ ပြည်သူများအား မိတ္ထီလာခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲကို မေ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် လေဘေးဒုက္ခကျရောက်ခဲ့သော ကျေးရွာများမှ ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုး၊ မိတ္ထီလာခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေခိုင်ဝင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေကျပ် ၁၆၆၃၃၀၀ နှင့် အသုံးဆောင်ပစ္စည်း ၁၀ မျိုးပါ လေးထောင့်ပလတ်စတစ်ပုံးများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မိုးကြိုးထိမှန်သေဆုံးခဲ့သူ နှစ်ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



မလှိုင်မြို့နယ်တွင် မေ ၁၁ ရက်မှ ၁၃ ရက်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၁၃ ရွာရှိ အိမ်ထောင်စု ၃၀ မှ ကျေးရွာနေ ပြည်သူများနှင့် ရုံးပင်စောက် ကျေးရွာအုပ်စု ကျောက်ဖူးကျေးရွာမှ လူနှစ်ဦး မိုးကြိုးထိမှန်သေဆုံးခဲ့သည့်အတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **အောင်ဌေး(မလှိုင်)**



# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် အခြေခံပညာ ပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲ တောင်ငူမြို့တွင် ပြုလုပ်

**တောင်ငူ မေ ၁၉**
အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ဆောင်ရွက်နေမှုများနှင့် အခြေခံပညာ ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းများဆွေးနွေးပွဲကို တောင်ငူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နတ်သျှင်နောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ဆင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် ကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်သည့် ပိုမိုကောင်းမွန်သော သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်း လာစေရေးကို အဓိကထားရည်ရွယ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်က အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ အဓိက ကဏ္ဍကိုးရပ်အား ရှင်းလင်းပြောကြားပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ဆောင်ရွက်နေမှုအခြေအနေများအား ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာအောင်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တာလေ၌ ဆန်စပါးအခြေပြု တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ခြင်းဆိုင်ရာ အသိပညာပေး

**တာလေ မေ ၁၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆန်စပါးအခြေပြု တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၁၇ ရက်ညနေပိုင်းက တာလေမြို့ နားယောင်းကျေးရွာအုပ်စု ဝမ်ကောင်းကျေးရွာ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက စပါးအထွက်နှုန်းတိုးတက်စေမည့် စိုက်ပျိုးနည်းစနစ်များ၊ ကုန်ကျစရိတ်လျှော့ချခြင်းဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးနည်းများ ကျင့်သုံးတတ်စေရန်၊ ဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင် သီးနှံများစိုက်ပျိုးလာစေရေးနှင့် ဆန်စပါးအခြေပြု တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းအရာများကို ဆွေးနွေးဟောပြောရာ တောင်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူ ၃၉ ဦး တို့အား လားဟူတိုင်းရင်းသားဘာသာများ ပါဝင်သည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး အသိပညာပေး နံရံကပ်ပိုစတာများ ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ဝေယံလင်း(ပြန်/ဆက်)**

# မင်းလှမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၃၃ လုံးနှင့် စာသင်ကျောင်းနှစ်ကျောင်း ပျက်စီးဆုံးရှုံး

**မင်းလှ မေ ၁၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မေ ၁၈ ရက် ညနေ ၃ နာရီခွဲခန့်ကလေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စုများအတွင်း၌ နေအိမ် ၃၃ လုံးနှင့် စာသင်ကျောင်းနှစ်ကျောင်း အမိုးလန်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လက်ပံရေကျော်ကျေးရွာအုပ်စုတွင် နေအိမ် ၂၀ လုံးနှင့် အမက ကျောင်းနှစ်ကျောင်း အမိုးလန်၊ နေအိမ်လေးလုံး ပြိုလဲပျက်စီး၊ ကျွဲတလင်းကျေးရွာအုပ်စုတွင် နေအိမ် ခုနစ်လုံး အမိုးလန်ပျက်စီး၊ အလယ်ကုန်းကျေးရွာအုပ်စုတွင် နေအိမ်တစ်လုံး အမိုးလန်ပျက်စီး၊ သရော(အမ်)ကျေးရွာအုပ်စုတွင် လျှပ်စစ်မီးတိုင်လေးတိုင် ပြိုလဲပျက်စီး ဆုံးရှုံးမှုဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်သည့် ကျေးရွာများသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရွာသူ ရွာသားများပူးပေါင်း၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **ပေါက်စ(မင်းလှ)**



## နှစ်(၆၀)ပြည့် မင်္ဂလာမွေးနေ့ဆုမွန်ရွှာ

ပါပါဒိုလ်ကြီးမြအောင် (အငြိမ်းစား) + မာမာဝေ ဒေါ်မေမေလှတို့၏ နှစ်(၆၀)ပြည့်မင်္ဂလာမွေးနေ့(၂၀.၅.၂၀၁၈)မှသည် မမှန်နှင့်အတူစိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် စိန်ရတုမင်္ဂလာနေ့တိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမင်းမောင်ကြီး + ဒေါ်စိန်စိန်
သမီးကြီး ဒေါ်ခင်လေးမျိုး
သမီးငယ် ဒေါ်ခင်မျိုးမြတ်
KLC Computer မိသားစု



$1250 $1350 $1750
SALE
09 4444 55 106 , 09 4430 600 48

ဆက်သွယ်ရန် - ၀၉ ၇၈၀၆၈၀၁၁၂

MINISTRY OF TRANSPORT AND COMMUNICATIONS
MYANMA RAILWAYS

**Extension of Tender Closing Date**

Myanma Railways Extends the Tender Closing Date as follows:

| Sr No | Tender No | Description | Initial Closing Date & Time | Extension Closing Date & Time |
|---|---|---|---|---|
| 1 | 16/MR/INDIA (E)2017-2018 | Track Recording Car EM 80 and Small Track Maintenance Machineries | 22.5.2018 (14:30)Hr | 10.7.2018 (14:30)Hr |

Managing Director, Myanma Railways
Ministry of Transport and Communications, Nay Pyi Taw, Myanmar

## Grace Education Services & Learning Center

Ya Thar Condo, 7Fl, 31 St, Middle Blk, Pabedan Tsp
facebook.com/Grace Education Services-GES Update

UNIVERSITY of CAMBRIDGE International Examinations
IGCSE
edexcel

- Economics
- English
- Mathematics
- Chemistry
- Physics
- Biology
- Business Studies



American High School Diploma

- Reading & Writing
- Mathematics
- Science
- Social Studies

Start here with your GED and go anywhere.

TOEFL( PBT ) / TOEFL ( iBT ) / IELTS

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း တက်ရောက်ကုသကြသည့်အတွင်း/အပြင် လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ခွဲစိတ်ခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးဖလင်နှင့် ဆေးရည်များဆေးရုံသုံးပစ္စည်း (Cosnsumables) များကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၂၄-၅-၂၀၁၈ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၆-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့။**
**ဖုန်း-၀၆၆-၂၀၅၀၃၅**

General English (4 Skills)
IELTS, Business English
Phone: 09-976490080

GW
0973220000
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း

LUCKY HOME

| | |
|---|---|
| Unitex | 90, 170, 220 |
| Orient | 150, 250, 300 |
| Premier | 220, 350, 400 |
| ICI | 300, 400, 650 |

PH-09-425305837
09-250161966

(ဂတ/၁၃/၁၈/၀၅၂) ခေါက်တာအောင်မိုးတည်ထောင်ဖွင့်လှစ်စီစဉ်သင်ကြားသည့်......
ထူးချွန် အောင်မြင်လိုသူများအတွက် မင်္ဂလာတောင်ညွန့်မြို့နယ်၏ တစ်ခုတည်းသော.....

# ထိပ်တန်း

အောင်ချက်ရာနှုန်းပြည့်
အတတ်သင် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
(၅)တန်းမှ(၁၀)တန်းအထိ

၉/၁၀ တန်း Bioတွဲ၊Ecoတွဲ၊ဝိဇ္ဇာတွဲ အားလုံးလက်ခံသည်။

စာသင်ခန်း တစ်ခန်းလျှင်(၂၀)ဦးသာ သင်ကြားမည်။
မည်သည့်အတန်းတွင်မဆို
ဘော်ဒါကျောင်းသား(၁၀)ဦးသာ လက်ခံမည်။
ထိပ်တန်းအထူးကုဆေးခန်းအတွက် သူနာပြုများအလိုရှိသည်။

အတန်းအားလုံး (၃-၆-၂၀၁၈)တွင် ဖွင့်မည်။

အမှတ်(၂၀၁)၊ သိမ်ဖြူလမ်းမကြီး။ တန်တော်လေးစာတိုက်မှတ်တိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - ၀၁ - ၃၇၂၆၄၈၊ ၀၉ - ၅၁၆၅၆၄၇၊ ၀၉ - ၇၃၀၀၅၇၆၇၊ ၀၉ - ၄၄၈၅၄၁၉၇၇

**၉/၁၀တန်း (Special)**
ပြောင်းလဲသွားသော မေးခွန်းပုံစံသစ်ကို အမှတ်ပေးစည်းမျဉ်းနဲ့အညီ အိမ်အရောက် အတတ်သင်
**(Teaching + Guide)**
**Ph:09-261117748**

**တိုက်ခန်းရောင်းမည်**
ပေ(၁၅×၅၀) (၄-လွှာ)
ကြွေပြားကပ်ပြီး
လမ်းမတော်မြို့နယ်၊
ဖုန်း-၀၉-၅၀၀၅၅၈၆

တိုက်ခန်းထပ်ရောင်းရန်/တောင်ဥက္ကလာပမြို့နယ်
18'x54'
18'x54'
15'x54'
ph- 09-252 226 848, 09-730 96497, 09-790 888 090

ပန်းချစ်သူ



## KMD Institute

တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများအတွက်
**University of Greenwich (UK)** ကွန်ပျူတာဘွဲ့၏
ပထမနှစ် ဒီပလိုမာသင်တန်းများအတွက် ပညာတော်သင်ဆုများရရှိမည့်အခွင့်အရေး

### First Year Diploma in Computing (L4DC)

| | |
|---|---|
| 28 May 2018 (Mon & Fri) 9:00 AM to 1:00 PM | 18 June 2018 (Mon & Fri) 11:00 AM to 3:00 PM |
| 11 June 2018 (Mon & Fri) 9:00 AM to 1:00 PM | 16 June 2018 (Sat & Sun) 10:00 AM to 5:00 PM |

- ပထမနှစ်အောင်မြင်သူများသည် NCC Education(UK)မှချီးမြှင့်သောနိုင်ငံတကာအသိအမှတ်ပြုဒီပလိုမာလက်မှတ်ရရှိပါမည်။
- အထူးအစီအစဉ်အနေဖြင့် KMD တွင်သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထွက်ရှိလာပါက ဂုဏ်ထူးရသော အရေအတွက်ပေါ်မူတည်၍ ပညာတော်သင်ဆုများထပ်မံ ရရှိမည်ဖြစ်ပါသည်။
- CB BANK ဘဏ်၊ AYA Bank ဘဏ်များနှင့် ချိတ်ဆက်၍ သင်တန်းကြေးများကို အရစ်ကျပေးချေနိုင်ရန် စီစဉ်ပေးထားပါသည်။

UNIVERSITY of GREENWICH | SQA | NCC | ISO

Call Now
09770867903

၂၀၁၇ - ၂၀၁၈ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများရရှိနိုင်မည့် ပညာတော်သင်ဆုများမှာ

- ဘာသာစုံ ဂုဏ်ထူးရှင် (၁၅)သိန်း
- ၅ ဘာသာဂုဏ်ထူးရှင် (၁၂)သိန်း (၅)သောင်း
- ၄ ဘာသာဂုဏ်ထူးရှင် (၁၀)သိန်း
- ၃ ဘာသာဂုဏ်ထူးရှင် (၇)သိန်း (၅)သောင်း
- ၂ ဘာသာဂုဏ်ထူးရှင် (၅)သိန်း
- ၁ ဘာသာဂုဏ်ထူးရှင် (၂)သိန်း (၅)သောင်း

KMD (Myaynigone) : No.331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 700895, 381776, 381035, 502233, 527436, 220555




**ဖခင်အမည်မှန်**

တပ်ကုန်းမြို့နယ်၊ ကံသာကျေးရွာ၊ မူလွန်ကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့သော မောင်သန့်ဇင်ထွန်း၏ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင် [၉/တကန(နိုင်)၁၄၂၆၀၀] ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်အောင်**

**ပျောက်ဆုံးကြောင်း**

Royal House Services Co., Ltd နှင့် Royal House Trading Co., Ltd ပိုင် စာရွက်စာတမ်းဖြစ်သော ID များမှာ လုပ်ငန်းလုပ်ကိုင်စဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၇၄၇၁၃**

**မြေရောင်းမည်**

ဒဂုံဆိပ်ကမ်း၊ ပေ(၄၀×၆၀)၊ (၃၃)သိန်း၊ ပွဲစားမလို။ **ဖုန်း-၀၉-၈၉၉၁၈၄၃၃၈**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(၀၉-၅၀၆၇၅၀၃)**

၁။ မလိခအိမ်ရာ၊ Shop House, 2RC (1680sf)
၂။ Paragon Residence (1600 Sf)
၃။ ပေ(၅၀×၅၃) (နောက်မြေပိုပါ) ဘိုးဘွား (မြေသီးသန့်)၊ သယ်န်းကျွန်း၊ သမာဓိ(၄)

**အမည်ပေါက်ရောင်းမည်**

ပေ(၄၀×၆၀)၊ စံချိန်မှီ (၁)၊ ကျောက်တန်း၊ ရင်းနှီးမြှုပ်နှံသင့်၊ အလွန်တန်သောဈေးဖြင့် အမည်ပေါက်ပါမစ်ရောင်းမည်။ သိန်း(၉၀) **ဖုန်း-၀၉-၉၇၂၆၆၃၃၆**

**နေရာကောင်းရောင်းမည်**

ပေ(၂၀×၇၀)၊ ရေ၊ မီး၊ အုတ်ခတ်၊ မစိုးရိမ် (၂)လမ်း၊ အေဝမ်းလမ်းမှလည်း ဝင်လို့ရ၊ ဗိုလ်မိုင်၊ မရမ်းကုန်း၊ တိတ်ဆိတ်အေးချမ်း၍ ပတ်ဝန်းကျင်အလွန်သန့်၊ မင်းဓမ္မ Project နှင့်နီး၊ သိန်း (၂၆၀၀)၊ **ဖုန်း-၀၉-၉၇၂၆၆၃၃၆**




**opfawm eJ opfyifc:pfcifwdvlr I; opfyifukESpfpOfpdkufa&wdkufukpk**


ရန်ကုန်မြို့ပြ တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ
ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး
တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ
စွယ်တော်စီးတီး အိမ်ရာ
မင်္ဂလာဒုံမြို့နယ်
ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး၊ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီ လက္ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံဈေးမှုန်၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိန်ကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။
Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈) ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄) စီး၊ Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။
ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center,SPA,
Convenience Store,
လူဦးရေ (၃၀၀) ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။
(၃) ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။
အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။
DEVELOPER-
GRAND STYLE CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
TEL : 09 799-332211, 09 797-221133
09 799-221133

## အမည်ပြောင်းခြင်း

ရွှေဘိုမြို့နေ အဖ ဦးမောင်မောင်လင်း [၁၂/ဥကမ(နိုင်)၀၂၃၀၂၂]၏ သမီးဖြစ်သူ အထက(၃) (KG) တန်းတွင် တက်ရောက်နေသော မရွှေအိပ်မက်အား ယနေ့မှစ၍ မမြတ်မှူးသွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်မှူးသွင်**







## IGCSE

## ဒေါ်လတ်လတ်ထွန်း[၁၂/မဂတ(နိုင်)၀၄၀၄၄၉]နှင့် အများသိစေရန်

ဒေါ်လတ်လတ်ထွန်း (ဘ) ဦးအေးကို[၁၂/မဂတ(နိုင်)၀၄၀၄၄၉] (ယခုနေရပ်လိပ်စာမသိသူ)သည် ကျွန်ုပ်၏မိတ်ဆွေကို မြေကွက်အမှတ်-၂၅၇/ခ၊ လူနေရပ်ကွက်-၉ (ပန်းခြံ၅လမ်း)၊ မြေတိုင်းရပ်ကွက်-၁၊ မဟာမြိုင်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော ဧရိယာပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်ကို အဆက်ဆက်စာချုပ်များနှင့်အတူ မြေချပါမစ်မူရင်း၊ ခြံမြေကွက်တို့အား လက်ရောက်လွှဲပြောင်းရောင်းချခဲ့ကြောင်း သိရပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ အမည်ပြောင်းခြင်းအငှားဂရန် လျှောက်ထားထုတ်ယူခြင်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကျွန်ုပ်ထံသို့အမြန်ဆုံး ဆက်သွယ်ပေးပါရန် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်ဦး**
**LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၅၈၈၇)**
**ဖုန်း-၀၉-၅၀၇၀၅၆၄၊ ၀၉-၄၂၅၀၃၉၅၂၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄/ရပ်ကွက်၊ ကရဏာ(၃)လမ်း၊ အမှတ်(၅၄၃)နေ ဦးအောင်ဝင်း-ဒေါ်သန်းသန်းဦးတို့၏ သား မောင်မျိုးအောင်ထက် [၁၂/ဥကမ(နိုင်)၂၀၃၆၀၀]သည် မိဘကိုစိတ်ထိခိုက်အောင် ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဆန္ဒဖြင့်ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်-ဦးအောင်ဝင်း**
**မိခင်-ဒေါ်သန်းသန်းဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ အမှတ်(၁၈အေ)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၃၅ဒီ)၊ မြေကွက်အမှတ်(၅၀ဒီ/၂-အေ)၊ မြေအမျိုးအစားမြေပိုင်မြေ၊ အမည်ပေါက် ဒေါ်လှမြင့်(ခ) လူဖိတ်ဟွန်း[၁၂/ဗတထ(နိုင်)၀၂၃၂၇၅]၊ ဒေါ်လူဖိတ်ယုတ်(ခ)ဒေါ်လှတင့်(ခ)မတောက်တီ[၁၂/ဗတထ(နိုင်)၀၂၃၃၅၁]၊ ဒေါ်ခင်လေးမြင့်[၁၂/ဗတထ(နိုင်)၀၂၄၅၅၃] မြေကွက်ဖြစ်ပါသည်။အမည်ပေါက်(၃)ဦးထဲမှ အစ်မလတ်ဖြစ်သူ ဒေါ်လူဖိတ်ယုတ်(ခ)ဒေါ်လှတင့်(ခ) မတောက်တီသည် ၁၄-၃-၂၀၁၇ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ကြောင်း သေဆုံးမှုလက်မှတ် ၎င်း၏အောက်အငယ်ဆုံး ညီမဖြစ်သူ ဒေါ်ခင်လေးမြင့်သည် ဒေါ်လူဖိတ်ယုတ်(ခ)ဒေါ်လှတင့်(ခ)မတောက်တီ ၏အစုအားအမွေဆက်ခံ ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေစား အမွေခံမရှိကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ ကျမ်းကျိန်သူအရာရှိ ရှေ့၌ကျန်ဆိုသည့် ၂၈-၃-၂၀၁၈ရက်စွဲပါကျမ်းကျိန်အမှတ်စဉ်၃/၇၃၂/၁၈ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ် တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့် နေ့မှစ၍(၇) ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ ကျိုက်ဗောဓိမြောက်ကွက်၊ ဦးပိုင်အမှတ် (၆၃/က)၊ မြေဧရိယာ(၀. ၀၅၇)ဧကရှိ ဦးဘရှင်အမည်ပေါက်(၃)ခရရှိပြီး မြေတစ်ကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ တစ်စိတ်တစ်ဒေသစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် အတူလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တင် တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)**
**အမှတ်-၁၅၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၉၅၇၄၂၀၂၊ ၀၅၆-၂၁၃၃၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ လူနေရပ်ကွက်အမှတ်(၁၃၁)၊ မြေကွက်အမှတ်(၈၇၆) ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀×၆၀)ရှိပါမစ်မြေကွက်အား အမည်ပေါက်သူ ဦးအောင်တင့် [၁၂/အမန(နိုင်)၀၂၃၈၃၇]ထံ မှအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဒေါ်မြင့်ဥမ္မာ [၁၂/မရက(နိုင်)၀၂၀၇၂၃] ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်မြေကွက်တန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ တစ်စုံတစ်ရာလာကန့်ကွက်ခြင်းမရှိပါက ယင်းမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွှန့်ညွှန့်သန်း (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)**
**အမှတ်(၃၂၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၂၆၈၈၀၊ ၀၉-၉၇၂၁၇၅၀၈၁၊ ၀၉-၂၆၀၉၈၃၃၃၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ သဇင်လမ်းနေ ဦးတင်လှ[၁၂/သဃက(နိုင်)၀၈၄၆၉၄]၏ သားဖြစ်သူ သန့်ဇော်ဦး [၁၂/ဒလန(နိုင်)၀၅၂၀၃၀]သည် ဖခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်တော်၏မိသားစုနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးတင်လှ**

**မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့နှင့်**


MAB
Myanma Apex Bank
VISA
FIFA WORLD CUP
RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA
MAB
FIFA WORLD CUP
RUSSIA 2018
VISA
Platinum
VISA
MAB
FIFA WORLD CUP
RUSSIA 2018
VISA
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches


















### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆/A)၊ မြေကွက်အမှတ်(၉၉ဘီ၂)၊ မြေကွက်တည်နေရာအမှတ် (၇၉/က)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ပြည်အနောက်ရပ်ကွက် (ဦးဝင်းထင်L/RGN၀၀၂၄၂၅)အမည်ပေါက်ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် ဦးဝင်းထင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်နှင်းလွင် [၁၂/ဒဂန(နိုင်)၀၀၆၄၇၂]မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း ဘေးပတ်ဝန်းကျင်ထောက်ခံကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်အမှတ် -၅၄၂/၂၄-၄-၇၃၊ စွန့်လွှတ်စာချုပ်အမှတ်-၁၇၂/၁၀-၂-၇၅တို့ကိုတင်ပြ၍ လျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လအတွက် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူသော လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

**FDAအသိအမှတ်ပြု**

(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးပစ္စည်းများ

| | |
|---|---|
| ၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ - စတင်ရောင်းချမည့်ရက် | ၁၄-၅-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် - | ၁၃-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ |
| ၃။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန်- | ၁၈-၆-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၉း၀၀နာရီ |

၄။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်း(၂)လမ်း၊ တိုက်အမှတ်(၁၁)၊ (၆)လွှာတွင် နေထိုင်သောကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မိုးသူ [၁၂/လမန(နိုင်)၁၄၂၉၂၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဖြိုးသီရိထွန်းတို့သည် ၂၀၁၈ခုနှစ်၊ မတ်လခန့်က (Online FaceBook)တွင် စတင်သိကျွမ်းခဲ့ကြပြီး ရင်းနှီးခဲ့ရာမှ ဖြိုးသီရိထွန်းသည် ၎င်း၏အကောင့်(Account) မှနေ၍ စုကြေးလေလံမဲများရောင်းချနေကြောင်း၊ ထိုစုကြေးလေလံမဲများဝယ်ယူပါက အမြတ်အစွန်းများရသည်ဟု ယုံကြည်အောင်ပြောဆိုခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှလည်း စုကြေးလေလံမဲများကို ဖြိုးသီရိထွန်းထံမှ ဝယ်ယူပြီး မိမိရင်းနှီးသောမိတ်ဆွေများသို့ တစ်ဆင့်ပြန်လည်ရောင်းချပေးခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ တစ်ဆင့်ဝယ်ယူပေးခဲ့သောစုမဲငွေများ (အကျိုးအမြတ်အပါအဝင်)တို့ကို ၂-၅-၂၀၁၈ရက်တွင် ပြန်လည်ပေးအပ်ရန် ချိန်းဆိုထားသော်လည်း စုမဲငွေများကိုပြန်လည်ပေးအပ်ခဲ့ခြင်းမရှိခဲ့ဘဲ ထွက်ပြေးတိမ်းရှောင်နေသည်ဟု လွှဲအပ်ချက်အရ ကြားသိရပါသည်။ [၉-၅-၂၀၁၈ရက် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပြီးဖြစ်ပါသည်။]

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဒေါ်ဇင်မိုးသူထံမှတစ်ဆင့် ပြန်လည်ဝယ်ယူထားသောအဆိုပါလေလံစုမဲရှင်များ၊ မိမိတို့နစ်နာဆုံးရှုံးခဲ့သော စုမဲကြေးများအတွက် ဥပဒေနှင့်အညီ ပြန်လည်တောင်းခံရန် အခွင့်အရေးရှိသော်လည်းစုမဲဝယ်ယူထားသူများမှ ကျွန်ုပ်၏မိတ်ဆွေနေထိုင်သော နေအိမ်ရှေ့တွင်လည်းကောင်း၊ ရပ်ကွက်အတွင်း၌လည်းကောင်းလာရောက်၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သရေကျဆင်းစေရန် နှင့်စိတ်ဓာတ်ညှိုးနွမ်းစေရန်လည်းကောင်း စွပ်စွဲပြောဆိုပြီး ပြုမူဆောင်ရွက်နေကြသည်ကို လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မမှန်မကန်လုပ်ကြံစွပ်စွဲပြောဆို ဆောင်ရွက်ခြင်းများမပြုရန် ဤကြော်ငြာစာဖြင့် တားမြစ်လိုက်ပါသည်။ အကယ်၍ ကျွန်ုပ်၏တားမြစ်ချက်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် မိမိဝယ်ယူထားခဲ့သော စုမဲကြေးများနှင့်ပတ်သက်၍ ငွေကြေးနစ်နာမှုများအတွက် ဥပဒေဘောင်အတွင်းမှနေ၍ တရားဥပဒေနှင့်အညီ တောင်းခံနိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၆၈၄၈)**
**အမှတ်(၉၇၁)၊ ကျမ်းစာသင်ကျောင်းလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၀၉၉၁**


စိန်ဘယက်အကြောပြေရှလိမ်းဆေးအဆီ
Roll On

အကြောင်းအမျိုးမျိုးကြောင့် ချောင်းဆိုးရင်ကျပ်ကင်းစေသောအောင်
ရွှေလေညှင်းဆေးကိုဆောင်

Myanmar's Largest Food & Hospitality Trade Exhibition
6-8 June 2018 MEP at Mindama, Yangon
FHMM FOOD & HOTEL MYANMAR
Register at www.foodandhotelmyanmar.com
Info Hotline : +951 378 975 Ext. 103



SAIC STUDY ABROAD Information Centre
Yangon Office
Diamond Condo, Tower B, 15th Floor, Room 1502, Pyay Road, Kamaryut Township, Yangon.
Tel : (09) 5151 008
Mandalay Office
No. 326, 62nd Street, Between: (29th x 30th) Street, Chanayetharzan Township, Mandalay.
Tel : (09) 4200 99997



SIM
Gain a quality education at Singapore Institute of Management and meet us at:
YANGON 24 MAY 2018, (THURS) 10:00AM-11:30AM Novotel (Bagan Room)
MANDALAY 26 MAY 2018, (SAT) 10:00AM-11:30AM Hilton Mandalay Hotel (Meeting Room)
PYAY 27 MAY 2018, (SUN) 10:00AM-11:30AM Aye Yar Do Hall
Full Scholarships Available
Contact us : T: +959 5085 373 | E: thetthetnwe@sim.edu.sg | www.simge.edu.sg

မဂ်လာပါ
09-450042704
09-250095116
09-420096296

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀)
## အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ရက်ပြောင်းလဲသတ်မှတ်ခြင်း

နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ (ခုတင်-၁၀၀၀)တွင် လူနာများအား ကုသမှုပေးရန် FDAအသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲဓာတ်မှန်သုံးဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ (၂၃-၄-၂၀၁၈)ရက် ကြေးမုံသတင်းစာတွင် ကြော်ငြာထားသော နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၏ ၂၀၁၈ခုနှစ် Mini Budget အတွက်အိတ်ဖွင့်တင်ဒါပုံစံပိတ်မည့်ရက် (၂၅-၅-၂၀၁၈)ရက် သောကြာနေ့ (အစား) (၃၁-၅-၂၀၁၈)ရက်၊ ကြာသပတေးနေ့သို့ ပြောင်းလဲသတ်မှတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)**
**ဖုန်း ၀၆၇-၄၂၁၄၆၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ကုသရေးဦးစီးဌာနမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် နေပြည်တော်ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံများတွင် လူနာများကုသပေးရန် FDA အသိအမှတ်ပြုဆေးဝါး၊ ဓာတ်ခွဲဓာတ်မှတ်သုံးဆေးများနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၂၅-၅-၂၀၁၈ ရက် နံနက် ၁၀ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၄-၆-၂၀၁၈ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**ဖုန်း-၀၆၇-၅၅၀၀၇၆**

ACE PE WATER TANK WITH HI-TECH
သန့်ရှင်းစေတော့မီ ACE ရေတိုင်ကီ



Silver Nano treated BACTECIDE
Chemical Tank
HORIZONTAL TYPE 70, 110, 170, 220, 250 GAL
VERTICAL TYPE 70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL
Ph: 01-3684743, 09-450048469, 09-443094221



အသက် [၄၀] ကျော် နောက်ပိုင်း အမျိုးသားများတွင် စတင်ဖြစ်ပွားလေ့ရှိသော အဆိုပါကျန်းမာရေးပြဿနာကို နည်းမှန်လမ်းမှန်ဖြင့် ကာကွယ်၊ ကုသနိုင်ရန်အတွက် အမျိုးသားများ လေ့လာဖတ်ရှုသင့်သည့်...
ဒေါက်တာခင်မောင်လွင် (FAME)
ရေးသားထားသော
ပန်းသေပန်းညှိုးရောဂါ
Ks 5,000
Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

ရဟန်းဒါယိကာမကြီး

## ဒေါ်ချိုချိုသိန်း(လက်ပံတန်း) (၆၂)နှစ်

**ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၁၂/က)၊ ကုန်းဘောင်(၁၂)လမ်း၊ (၆)ရပ်ကွက်နေ (ဦးအောင်ကျော်)-ဒေါ်မြလှိုင်တို့၏သမီးကြီး၊ ဦးစိန်မြင့် (ပြည်ထဲရေး-ငြိမ်း)၏ဇနီး၊ ဒေါ်ညွန့်မြိုင်(မ/ဒဂုံ)၊ ဒေါ်သန်းဆွေ(လ/ထညွှန်မှူး-ငြိမ်း၊ ကျောက်မျက်ရတနာ)၊ (ဦးဝင်းကြည်-ဒေါ်သန်းယဉ်)တို့၏တူမ၊ (ဦးစောဝင်း)-ဒေါ်မာမာစမ်း(ထ-၃၊ မ/ဒဂုံ)၊ ဦးအောင်ဆန်းဦး-ဒေါ်မြတ်မြတ်ခိုင် (ဦးစီးအရာရှိ-DAE)၊ ဦးအောင်မိုးကျော်-ဒေါ်မိုးပပတို့၏အစ်မကြီး၊ ကိုဘုန်းမော်ဦး (Lotte Hotel)-မသီရိဝေ(Daily Mat Co.,Ltd)၊ မနှင်းလဲ့လဲ့ဖြူ(Nokia, Coperation Engineer)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ် ဒေါ်ချိုချိုသိန်းသည် ၁၉-၅-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်ချိုချိုသိန်း (လက်ပံတန်း) (၆၂)နှစ်

**ဒု-လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၁၂/က)၊ ကုန်းဘောင်(၁၂)လမ်း၊ (၆)ရပ်ကွက်နေ (ဦးအောင်ကျော်)-ဒေါ်မြလှိုင်တို့၏သမီးကြီး၊ ဦးစိန်မြင့်(ပြည်ထဲရေး-ငြိမ်း)၏ဇနီး၊ ဒေါ်ညွန့်မြိုင်(မ/ဒဂုံ)၊ ဒေါ်သန်းဆွေ(လ/ထညွှန်မှူး-ငြိမ်း၊ ကျောက်မျက်ရတနာ)၊ (ဦးဝင်းကြည်-ဒေါ်သန်းယဉ်)တို့၏တူမ၊ ဦးထွန်းအောင်ကျော်(လ/ထညွှန်မှူး၊ လျှပ်စစ်စစ်ဆေးရေး၊ စစ်ကိုင်းတိုင်း)-ဒေါ်အေးအေးမွန်(လယ်ပြ-မ. ၅၊ ဒဂုံအရှေ့)၊ ဦးအောင်နိုင်ဝင်း-ဒေါ်နီနီထွန်း၊ ဒေါ်ခင်ထိုက်ထိုက်ဖြိုး(ထက်ပြ၊ ထ-၃၊ တ/ဥ)တို့၏အစ်မကြီး၊ တူ/တူမ လေးယောက်တို့၏ကြီးတော် ဒေါ်ချိုချိုသိန်းသည် ၁၉-၅-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်နီနီလွင်
## အသက် (၄၅) နှစ်

မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ အမှတ်(၁၄၂၆)၊ ဒီပါအေးမြလမ်းနေ ဦးကျော်မြင့်-ဒေါ်လွင်လွင်တို့၏သမီး၊ (ဦးထွန်းလွင်)၊ ဦးဇော်မင်း(စိုက်ပျိုးရေး-ပြန်ကြားရေး)၊ ဦးဌေးဝင်း-ဒေါ်သင်းသင်းဝ၊ ဦးအောင်မိုး(စိုက်ပျိုးရေး-ပြန်ကြားရေး)-ဒေါ်ကြည်ကြည်စိုးတို့၏ညီမ၊ မောင်သီဟအောင်-မဇင်ဇင်ဇော်၊ မောင်ဝေယံမင်း၊ မောင်မင်းဟိန်းတို့၏မိခင် ဒေါ်နီနီလွင်သည် ၁၉-၅-၂၀၁၈ရက် မွန်းလွဲ ၂း၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးသန်းလွင် (၈၈)နှစ်

**အလုပ်ရုံမှူး၊ မြန်မာ့ဆေးဝါး**
**ထုတ်လုပ်ရေးစက်ရုံ၊ ကြို့ကုန်း-ငြိမ်း**

သထုံမြို့နေ (ဦးသာဒွန်း-ဒေါ်သောင်း)တို့၏သား၊ အင်းစိန်မြို့နယ်နေ (ဒေါ်သန်းလှ)၏ခင်ပွန်း၊ အင်းစိန်မြို့သစ်၊ (ခ/၆)လမ်းနေ ဦးသန်းထွန်း-ဒေါ်ယုယုလွင်၊ (ဦးမောင်မောင်လွင်)-ဒေါ်မြင့်မြင့်မော်၊ အင်းစိန်မြို့သစ်၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်းနေ ဦးဝင်းနိုင်-ဒေါ်သီသီလွင်တို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုး ဦးသန်းလွင်သည် ၁၉-၅-၂၀၁၈ (စနေနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ဘုရင့်နောင်ရိပ်သာ၊ ၂လမ်းနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်(I.B.C) (၇၆)နှစ်

**(ဟိုတယ်/ခရီး-ငြိမ်း)**

ပုသိမ်မြို့နေ [ဦးအေးမောင်(မြေစာရင်း-ငြိမ်း)-ဒေါ်စိန်ရင်]တို့၏ သမီး၊ ဦးကံထွန်း(မြေစာရင်း-ငြိမ်း)-(ဒေါ်ညွန့်ညွန့်)တို့၏ညီမ၊ ဦးအေးနိုင်(မော်ကွန်းရုပ်ရှင်)-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးခင်အေး-ဒေါ်ယဉ်ယဉ်အေး (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)၊ ဦးရန်မင်းအောင်(တိုင်းထွေအုပ်)-ဒေါ်ချိုချိုဦးတို့၏အဒေါ်သည် ၁၈-၅-၂၀၁၈ (သောကြာနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ တိုက်(၃၁၁)၊ အခန်း(၁၅)၊ ရန်အောင်လမ်းသွယ်(၃)လမ်း၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဖေမြင့်(သံတွဲမြို့) (၆၉)နှစ်

သံတွဲမြို့၊ (၄)ရပ်ကွက်၊ သဇင်လမ်း၊ သမုဒ်ချောင်းရပ်နေ (ဦးသာစု)-ဒေါ်ခင်သိန်းတို့၏သားကြီး၊ (ဦးသိန်းရွှေ-ဒေါ်မယ်ဧ)တို့၏သားသမက်၊ ဒေါ်စောသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမင်းဦး(ချစ်ချစ်)-ဒေါ်လှလှဝင်း၊ ဒေါ်တင်တင်ခိုင်(မကြီး)၊ ဦးမျိုးမင်းလတ်(ပေါက်ကြီး)၊ ဦးအောင်အောင်သန်း-ဒေါ်မင်းရွှေစင်၊ ဒေါ်ဥမ္မာရွှေစင်မြင့် (အမက-အောင်ဆန်း)၊ ဦးကျော်ဇေယျ-ဒေါ်အိအိချိုတို့၏ချစ်လှစွာသောဖခင်၊ (ဦးမောင်နီ)-ဒေါ်သိန်းမြင့်(မကြီး-မြပြင်)၊ ဦးဖေဝင်း-ဒေါ်မကြီးတို့၏အစ်ကိုကြီး၊ တူ/တူမ ခြောက်ယောက်တို့၏ဘကြီး၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးဖေမြင့်သည် ၁၉-၅-၂၀၁၈ (စနေနေ့) နံနက် ၃း၄၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် သံတွဲမြို့၊ သမုဒ်ချောင်းသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ဝါဝါဟန် (၅၃)နှစ်

**လ/ထ မန်နေဂျာ၊**
**မြန်မာ့စီးပွားရေးဘဏ်၊ ငွေစု-၃**

ပဲခူးမြို့နေ ဦးတင်ဟန်-အမိဝမ်းတွင်းပါ အကြားအမြင်ဆရာမကြီး ဒေါ်ခင်စန်းမြင့်တို့၏သမီး၊ ရန်ကုန်မြို့နေ (ဒေါ်စန်းစန်းအေး)၊ ဦးစိန်အောင်မြ-ဒေါ်ကြူကြူဟန်တို့၏ညီမ၊ ဦးသန်းအောင်-ဆရာမကြီးဒေါ်မြင့်မိုရ်ခင်၊ ဆရာမကြီး ဒေါ်အေးချမ်းသာ၊ ဦးသန်းထူးဟန်-ဒေါ်သန်းသန်းတို့၏အစ်မ၊ မမြရတနာမိုး၊ မမြရတနာဖြိုး၊ မောင်ကြယ်စင်လင်း၊ မသင်းသီရိတင်တို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၁၉-၅-၂၀၁၈ (စနေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက်(က)၊ အခန်း(၈)၊ ရွှေဂုံတိုင်ဘဏ်ရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွေးစိန်(မုဒ္ဒွန်းရွာ၊ ဘီလူးကျွန်း) (၉၂)နှစ်

**ကျောင်းဆရာမ(ငြိမ်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘုရင့်(၁)လမ်း၊ (၆၀-က)နေ (ဦးရွှေရင်-ဒေါ်အေးသာ)တို့၏သမီး၊ [ဦးကြည်ရွှေ (နယ်ပိုင်ဝန်ထောက်-ငြိမ်း)]၏ဇနီး၊ [ဒေါက်တာဦးမင်းသန့်ဇင် (တွဲဖက်ပါမောက္ခ၊ သစ်တောတက္ကသိုလ်)]-ဒေါ်မြတ်မျိုးမြင့်(လ/ထ ကထိက-ငြိမ်း၊ စိုက်သိပ္ပံ)၊ ဒေါ်စာတုယဉ်(ကျောင်းဆရာမ-ငြိမ်း)၊ ဦးမင်းကြည်သန့်(ကထိက၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန၊ ရန်ကုန်အနောက်ပိုင်း နည်းပညာ တက္ကသိုလ်)-ဒေါ်ပြည့်ခိုင်မာဦး(ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး)တို့၏မိခင်၊ ကိုကျော်ခေါင်သန့်ဇင် (Research Assistant, WCS)၊ မောင်မင်းရှင်းသန့် (နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေး-၁)၊ မကေခိုင်သန့်ဇင်(ပထမနှစ်၊ အင်္ဂလိပ်စာ၊ ရန်ကုန်တက္ကသိုလ်)တို့၏ ဘွားဘွားကြီးသည် ၁၉-၅-၂၀၁၈(စနေနေ့) နံနက် ၉း၂၄နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## အလ်ဟာဂျ် ဦးလှရွှေ(စေတနာ) (၉၁)နှစ်

**ဟိုတယ်နှင့်ခရီး(ငြိမ်း)**
**နာယက-အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၁၅)နေ (ဦးမောင်ကြီး-ဒေါ်ဟန်)တို့၏ သား၊ (ဒေါ်တင်ဦး)၏ခင်ပွန်း၊ ဟာဂျီမဒေါ်ရီရီရွှေ၊ ဟာဂျီဦးမြင့်ရွှေ-ဟာဂျီမဒေါ်မြမြဦး၊ ဟာဂျီဦးမြငွေး-ဟာဂျီမဒေါ်ခင်ရွှေဝင်း၊ ဦးလှမြင့်-ဒေါ်နုနုဝင်း၊ ဦးသန်းဖေ-ဒေါ်ကြူကြူမာ၊ ဟာဂျီဦးဝဏ္ဏရွှေ-ဒေါ်လှလှနု၊ ဟာဂျီဦးသူရရွှေ-ဒေါ်ခင်ဝင်း၊ ဦးရဲလှ-ဒေါက်တာသီဂီရွှေတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၈ ယောက်၊ မြစ်၁၀ ယောက်တို့၏အဘိုး အလ်ဟာဂျ်အဗ်ဒုရ်ရဟီမ်(ခ)ဦးလှရွှေ(စေတနာ)သည် ၁၉-၅-၂၀၁၈ ရက် နံနက် ၂ နာရီတွင် အလ္လာဟ် သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ဇုဟိုရ်ဆွလာသ်အပြီး ရေဝေးကဗရ်စသာန်သို့ ပို့ဆောင်ဒဖ်နာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းစံ (၈၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာနေ (ဦးစာရေးကြီး-ဒေါ်ကျင်မြိုင်)တို့၏သား၊ ဒေါ်တင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြမြဦး၊ ဦးတင်မောင်လတ်၊ ဦးအောင်မျိုးဦး-ဒေါ်ဥမ္မာထွန်း၊ ဒေါ်တင်တင်ခိုင်တို့၏ချစ်လှစွာသောဖခင်၊ မောင်ထက်အောင်လျှံ၊ မောင်ဟိန်းထက်ဇော်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၅-၂၀၁၈(စနေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးရွှေထွန်း(ယခင်ထွန်းအိုလံပစ်ဆံသ) (၈၈)နှစ်

**ရွှေမင်းဝံသာသနာ့ရိပ်သာ ယောဂီ**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၆)လမ်း၊ ခြောက်လွှာ၊ အမှတ်(၁၄၂) နေ(ဒေါ်သန်းရီ)၏ခင်ပွန်း၊ (ဦးတင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးလှဖေ-ဒေါ်မြရင်)တို့၏သားသမက်၊ (ဦးဗလကြီး)-ဒေါ်မီမီထွန်း၊ ဒေါ်လှကေသီ၊ ဦးစိုးမြင့်-ဒေါ်သန်းသန်းဝင်း၊ ဒေါ်ခင်မာဝေတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကိုတင်ဇော်ဝင်း-မဖြူဖြူမြတ်၊ ကိုရန်လင်းကျော် (CEO-Top King Advertising & Marketing Co., Ltd)-မသဲသဲမာ၊ မစိမ့်မြတ်မြတ်(Capital Life Insurance)၊ ကိုမင်းဇာနည်အောင်(Super Light)၊ [ဗိုလ်ကြီးသုရဲမာန်(ခ) သီဟဗလ]၊ ကိုအောင်မြင့်သူ-မနော်ဖေစောထီးဂျူး(Thalun International School)၊ မောင်သက်လင်းရှိန်၊ ကိုကျော်သီဟ-မအေးသင်းခိုင်၊ မသက်ယမုံအောင် (Infinity Business)၊ မအိအိအောင်တို့၏ကျေးဇူးရှင်အဘိုး၊ မကြည်ဖြူရွှန်းလဲ့ဇော်(Grade-10၊ အထက-၅၊ ဗိုလ်တထောင်)၊ မရွှေရတီကျော်(ခ) Rebecca (Year 5) ALBA International School၊ စောစယ်မြူရယ်အောင် (Grade-3) FISC၊ မောင်ညီထက်အောင်တို့၏ ကျေးဇူးရှင်ဘိုးဘိုးကြီးသည် ၁၉-၅-၂၀၁၈(စနေနေ့) နံနက် ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် ဘိုကလေးဈေးလမ်းအောက်လမ်းတို့မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အထက်ပါ အမှတ် (၁၄၂)၊ (၄၆)လမ်း၊ ခြောက်လွှာ၊ ဗိုလ်တထောင်မြို့နယ်နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွန်း (၅၄)နှစ်

**(Chief-Cook)**
**Thanlwin Star(ယခင်သမ္မတဟိုတယ်)**
**CSL Shipping**

ရန်ကုန်မြို့၊ (၂၄)ရပ်ကွက်၊ ကမာလမ်းအနောက်၊ (၆၈/၁)၊ သုဝဏ္ဏနေ (ဦးအောင်ဝင်း) - ဒေါ်တင်ရီတို့၏ သားကြီး၊ မမြမြဝင်း(M.I.P)၏မောင်၊ မစပယ်၊ ကိုအောင်ကျော်ဦး (CSL Shipping)-မဖြူဖြူဝင်း၊ ကိုအောင်မျိုးဦး-မသူဇာဝင်း(U.S.A)၊ မဥမ္မာအောင်(U.N.O)၊ ကိုသန့်ဇော်မင်း-မအေးမိစံ(KBZ)တို့၏ချစ်လှစွာသောအစ်ကိုကြီး ဦးခင်မောင်ထွန်းသည် ၁၈-၅-၂၀၁၈ရက် နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်ဝင်း(ခ)ကျော်ကြီး
## အသက် (၃၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/ဘီ)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၂၂၇)နေ (ဦးသိန်းဝင်း)-ဒေါ်စန်းစန်းနွဲ့တို့၏သား၊ (ဦးမျိုးဇာထွန်း)-ဒေါ်နွယ်နီဝင်း(အကောက်ခွန်)တို့၏ညီ/မောင်၊ ဦးအောင်နိုင်ဝင်း-ဒေါ်နန်းသင်းသင်းဝေ၊ ဦးကောင်းထက်ဝင်း (MBL)-ဒေါ်ယဉ်ယဉ်ထွန်းတို့၏ အစ်ကို၊ တူ/တူမ နှစ်ယောက်တို့၏ ဦးလေး၊ ရွှေအိမ်သူ၊ မောင်ကျော်ဇေရတုတို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်တင်တင်မော်၊ ဒေါ်နန်းဥမ္မာမြင့်တို့၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၅-၂၀၁၈ (သောကြာနေ့) ညနေ ၃း၃၅ နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါ မြောက်ဒဂုံနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းဆွေ
## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂၆)၊ ပထမထပ်၊ (၁၃)လမ်းနေ (ဦးခင်မောင်-ဒေါ်သန်းကြည်)တို့၏သမီး၊ (ဦးအောင်ခန့်-ဒေါ်သိန်းရှင်)တို့၏ သမီးချွေးမ၊ ဦးဝင်းမြိုင် (အထက-၂၊ လှိုင်-ငြိမ်း)၏ဇနီး၊ ဦးရဲမြတ်သူ-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်ခင်သန္တာဝင်းတို့၏မိခင်၊ (ဦးအောင်ခင်ဇော်)၊ (ဦးလှအေး)-ဒေါ်စန်းစန်းမော်တို့၏အစ်မ၊ မချစ်စုမွန်၏အဘွားသည် ၁၈-၅-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁၂း၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မြေပုံမြို့နယ်အသင်း(ရန်ကုန်)

## ဦးကျော်ထွန်းအောင်(မြေပုံမြို့)
## အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (စီမံကိန်း-၁)၊ (၁၄)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၄၄၆)နေ ဒေါ်တင်စိန်မေ၏ခင်ပွန်း၊ ဦးမောင်ကြီးချေ(ခ)ထွန်းထွန်းလှိုင်-ဒေါ်တင်တင်စိုး၊ ဦးမောင်ငယ်ချေ(ခ)ကျော်ကျော်လှိုင်-ဒေါ်ရီရီမိုး၊ ဦးညီပု(ခ)အောင်အောင်လှိုင်-ဒေါ်ကြည်ကြည်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးကျော်ထွန်းအောင်သည် ၁၈-၅-၂၀၁၈ (သောကြာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) အလုပ်အမှုဆောင်အဖွဲ့

## ဒေါ်နွယ်နွယ်အောင်

**အမက(၁၀)၊ လှိုင်-ငြိမ်း**

## အသက် (၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၈၃)၊ လေးလွှာ (A)၊ ဗားကရာလမ်းနေ (ဦးဘိုးအောင်-ဒေါ်ခင်ကြည်ကြည်)တို့၏သမီး၊ (ဦးကြီးမြင့်)-ဒေါ်သန်းနွဲ့တို့၏သမီးချွေးမ၊ Dr. အောင်ပြည့်ဖြိုး (ဆေးသုတေသနဦးစီးဌာန)၏ မိခင်သည် ၁၈-၅-၂၀၁၈ (သောကြာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## စောစက်ဆန်ဂျိုး(ခ)ကိုဖိုးချို

**MYANMAR COSCO LIMITED**
**(Depot)**

## အသက် (၅၂) နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကွင်းမွှေး (၂)လမ်း၊ အမှတ်(၂၂၉၀)နေ (စောကလေဇာဂျိုး-နော်လေးဖေါ)တို့၏သားကြီး၊ စောပိုလေး-နော်လားရေတို့၏ သားသမက်၊ စောသီဟ (world vision-တိုက်ကြီး)၏ကျေးဇူးရှင်မွေးသဖခင်၊ တူ/တူမ ၂၂ ယောက်တို့၏ချစ်လှစွာသောဦးလေး၊ နော်စီးလယာ(အုတ်စက်-၁၊ အင်းစိန်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း စောစက်ဆန်ဂျိုး(ခ)ကိုဖိုးချိုသည် ၁၈-၅-၂၀၁၈ (သောကြာနေ့) ည ၁၀း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၈ ရက် နံနက် ၉ နာရီတွင် အင်းစိန် ပလောနဲမူးကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးအင်ကျန်(မြိတ်)
## အသက် (၉၅)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ (ဘီ)လမ်း၊ အမှတ်(၃၄)နေ (ဦးကူဝါ-ဒေါ်အေးမေ)တို့၏သား၊ (ဦးကျင်ရှောင်-ဒေါ်ကျင်အေး)တို့၏သားသမက်၊ ဒေါ်ကွီးဝေ၏ချစ်လှစွာသောခင်ပွန်း၊ ကိုအင်မျိုး-မဝင်းဝင်းကြည်၊ ကိုစိုးမြင့်-မတင်တင်ယု၊ ကိုဝင်းမြင့်-မတင်တင်ချို၊ ကိုစိုးလွင်-မချိုချိုမြတ်၊ ကိုစိုးမြင့်-မအေးအေးမော်၊ ကိုတင့်လွင်-မစီစီသန်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၆ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၈(စနေနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှိန်(ကျိုက်မရော) (၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၂၁/က)နေ (ဦးအောင်သိန်း)၏ဇနီး၊ (ဦးထိန်လင်း)-ဒေါ်လှလှမြင့်၊ ဦးထိန်ဝင်း-ဒေါ်အေးအေးမော်၊ ဦးမျိုးအောင်-ဒေါ်ခင်စန်းရီ၊ ဦးလှအောင်-ဒေါ်အေးအေးမော်၊ ဦးထင်ကျော်-ဒေါ်ခင်ဝင်းလှိုင်၊ ဒေါ်သီတာမွန်၊ ဦးမျိုးသန့်-ဒေါ်မိုးမိုးစံ၊ ဗိုလ်မှူးနိုင်လင်း-ဒေါ်ဖြူဖြူမွန်တို့၏မွေးသမိခင်၊ မြေး ၁၈ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး

## ဒေါ်စိန်တင် (၈၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မိုးကောင်းလျှပ်စစ်ဝင်း၊ လျှပ်စစ်ဝန်ထမ်းအိမ်ရာ (၅/ခ)နေ (ဦးတင်-ဒေါ်ခင်)တို့၏သမီး၊ (ဦးမြ)၏ဇနီး၊ ဦးသိန်းဇော် (မြန်မာ့ရေလုပ်ငန်း၊ Ex.E/E MAERSK Co.)-ဒေါ်မြင့်မြင့်မာ၊ (ဦးဇော်မင်းထွန်း)-ဒေါ်ခင်မူ(ဒု-အထွေထွေမန်နေဂျာ၊ Y.E.S.C၊ လျှပ်စစ်ရုံး)၊ ဦးမောင်မောင်-ဒေါ်သန်းသန်းဌေးတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွား ဒေါ်စိန်တင်သည် ၁၉-၅-၂၀၁၈ (စနေနေ့) ညနေ ၃း၃၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (အလုံမိုးကောင်းဝင်းလျှပ်စစ်ဝန်ထမ်းအိမ်ရာနှင့် စမ်းချောင်း၊ မကြီးကြီးလမ်းတို့မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်အေး (ကြို့တဲကျေးရွာ၊ စစ်တွေမြို့နယ်)
## အသက် (၇၅)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကြို့တဲကျေးရွာနေ (ဦးအောင်စိန်ထွန်း-ဒေါ်လှပန်းဖြူ)တို့၏သား၊ ဒေါ်မလှယဉ်၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်လှဦးစိန်)၊ (ဒေါ်အညွန့်ဖြူ)၊ ဒေါ်မဖြူချေတို့၏မောင်၊ ဦးကျော်လှသိန်း-ဒေါ်ဦးလှအေး၊ ဦးလှမောင်ကြီး-ဒေါ်ရီဆန်း၊ ဦးမောင်ကျန်ဝေ-ဒေါ်လှရီ၊ ဦးသိန်းလှိုင်-ဒေါ်ရီအေး၊ ဦးမောင်အေးလှိုင်-ဒေါ်မေသန်းနု၊ ဦးဆန်းထွန်း-ဒေါ်မအေးလှိုင်၊ ကိုမောင်အေးလှ(ခ)မောင်ထွီးတို့၏ဖခင်ကြီး၊ မြေး ၂၃ ယောက်တို့၏အဘိုးရှင်၊ မြစ်သုံးယောက်တို့၏ အဖီးရှင်သည် ၁၈-၅-၂၀၁၈ (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကြို့တဲရွာမသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းဌေး(ပန်းတနော်) (၇၄)နှစ်

**သမဝါယမဦးစီးဌာန (ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၇)ရပ်ကွက်၊ ဦးရွှေဖံအောင်လမ်း၊ အမှတ်(၅၀၄) နေ (ဦးဘသိန်း-ဒေါ်ချစ်မေ) တို့၏သားငယ်၊ (ဦးလှမြင့်)-ဒေါ်စန်းရီတို့၏ ညီ/မောင်၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ ဦးသူရ-ဒေါ်ကျော့ဇင်လင်းထိုက်တို့၏ဖခင်၊ ဦးအောင်ကျော်-ဒေါ်တင်မိုးအေး၊ ဦးရဲထွေးကြည်-ဒေါ်နီလာ၊ ဦးနိုင်မင်းဦး-ဒေါ်ယဉ်ယဉ်ချိုတို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၈ (စနေနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ဒဂုံမြို့သစ်မြောက်ပိုင်းနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်အောင်ငြိမ်းချမ်း

**ဒုတိယ-ကြီးကြပ်ရေးမှူး၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်**

## အသက် (၃၈) နှစ်

နေပြည်တော်စည်ပင်ဘဏ်လီမိတက် အိမ်ရာဝင်း၊ တိုက်(S-1)၊ အခန်း(၂၂)နေ ဦးအောင်ဖြိုး-ဒေါ်အေးအေးမြင့်တို့၏ သားကြီး၊ ဦးနောင်နောင်ငြိမ်းချမ်း-ဒေါ်ဇာခြည်လင်း၊ ဒေါ်ပြည့်ပြည့်ဖြိုး(နေပြည်တော်စည်ပင်ဘဏ်လီမိတက်၊ ဥတ္တရသီရိဘဏ်ခွဲ)၊ ဦးဝဏ္ဏဖြိုး-ဒေါ်ခိုင်ဇာသွဲ့၊ မောင်သီဟဖြိုးတို့၏အစ်ကိုကြီး၊ တိုက် (၄၃၇၈)၊ အခန်း (၃၃)နေ ဒေါ်ကြူကြူလေး၏ခင်ပွန်း၊ မောင်စစ်မင်းပိုင်၏ဖခင်သည် ၁၉-၅-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ဉာဏ်ဟိန်း (၃၈)နှစ်

**B.A (Business Management)**
**G.T.I (EP), PIA(KOREA SHIPPING)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘုရင့်လမ်း၊ အမှတ်(၁၉၉)နေ (ဦးတင်ဝင်း)၊ ဦးမောင်ဒွေး(ရွှေဆိုင်)-ဒေါ်ခင်အေးနွယ် တို့၏ချစ်လှစွာသောသားကြီး၊ ဦးမြတ်စိုး(က. စ. စ-၁၆၊ ငြိမ်း)-ဒေါ်စိုးဝင်းတို့၏သားသမက်၊ ဦးကျော်မျိုးနိုင်(စိုက်ခင်းမန်နေဂျာ)-ဒေါ်ဝင်းဝင်းကြည် (မြို့နယ်သစ်တောဦးစီးဌာန၊ ပန်းတောင်းမြို့)၊ ဦးထွန်းထွန်းဝင်း(ရုံးအုပ်စာရေးကြီး-လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန)-ဒေါ်သင်းကြူအောင်တို့၏မောင်၊ မဝင့်ဝါသင်း၊ ကိုအောင်ဖြိုး (ကံမြင့်မိုရ်-စက်သုံးဆီရောင်းဝယ်ရေး၊ ရွှေတောင်မြို့)၊ ဗိုလ်မှူးမျိုးမင်းစိုး(ငြိမ်း) (လ/ထ ညွှန်ကြားရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ဖလမ်းမြို့)-ဒေါ်မျိုးပအောင်တို့၏အစ်ကို၊ မမို့မို့လှိုင်၏ချစ်လှစွာသောခင်ပွန်း မောင်ဉာဏ်ဟိန်းသည် ၁၉-၅-၂၀၁၈ (စနေနေ့) နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ကိုင်းကြီး(မြို)တိုင်းရင်းသားကျေးရွာ နေအိမ်များ လွှဲပြောင်းပေးအပ်

**မောင်တော မေ ၁၉**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသော နေအိမ်အဆောက်အအုံ ၆၄ လုံး လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကိုင်းကြီး(မြို)တိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုင်းကြီး(မြို)ကျေးရွာအတွက် လှူဒါန်းသော နေအိမ်အဆောက်အအုံ ၆၄ လုံးကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် ကျေးရွာရပ်မိရပ်ဖနှစ်ဦးတို့က လက်ခံရယူသည်။

"အခုလို ကျွန်တော်တို့တိုင်းရင်းသားတွေ မိသားစုဘဝလုံခြုံစေရေးအတွက် ဒီလိုအခိုင်အမာ အဆောက်အအုံတွေ လှူဒါန်းပေးတဲ့အတွက် ဝမ်းသာပါတယ်၊ လူနေမှုဘဝမြှင့်တင်ပေးတဲ့အတွက်ကြောင့် နောင်အနာဂတ် လူငယ်တွေဘဝလုံခြုံမှုကို ရရှိစေမှာဖြစ်တဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးဖြစ်သူ မြိုတိုင်းရင်းသား ဦးစံသိန်းက ပြောသည်။

ယင်းနောက် ကိုင်းကြီး(မြို)ကျေးရွာ၌ နေအိမ်များဆောက်လုပ်ရန် ငွေကျပ်သိန်း ၆၀၀၀ ကျော် လှူဒါန်းခဲ့မှုအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံသည်။

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✻**



# ရွှေတိဂုံဘုရားတွင် ဓာတ်လှေကား စက်ချွတ်ယွင်းမှုကြောင့် လူ ၁၇ ဦး တစ်နာရီကျော်ကြာ ပိတ်မိ



**ရန်ကုန် မေ ၁၉**

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဓာတ်လှေကား စက်ချွတ်ယွင်းမှုကြောင့် ဓာတ်လှေကားမောင်းသူ အပါအဝင် လူ ၁၇ ဦး ဓာတ်လှေကားအတွင်း တစ်နာရီကျော်ကြာ ပိတ်မိနေသည့်ဖြစ်စဉ် ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အရှေ့ဘက်မုခ်ဓာတ်လှေကားအတက် (ညာဘက်ခြမ်း)၌ ဓာတ်လှေကားမောင်းသူ အပါအဝင် အမျိုးသားငါးဦး၊ အမျိုးသမီးကိုးဦးနှင့် ကလေးနှစ်ဦး သယ်ဆောင်ပြီး အပေါ်တက်ရာ ရောက်ခါနီး ၁၅ ပေအလိုတွင် လျှပ်စစ်ဗို့အားများ၍ မီးပြတ်တောက်မှုကြောင့် ရုတ်တရက် စက်ချွတ်ယွင်းရပ်တန့်သွားကာ အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○**

**ဓာတ်လှေကားအတွင်း ပိတ်မိနေသူများကို တာဝန်ရှိသူများက လှေကား၊ ကြိုးများဖြင့် ကယ်ထုတ်နေသည်ကို တွေ့ရစဉ်။**

# MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ကျင်းပ ဇွဲကပင်က ဟံသာဝတီကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

**ရန်ကုန် မေ ၁၉**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပထမရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၂)ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပသည်။ သုဝဏ္ဏကွင်းတွင် ဇွဲကပင်အသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✻**

# မြန်မာအမျိုးသမီးအသင်း ခြေစမ်းပွဲတွင် အနိုင်ရ

**ရန်ကုန် မေ ၁၉**

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် တောင်ကြီးမြို့၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ယနေ့နံနက်ပိုင်းက ပြည်နယ်အားကစားကွင်း၌ တောင်ကြီးမျိုးဆက်သစ်လူငယ် အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ရွေးချယ်ထားသည့် ပဏာမကစားသမားအားလုံးအသုံးပြုခဲ့ပြီး ပွဲထွက်ကစားသမားအဖြစ်အသုံးပြုရန် လျာထားသည့် ကစားသမားများကို

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ▼**




ဝတ္ထုတို

## ထပ်တူညီသော နှလုံးသားများ

■ မောင်စိုးဝေ(မြို့သာ)



"ဖျန်း ဖျန်း ဖျန်း"

ဘယ်နှကြိမ်မြောက်မှန်း မသိသော ရိုက်ချက်တို့က ကျွန်တော့်ပါးပြင်နှင့် ဦးခေါင်းထက်မှာ တရစပ်ကျရောက်လာသည်။ နာကျင်မှုကို အံကြိတ်ခံရင်း ကျွန်တော့်ကို ရိုက်နှက်ဆုံးမနေသည့် အမေ့ကို ငေးကြည့်မိသောအခါ အမေ့မျက်လုံးတို့တွင် မီးထတောက်စေလောက်သော ဒေါသအရိပ်အငွေ့တို့ကို ကျွန်တော်မြင်သည်။

"နောက်တစ်ခါ ထပ်သောက်ဦးမှာလား"

ဘယ်နှကြိမ်မြောက် မေးနေမှန်းမသိသော အမေ့မေးခွန်းတို့ကို တစ်ကြိမ်ဖြေခဲ့ပြီးဖြစ်၍ ကျွန်တော်ဆက်မဖြေဖြစ်ခဲ့။

ပေကတ်ကတ်လုပ်ရင်း အမေ့ခြေရင်းတွင် ခေါင်းငုံ့ပြီး ထိုင်နေလိုက်သည်။

"မတုပ်ရေ တော်ပါတော့ဟ"

ခပ်ညည်းညည်းခပ်လေးလေးအသံဖြင့် အဖေက အမေ့ကို ဝင်တားသည်။

"တော် ဝင်မတားနဲ့ ကိုသန်းမောင်၊ သားယောကျ်ားလေးကို အဓိကကိုင်တွယ်ဆုံးမရမှာ ဖခင်ရဲ့အလုပ်၊ တော်မဆုံးမလို့ ကျုပ်ကိုင်တွယ်နေရတာ၊ သားကိုးယောက်စလုံး မအေ့အမိန့်ကို ဘယ်ကောင်ဖီဆန်ရဲခဲ့သလဲ၊ ဒီအငယ်ဆုံးကောင်မှ နိုင်အောင်မထိန်းနိုင်ရကောင်းလားဆိုပြီး မိတုပ်တို့ ရာဇဝင်အရှိုင်းမခံနိုင်ဘူး၊ တော်အသာနေ ဝင်မပြောနဲ့"

"ဟ နင်ဆုံးမတာ လွန်နေပြီထင်လို့ ငါဝင်ပြောတာ၊ သားသမီးကို ရိုက်နှက်ဆုံးမမှ လိမ္မာမယ်ထင်နေသလား၊ မေတ္တာပေးပြီး ဆုံးမလည်းရပါတယ်ဟာ၊ ပြီးတော့ နင့်သားကလည်း နင့်စိတ်ဓာတ်အလုံးတူပဲ အရွဲ့အရွတ်ကတော့"

နောက်ဆုံးတော့လည်း အဖေဝင်ထိန်းလိုက်သဖြင့် အမေလက်လျှော့လိုက်ရသည်။ သို့သော်လည်း အမေက ထပ်ပြောလိုက်ပါသေးသည်။

"ဒီနေ့ ထပ်သောက်လာကြည့်စမ်း ငါ့အကြောင်းသိမယ်"

× × × × ×

တကယ်တော့ အမေ့အကြောင်းကို ကျွန်တော်သိရုံသာမက တစ်မိသားစုလုံး သိပါသည်။ တစ်ရပ်ကွက်လုံးလည်း သိပါသည်။ သားကိုးယောက်မွေးထားသော မိခင်တစ်ဦးဖြစ်သည်။ သားများအပေါ် အလွန်သြဇာညောင်းသည်။ သားများအပေါ် ခပ်တည်တည်ခပ်တင်းတင်း ဆက်ဆံလေ့ရှိသည်။ ရိုက်နှက်ဆုံးမသည့်အခါတိုင်း သူထိုင်နေသည့် ထိုင်ခုံအနီးသို့ သားများက လာရောက်၍ အရိုက်ခံရစမြဲ။ အခုလည်း ကျွန်တော် မနေ့ညနေက သူငယ်ချင်းများနှင့် အရက်အနည်းငယ်သောက်ခဲ့သည်ကို အမေသိသွား၍ ရိုက်နှက်ဆုံးမနေခြင်းပင်ဖြစ်သည်။ "နောက်နောင်အရက်လုံးဝမသောက်တော့ပါဘူး" ဟု ပြန်ဖြေသော်လည်း ထပ်ကာထပ်ကာ ပြန်ဖြေခိုင်းပြီး ရိုက်နှက်သဖြင့် ကျွန်တော်ပြန်မဖြေတော့ဘဲ အရိုက်ခံနေခြင်းဖြစ်၏။

ကျွန်တော် အမေ့ကိုကြောက်ပါသည်။ ချစ်ကြောက်ရိုသေဟူသော ကြောက်ခြင်းမျိုးနှင့်ကြောက်ပါသည်။ အမေသည် သားသမီးတို့ကို အပြစ်ရှိလျှင်သာ ကြမ်းတမ်းစွာရိုက်နှက်ဆုံးမတတ်သော်လည်း သားသမီးများကို တတ်စွမ်းနိုင်သမျှ ပြုစုစောင့်ရှောက်တတ်သူတစ်ဦးဖြစ်ပါပေသည်။ ထိုစဉ်က ကျွန်တော်က ဆယ်တန်းစာမေးပွဲ ကျရှုံးပြီး ကျောင်းဆက်မတက်တော့ဘဲ ပေပေတေတေ နေမိနေသော ကာလများဖြစ်သည်။ မိဘများ၏ အဓိက အသက်မွေးမှုလုပ်ငန်းထဲမှ တစ်ခုအပါအဝင်ဖြစ်သော နွားကျောင်းအလုပ်ကို လုပ်ကိုင်ရင်း အရက်သေစာ စတင်သောက်သုံးတတ်လာခဲ့၏။ အမေ မသိအောင် ပိပိရိရိနေသော်လည်း အကင်းပါးသော အမေက ဘယ်နေရာမှာ ဘယ်သူတို့နှင့် သောက်စားခဲ့သည်ကို ကြိုသိတတ်စမြဲပင်ဖြစ်၏။ အမေ သိလျှင်တော့ သိသည့်အဆင့်နှင့် လျစ်လျူမရှုဘဲ ရိုက်နှက်သည့်အဆင့်သို့ အလိုလိုရောက်သွားတတ်သည်။ မသောက်တော့ဘူးဟု ဆုံးဖြတ်လိုက်သော်လည်း နွားကျောင်းဖော် နွားကျောင်းဖက် သူငယ်ချင်းများနှင့် ညနေခင်းနွားသွင်းခါနီး အချိန်တွင် ကျွန်တော်ထပ်သောက်ဖြစ်ခဲ့သည်။ အမေ့အကျင့်ကလည်း ထူးခြားသည်။ သောက်စားထားသည့်အချိန် ဘာမှပြောဆိုခြင်းမရှိဘဲ ခပ်တည်တည်နေ၍ နောက်နေ့နံနက်ခင်းရောက်မှ သူ့ရှေ့သို့ခေါ်ရိုက်သည်။ သည်တစ်ခါလည်း အရင်တစ်ခါထက်မလျော့သော ရိုက်ချက်များဖြင့် မိတ်ဆက်ခံရပါသည်။ နှစ်ရက်ဆက်တိုက် အရိုက်ခံရသဖြင့် ကျွန်တော့်မျက်နှာနှင့် ဦးခေါင်းတို့တွင် တစ်နေကုန် နာကျင်ကိုက်ခဲနေ၏။ နာကျင်ကိုက်ခဲတိုင်းလည်း "လုပ်ရက်လိုက်တာ အမေရာ၊ အမေ့အသားမနာတိုင်း ရိုက်ရက်တယ်ဗျာ" ဟု စိတ်ထဲတွင် မချိတင်ကဲစကားဆိုမိ၏။ ထိုသို့သော နာကျင်ခြင်းများကို သက်သာစေရန်အလို့ငှာလည်းကောင်း၊ သည်တစ်ခါတော့ မင်းအမေ ဆက်မရိုက်ရက်လောက်တော့ပါဘူးကွာဟူသော သူငယ်ချင်းများ၏ မြှောက်ပင့်အကြံပေးစကားများကြောင့် လည်းကောင်း ကျွန်တော် ဆက်သောက်ဖြစ်ခဲ့ပါသည်။ ထိုညနေက ကျွန်တော်၏အိမ်အပြန်ခရီးသည် တော်တော်မှူးခဲ့ပါသည်။

× × × × ×

မူးနေသည့်အချိန်တော့ အမေက ဆုံးမလေ့မရှိ။ ထုံးစံအတိုင်း နောက်တစ်နေ့နံနက်တွင် အိပ်ရာထမျက်နှာသစ်ပြီး အမေထိုင်နေသောထိုင်ခုံခြေရင်းသို့ အမေလှမ်းမခေါ်မီကပင် အမေရိုက်ရန် အလိုက်သင့်ထိုင်ပေးလိုက်သည်။ သားတွေအပေါ် သြဇာညောင်းလှသည့် အမေကလည်း သူ့လမ်းစဉ်အတိုင်း ရိုက်နှက်ဆုံးမရန် အသင့်ရှိနေ၏။

"ငါ ဒီလောက်တားနေတဲ့ကြားက စကားနားမထောင်တဲ့အကောင် သေဖို့ပြင်ထား" ပြောပြောဆိုဆို ကျွန်တော့်ဆံပင်ကိုဆွဲ၍ ဖျတ်ခနဲ ရိုက်ချလိုက်သောလက်သည် အရှိန်လျော့သွားမှန်း ကျွန်တော်ခံစားမိလိုက်သည်။ ထို့နောက်တွင်တော့ အမေသည် ကျွန်တော့်မျက်နှာနှင့်ခေါင်းတို့မှ ဒဏ်ရာဒဏ်ချက်တို့ကို သေသေချာချာ လှန်လှောကြည့်သည်။ ပြီးမှ ကျွန်တော့်မျက်နှာကို သူ့ဘက်သို့ဆွဲလှည့်စိုက်ကြည့်ရင်း မျက်ရည်အချို့ တစ်လိမ့်ချင်းစီးကျလာတော့၏။ အလွန်စိတ်ဓာတ် မာကျောလှသောအမေသည် သူရိုက်နှက်ခဲ့သည့် ကျွန်တော့်ခန္ဓာမှ ဒဏ်ရာများကိုကြည့်ရင်း "ငါဘာမှ မပြောချင်တော့ဘူး၊ သွားတော့" ဟုသာ ငိုရှိုက်ရင်းပြောရှာတော့၏။

သူ့ပြောစကားကို နားမထောင်သောကြောင့် စိတ်အူချဉ်ပေါက်၍ ငိုခြင်းဖြစ်နိုင်ပြီး စိတ်အရမ်းတိုနေချိန်တွင် ဆက်မရိုက်ချင်သဖြင့် ကျွန်တော့်ကို သွားခိုင်းခြင်းဖြစ်သည်ဟု ကျွန်တော်တွေးထင်မိသော်လည်း ကျွန်တော်မတွေးမိသောအချက်ကို အဖေက လာပြောပြသွားပါ၏။

"မင်းအသားတင်နာတယ်မှတ်နေသလား ငါ့သား၊ မင်းကိုကိုးလလွယ်ဆယ်လဖွားခဲ့တဲ့ မိခင်တစ်ယောက်ကွ၊ မင်းအမေက မင်းအသားနာတာထက် ပိုခံစားရတယ်၊ သားတွေကို ဆိုးသွမ်းမှာစိုးလို့ ရိုက်နှက်ဆုံးမတတ်ပေမယ့် ရိုက်နှက်ပြီးတိုင်း စိတ်မကောင်းဖြစ်ပြီး မစားနိုင်မသောက်နိုင်ဖြစ်နေရတယ်၊ အခုဆို မင်းအမေအသက်ကလည်း ခြောက်ဆယ်ကျော်လာပြီ၊ အကြီးသားတွေတုန်းက ငယ်စိတ်နဲ့ နည်းနည်းထိန်းနိုင်သေးတယ်၊ အခုတော့ အသက်ကြီးလာတာလည်း တစ်ပိုင်းပါတယ်၊ မင်းကိုစရိုက်တဲ့နေ့ကတည်းက မင်းလည်း နွားကျောင်းထွက်သွားရော မင်းအမေမျာ ကျိတ်ငိုရှာတယ်၊ ငါ့သားရေ မင်းကိုရိုက်လို့ မင်းတစ်ယောက်တည်း နာကျင်နေတယ် မထင်နဲ့၊ မအေဆိုတာ သားသမီးနာကျင်မှုကို ကိုယ့်နာကျင်မှုထက် ပိုခံစားတတ်တယ်"

× × × × ×

ထို့နောက်ပိုင်းတွင်တော့ မြင်ရခဲ့သည့် အမေ့မျက်ရည်စက်များက ကျွန်တော့်စိတ်ကို တော်တော်စိုးမိုးနိုင်ခဲ့ပါ၏။ အမေစိတ်ချမ်းသာအောင် အမေမကြိုက်သည့်အလုပ်ကို တတ်နိုင်သမျှ ရှောင်ကြဉ်ဖြစ်ခဲ့ပါ၏။ အမေမကြိုက်သောအရာများကို အပြီးပိုင်မစွန့်လွှတ်ဖြစ်သည့်တိုင် အတတ်နိုင်ဆုံးရှောင်ကြဉ်ဖြစ်ခဲ့သည်။ ထို့အတူ အမေကြိုက်နှစ်သက်သော အမေဖြစ်စေချင်သောအရာတို့ကိုလည်း ကျွန်တော်တတ်စွမ်းသမျှ ပြုမူဖြစ်ခဲ့၏။ ကျွန်တော်ဆယ်တန်း ပြန်ဖြေခဲ့ပါသည်။ အောင်လည်း အောင်မြင်ခဲ့ပါ၏။

× × × × ×

'ဖျန်း ဖျန်း ဖျန်း"

"ကဲဟယ် ကဲဟယ် ဒီလောက်အငြိမ်မနေတဲ့ ကလေး" အသံကြားရာကို လှမ်းကြည့်လိုက်သည့်အခါ နှစ်နှစ်အရွယ်သမီးဖြစ်သူကို ရိုက်နှက်နေသော ဇနီးသည်ကိုတွေ့လိုက်ရသည်။

"ဝါး. . . ဝါး. . . ဝါး" နာလည်းနာလန့်လည်းလန့်သွားပုံရသော သမီးလေးက မိခင်ကိုကြည့်၍ စူးစူးဝါးဝါးအော်ငိုသည်။

"ဘာလို့ရိုက်လိုက်တာတုံး မိန်းမရ"

"ဒီမှာ မောင့်သမီးက ဆီပုလင်းကြီးသွန်ချလိုက်တာ၊ အကုန်နီးပါးဖိတ်ကုန်ပြီ"ဇနီးဖြစ်သူပြောမှ ကြမ်းပြင်ရှိရာကို ငုံ့ကြည့်မိသည်။ ကျွန်တော်တို့နေထိုင်ရသည့် အခန်းကျဉ်းလေးထဲမှာ ဆီတွေဗရပွ ဖြစ်နေ၏။

ငယ်ရွယ်လှသေးသည့်သမီးကို အလွန်တယုတယနိုင်လွန်းလှသော မိခင်က ရိုက်လိုက်သည်မို့ အံ့သြမိရုံမှတစ်ပါး အခြားဘာမှမဆိုဖြစ်တော့။ သမီးကို ဆိုင်ကယ်ပေါ် ပွေ့တင်ပြီး မုန့်လိုက်ဝယ်ကျွေးရင်း ချော့ရတော့သည်။

သမီးငယ် စိတ်ပြေလက်ပျောက်ဖြစ်သွားမှ အိမ်သို့ပြန်ခဲ့သည်။ ရောက်ရောက်ချင်း ဆိုင်ကယ်ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ဇနီးသည်က ဆိုင်ကယ်ဆီ အူယားဖားယားပြေးလာပြီး သမီးကို ပွေ့ချီနမ်းရှုပ်ကာ နို့ချိုတိုက်ကျွေးတော့သည်။ ဇနီးသည်၏ မျက်နှာတွင် မျက်ရည်စများကိုမြင်လိုက်ရ၍ ကျွန်တော် ထိတ်ခနဲ ဖြစ်သွား၏။

"မိန်းမ ငိုထားတာလား၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ သမီးကို ရိုက်မိလိုက်တာ စိတ်မကောင်းဖြစ်သွားလို့" ခပ်တိုးတိုး ပြန်ဖြေရင်း မျက်ရည်များကစီးကျလာသေးသည်။

မိခင်ဖြစ်သူ၏ အသံကိုကြားသည့်အခါ သမီးငယ်က ခေါင်းထောင်ကြည့်ရင်း အလိုက်သင့်ငုံ့လိုက်သော မိခင်မျက်နှာကို ပွတ်သပ်ကာ ရယ်မောနေသေး၏။

"ခွေးမလေး ညည်းကရယ်နိုင်သေးတယ်၊ အမေ့မှာ ခုထိစိတ်မကောင်းဖြစ်နေလွန်းလို့" ဇနီးသည်က သမီးငယ်ကို မချိတင်ကဲစကားဆိုရင်း မျက်နှာချင်းအပ်ထားလိုက်၏။

သူတို့သားအမိချင်းကား ပြေလည်သွားကြလေပြီ။ မပြေလည်နိုင်တော့သည်ကား ကျွန်တော်ပင်ဖြစ်၏။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်က ဖြစ်ရပ်တို့ကို စိတ်ဝယ်ပြန်မြင်မိ၏။

အမေရိုက်လိုက်သည့်ဒဏ်ရာတို့ နာကျင်တိုင်း "ကိုယ့်အသားနာတာမဟုတ်တိုင်း ရိုက်ရက်လိုက်တာ အမေရယ်" ဟု ကျွန်တော်တွေးခဲ့ဖူး၏။ "ငါ့ဒဏ်ရာတွေနာနေတာ အမေများသိခဲ့ရင် ဘယ်လောက်စိတ်မကောင်းဖြစ်ရှာမလဲ" ဟု ကျွန်တော်မတွေးမိခဲ့။ အခုတော့ ကျွန်တော်တွေးတတ်ခဲ့လေပြီ။

အမေခွင့်မလွှတ်နိုင်သည့်အပြစ် ကျူးလွန်ထားသော သားဖြစ်သူကို နာနာကျင်ကျင် ရိုက်နှက်လိုက်ရသည့်အတွက် စိတ်မကောင်းကြီးစွာဖြစ်နေမည့် အမေ့ပုံရိပ်ကို စိတ်မျက်လုံးဖြင့် ပုံဖော်ကြည့်မိရင်း အမေ့အပေါ် အထင်လွဲခဲ့မိခြင်းကို ရင်နင့်မိသည်။

သမီးငယ်ကတော့ ရယ်မောပျော်ရွှင်နေဆဲ။

ဇနီးသည်ကလည်း မျက်ရည်များဖြင့် ချော့မြှူနေဆဲ။ ။

## မိုးကျချိန်

နွေဥသြလေး ပြန်ပြီဆို
မိုးကိုစောင့်လို့ကြို။
သွန်းဖြိုးပါလေ ဝသန်မိုး
ကောက်ပဲသီးနှံအထွက်တိုး။
ထွန်ရေးချဖို့ ဟန်ရေးပြင်
ငါတို့ဖေဖေလယ်တောဝင်။
နွားညီနောင် ဖော်တစ်ရှည်း
ဖွဲစိတ်သန်လို့မာန်ဟုန်ခွင်း။
မိုးဦးကျ ဒီချိန်ခါ
ရွှေမိုးညိုရယ် ရွာသာရွာ။
ရွှေမိုးညို ရွာပါမနေး
စိမ်းလို့ကြည်လို့အေး။

ဇော်မိုးသူ(နတ္တလင်း)


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# စာကိုသာမက စိတ်ကိုပါ သင်ကြားပေးပါ

ပုညခေတ်(မန္တလေး)

ယနေ့ခေတ် လူငယ်တွေရဲ့ ပုံရိပ်တွေမှာဆိုရင် တော်တော်လေး ယဉ်ကျေးလိမ္မာမှုတွေ ပျောက်ဆုံးနေတာကို တွေ့နေရပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ အပြုအမူ ပြောဆိုမှုတွေဟာဆိုရင်လည်း လွန်စွာမှ အံ့ဩထိတ်လန့်ဖို့ကောင်းလောက်အောင်ပင် ယဉ်ကျေးမှုတွေ ပျက်စီးယိုယွင်းနေတာကို လူမှုမြင်ကွင်းတွေမှာ မြင်တွေ့နေရပါတယ်။ ယနေ့ခေတ် စာရေးသူတို့ ပတ်ဝန်းကျင်မှာ ကျောင်းတွေ၊ ကိုယ်ပိုင်ကျောင်းတွေ၊ ဘော်ဒါတွေ၊ ကျူရှင်တွေ ပေါများလာပေမယ့် စာကိုသာ အဓိကထားသင်ကြားပေးပြီး စိတ်ကိုပါ သင်ကြားပေးတဲ့ ကျောင်းတွေ တစ်နေ့တခြား နည်းပါးနေတာကို တွေ့မြင်နေရပါတယ်။ အဲဒါကြောင့်လည်း လူငယ်တွေ ပိုပြီးကြောက်စရာကောင်းလောက်အောင် ရိုင်းစိုင်းနေကြခြင်းလို့ စာရေးသူအနေနဲ့ ယူဆမိပါတယ်။ ယနေ့ခေတ် လူငယ်တွေဟာ တော်ကြ၊ တတ်ကြပေမယ့် လိမ္မာယဉ်ကျေးမှုတွေ ပျောက်ဆုံးနေခြင်းဟာ စာရေးသူတို့ တိုင်းပြည်အတွက် အင်မတန် ဝမ်းနည်းစရာကောင်းလှတဲ့ဖြစ်ရပ်ဆိုတာကို ခံစားမိပါတယ်။ အဲဒီလို ယဉ်ကျေးမှုမဲ့နေတဲ့ လူငယ်တွေ မြင်တဲ့အခါမှာ ငယ်စဉ်က စာကိုသာမက စိတ်ကိုပါသင်ကြားပေးခဲ့တဲ့ စာရေးသူရဲ့ ငယ်ဘဝလေး ပြေးမြင်မိပါတယ်။

စာရေးသူရဲ့ မွေးရပ် ဇာတိမြေဟာ ချောက်မြို့နယ်မှာရှိတဲ့ ရွှေပုံတောင်ဆိုတဲ့ ရွာလေးမှာ စာရေးသူကို မွေးဖွားခဲ့ပါတယ်။ စာရေးသူ မွေးဖွားရာရွာလေးမှာရှိတဲ့ အမက(၁၂၆)ဆိုတဲ့ မူလတန်းကျောင်းလေးမှာပဲ ပညာသင်ကြားခဲ့ပါတယ်။ ကျောင်းပညာရေးအပြင် စာရေးသူရဲ့ မိဘများဟာ ပညာရေးကိုဦးစားပေးတဲ့အတွက် ငယ်စဉ်ကပင် ကျူရှင်ဆိုသောဂေဟာနဲ့ ရင်နှီးကျွမ်းဝင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် စာရေးသူရဲ့ မိဘတွေဟာ လက်လုပ်လက်စားအခြေခံလူတန်းစားဖြစ်ပေမယ့်လည်း ပညာရေးမှာ အစစအရာရာ အဆင်ပြေစေရန် စာရေးသူကို ငယ်စဉ်ကပင် အဲဒီရွာလေးမှာရှိတဲ့ ဆရာမ ဒေါ်ကြည်ကြည်မြင့်ရဲ့ ကျူရှင်မှာ ထားပေးခဲ့တယ်။ အဲဒီကျူရှင်လေးဟာ စာရေးသူရဲ့ ဒုတိယကျောင်းလေး ဖြစ်လာခဲ့ပါတယ်။ စာရေးသူဟာ ကျောင်းဆင်းပြီဆိုတာနဲ့ ကျောင်းနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ အဲဒီကျူရှင်ကိုတန်းသွားပြီး ကျောင်းအိမ်စာတွေနဲ့ အခြားသင်ခန်းစာတွေ လုပ်ခဲ့ရတယ်။ တခြားသူတွေအတွက် မသိပေမယ့် စာရေးသူအနေနဲ့ အဲဒီကျူရှင်တက်ရတာကို အလွန်လည်း ပျော်ရွှင်ခဲ့ရပါတယ်။ ဘာကြောင့်အဲလိုပျော်လဲဆိုရင် ကျောင်းကသင်ခန်းစာတွေကို လွယ်ကူအောင် ကူပြီးလုပ်ပေးတဲ့အပြင် အခြားသော ပုံပြင်တွေ၊ ဇာတ်လမ်းတွေ၊ ဝတ္ထုတိုတွေကိုလည်း အချိန်ရရင်ရသလို ဆရာမက ပြောပြတဲ့အတွက်ပဲ ဖြစ်ပါတယ်။

စာရေးသူ ငယ်စဉ်ကတက်ခဲ့ရတဲ့ ကျူရှင်မှာ ဆရာမဒေါ်ကြည်ကြည်မြင့် တစ်ယောက်သာ သင်ကြားပေးပါတယ်။ ကျူရှင်တစ်ခုလုံးမှာ ဆရာမတစ်ယောက်တည်းဆိုပေမယ့်လည်း ဆရာမက အသင်အပြကောင်းတဲ့အတွက် စာရေးသူတို့တစ်တွေဟာ အတန်းထဲမှာ ကျောင်းက ဆရာတွေပေးတဲ့၊ မေးတဲ့ ပုစ္ဆာတိုင်းကို ဖြေနိုင်ခဲ့တာချည်ပဲ။ ဒါ့အပြင် ဆရာမက ကျောင်းစာတွေကိုသာမက စာရေးသူတို့၏ စိတ်ကိုလည်း ကြုံရင်ကြုံသလို သင်ကြားပေးခဲ့သူလည်းဖြစ်ပါတယ်။ ဆရာမရဲ့ ဆုံးမသင်ပြမှုတွေဟာဆိုရင် ယနေ့ထိတိုင် အမှတ်တရနဲ့ စွဲထင်နေဆဲလည်း ဖြစ်ပါတယ်။ ထိုကဲ့သို့ ဆုံးမမှုများစွာထဲမှ တစ်ခုကို စာရေးသူအနေနဲ့ ပြန်လည်မျှဝေချင်ပါတယ်။ တစ်နေ့ ဆရာမက အတန်းရှေ့ကနေ ကျောင်းသားအားလုံးကို ထန်းလျက်ခဲ နှစ်လုံးဆီ ဝေပေးခဲ့တယ်။ အဲဒီအခါ ကျွန်တော်တို့တစ်တွေက ဆရာမနားဝိုင်းအုံပြီး လက်ဝါးကိုယ်စီဖြန့်ကာ ထန်းလျက်ခဲကို အလုအယက် တောင်းယူကြတယ်။ စာရေးသူနဲ့ သူငယ်ချင်းအချို့မှာ လေးလုံးရတဲ့သူနဲ့၊ ခြောက်လုံးရတဲ့သူနဲ့ ပျော်လို့နေပါတယ်။ အဲလိုမသိအောင်ရလာခဲ့ပေမယ့်လည်း မင်းကဘယ်နှလုံး၊ ငါကဘယ်နှလုံးဆိုပြီး တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်လို့ နေပါသေးတယ်။ ထန်းလျက်ခဲဝေပြီးတဲ့ အခါမှာ ဆရာမဆီက စကားသံကို စပြီးကြားရပါတယ်။ "အားလုံး ထန်းလျက် နှစ်လုံးစီ ရကြပြီလား"တဲ့။ အားလုံးရကြပြီလို့ ဖြေလိုက်ပေမယ့် စာရေးသူကိုယ်တိုင် ထန်းလျက် ခြောက်လုံးရရှိထားတဲ့အတွက် ကိုယ့်ဘာသာကျေနပ်စွာ ပြုံးနေမိတယ်။ အဲဒီအခါကျမှ ဆရာမက ထပ်ပြီးပြောတယ်။ အားလုံး ကိုယ့်ထန်းလျက်ခဲကို ရေကြည့်ကြစမ်းတဲ့။ ဒီအထဲမှာ လေးလုံးရနေတဲ့သူတွေ၊ ခြောက်လုံးရနေတဲ့သူတွေရှိတယ်ဆိုတာ ဆရာမက သိကြောင်း ပြောပြတယ်။ "သူများ နှစ်လုံးရတဲ့အခါ ကိုယ်လည်း နှစ်လုံးပေါ့၊ သူများ တစ်ခြမ်းဆိုကိုယ်လည်းတစ်ခြမ်းပေါ့၊ ဘာလို့ သူများထက်ပိုလိုချင်ရတာလဲ"ဆိုပြီး မေးတယ်။ စာရေးသူနဲ့ သူငယ်ချင်းများမှာ ဘာမှမပြောနိုင်ခဲ့။ နောက်ပြီး ဆရာမကြီးက စကားတစ်ခွန်း ထပ်ပြောပါသေးတယ်။ "သူများရတာထက် ပိုယူထားတဲ့သူတွေဟာ သူခိုးပဲ"ဆိုပြီး ထပ်ပြီးဆုံးမတယ်။ အဲလို ဆုံးမစကားတွေကြားခဲ့ပြီး နောက်ပိုင်းမှာ စောစောက သူငယ်ချင်းချင်း ပြိုင်ခဲ့မိတာကို သတိရကာ ပိုပြီးရှက်မိသလို ဂုဏ်မယူသင့်တာ မပြိုင်သင့်တာကို မပြိုင်ဖို့ကိုလည်း တစ်ခါတည်း သင်ခန်းစာ ရရှိလိုက်တယ်။ သူများထက် ပိုလိုချင်ခဲ့တဲ့ လောဘစိတ်ကိုလည်း သူခိုးဖြစ်သွားမှာကို ရှက်တဲ့စိတ်နဲ့လည်း စာရေးသူကိုယ်တိုင် ပြုပြင်နိုင်ခဲ့တယ်။ ဆရာမဆုံးမပြီးချိန်ကစပြီး စာရေးသူမှာ သူများရရှိထားတာထက် ပိုလိုချင်တဲ့စိတ်မရှိတော့ဘဲ တန်းတူညီမျှ အခွင့်အရေးကိုသာ ပိုပြီးတန်ဖိုးထားတတ်လာခဲ့ပါတယ်။

ဆရာမရဲ့ ကျူရှင်လေးဟာ ပျော်ရွှင်စရာ အလွန်ကောင်းသလိုပဲ စည်းကမ်းလည်း အလွန်ကြီးပါတယ်။ ဆုပေး၊ ဒဏ်ပေး စနစ်ကြောင့်လည်း စာရေးသူတို့ဟာ စာကို သူ့ထက်ငါ အပြိုင်အဆိုင် ကြိုးစားခဲ့ရတယ်။ ဆရာမပေးတဲ့ ဆုပေး၊ ဒဏ်ပေးစနစ်က ကြီးကြီးမားမားမဟုတ်ပေမယ့် စာရတဲ့သူက ကုန်းပိုးစီးရပြီး စာမရတဲ့သူက ကုန်းပိုးစီးခံရခြင်းတွေ၊ စာရသူတွေ မုန့်ကျွေးပြီး စာမရသူတွေ ခုံပေါ်တက် မတ်တတ်ရပ်ခိုင်းခြင်းတွေ၊ စာရတဲ့သူတွေက နားရွက်ဆွဲရပြီး စာမရတဲ့သူတွေက နားရွက်ဆွဲခံရခြင်းတွေပဲ ဖြစ်ပါတယ်။ ငယ်စဉ် အခါက ကုန်းပိုးစီးခံရတာတို့၊ နားရွက်ဆွဲခံရတာတို့ကို ရှက်ကြောက်ခြင်းမရှိပေမယ့် ကုန်းပိုးစီးရတာ၊ နားရွက်ကိုဆွဲရတာ၊ မုန့်စားရတာကို ပျော်ရွှင်ခဲ့ကြသလို စာကိုလည်း သူများထက်ပိုတော်အောင် ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီလို ကျောင်းသင်ခန်းစာများ ကြိုးစားသင်ယူခဲ့တဲ့ စာရေးသူမှာ ကျောင်းတက်ရင်းနဲ့ အလွန်ပျော်စရာကောင်းတဲ့ ကျူရှင်တက်ရတဲ့ ဘဝလေးကိုပါ တစ်ပါတည်း ပိုင်ဆိုင်ခဲ့ရပါတယ်။

စာရေးသူတို့ ကျူရှင်လေးရဲ့ ထူးခြားချက်လေးတစ်ချက်လည်း ရှိပါသေးတယ်။ အဲဒီအရာကား အခြားတော့မဟုတ်ပါ။ ယနေ့ခေတ် ကျူရှင်တော်တော်များများ မေ့ပျောက်လေ့ရှိနေတဲ့ ဘုရားဝတ်ပြုခြင်းတို့၊ မေတ္တာပို့၊ အမျှဝေခြင်းတို့ပဲ ဖြစ်ပါတယ်။ ယနေ့ခေတ် ကျူရှင်များမှာ စာများကိုသာ အလုအယက် အပြိုင်အဆိုင်သင်ကြားပေးနေကြပြီး လိမ္မာယဉ်ကျေးမှုတွေ၊ စိတ်အာဟာရ ပြည့်ဝအောင် ဖြည့်ဆည်းပေးကြဖို့ ဥပေက္ခာ ပြုထားကြပါတယ်။ ဒါကြောင့် ယနေ့ခေတ် လူငယ်တွေဟာဆိုရင် တော်ကြ၊ တတ်ကြသော်လည်း မယဉ်ကျေးကြပါပဲ ရိုင်းစိုင်းလို့နေပါတယ်။ တချို့ဆိုရင် ကိုယ့်ရဲ့ယုံကြည်အားထားရာ ဘုရားစာကိုတောင် မေ့လို့နေကြပါတယ်။ အဲဒါဟာ စာရေးသူကိုယ်တွေ့လည်း ဖြစ်ပါတယ်။ စာရေးသူတို့တက်ခဲ့ရတဲ့ ကျူရှင်မှာ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေဆိုရင် မနက်တိုင်း ဘုရားရှိခိုးခိုင်းလေ့ရှိပြီး ဘုရားရှိခိုးပြီးတိုင်းလည်း အမျှပေးဝေ၊ မေတ္တာပို့လေ့ ရှိပါတယ်။စာရေးသူတို့ ကျူရှင်လေးရဲ့ မေတ္တာပို့သံဟာဆိုရင် တစ်ရွာလုံး အတိုင်းသား ကြားနေရပါတယ်။ ဒီလို စာကိုသာမက စိတ်ကိုပါသင်ကြားပေးခဲ့တဲ့ ဆရာမနဲ့ စာရေးသူတို့ ကြီးပြင်းခဲ့ရပါတယ်။ နောက်ပြီး စာရေးသူတက်ခဲ့ရတဲ့ ကျူရှင်လေးဟာ ကျူရှင်လို့သာဆိုပေမယ့် ယနေ့ခေတ် ကျူရှင်များနဲ့မတူပါပဲ ငွေကြေးထက် ပညာရေးကိုသာ အဓိကထားတဲ့ ကျူရှင်လေးတစ်ခုဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် စာရေးသူတို့ မိဘတွေဟာဆိုရင် အခြေခံလူတန်းစားများ ဖြစ်တဲ့အတွက် ကျူရှင်လခပေးတဲ့အချိန်တိုင်း နောက်ကျလေ့ရှိတဲ့အတွက် စားရေးသူဟာ ကျူရှင်လာရမှာ ကြောက်ရွံ့ခဲ့ရပြီး ကျူရှင်ပျက်ခဲ့ရတဲ့နေ့တွေဆိုရင် ဆရာမကိုယ်တိုင် အိမ်လာခေါ်ပြီး အကျိုးအကြောင်းမေးပြီး စာကိုသာ ပိုကြိုးစားဖို့ စာရေးသူကို ပြောလေ့ရှိပါတယ်။ အဲဒီလိုဆရာမရဲ့ ဆုံးမမှုတွေနဲ့ စာရေးသူမှာ ကြီးပြင်းခဲ့ရပါတယ်။ အခုအချိန်မှာ စာရေးသူတို့ကို သင်ပြခဲ့တဲ့ ဆရာမကြီးဟာ အသက်ကြီးရင့်လာတဲ့အတွက် စာမသင်နိုင်တော့ဘူး။ ဒါပေမဲ့လည်း စာရေးသူတို့ရင်ထဲမှာတော့ သေဆုံးသည့်အချိန်ထိ အနန္တဂိုဏ်းဝင် ဆရာအဖြစ် တည်ရှိနေပြီလည်း ဖြစ်ပါတယ်။ ယနေ့ခေတ် အနာဂတ်ရဲ့ မျိုးဆက်သစ်လူငယ်တွေရင်ထဲမှာလည်း စာရေးသူတို့ သင်ကြားပြသပေးခဲ့တဲ့ ဆရာမလို ဆရာ ဆရာမများစွာ လိုအပ်နေသလို စာကိုသာမက စိတ်ကိုပါ သင်ကြားပေးကြဖို့ ကျောင်းများမှအစ ဘော်ဒါများ၊ ကိုယ်ပိုင်ကျောင်းများမှာလည်း တာဝန်သိသိနဲ့ ကျောင်းသား ကျောင်းသူများအပေါ် စေတနာထား သင်ကြားပေးဖို့လိုအပ်ပါတယ်။ သို့မှသာ အနာဂတ်မျိုးဆက်သစ်လူငယ်များမှာ ဦးနှောက်ဖွံ့ဖြိုးရုံသာမက ယဉ်ကျေးလိမ္မာပြီး နှလုံးသားလှကြတဲ့ လူတော်လူကောင်းများစွာ ပေါက်ဖွားလာမှာလည်း ဖြစ်ပါတယ်။ ။

## ကျောင်းဖွင့်ချိန်

ရာသီပတ်လို့ တစ်နှစ်လည်
ကျောင်းဖွင့်ပြန်ပြီကွယ်။
ဖြူစိမ်းလေးကို ခေါက်ရိုးဖြေ
ကျောင်းအပ်သွားကြပေ။
ဆရာမလေး ဖြူဖြူစင်
ဆံနွယ် စပယ်တင်။
ယဉ်ကျေးပျူငှာ တတ်မြောက်ရေး
သူလေ စာသင်ပေး။
ကလေးတို့ရယ် လိုက်စို့ကွယ်
နှုတ်ရေး ယဉ်ကျေးဖွယ်။
ညီနမငယ် ပျော်ပါးလို့
လိုက်လို့ ဆိုကြစို့။

ထက်မြတ်(မတ္တရာ)

## ဝသန္တပန်းချီ

စိမ်ပန်းပွင့်လေး ရဲရဲနီ
ကျောင်းတံခါးကြီး ဖွင့်တော့မည်။
မိုးရာသီရဲ့ အစဦး
မြေသင်းရနံ့ ကြိုင်လှိုင်ထူး။
တောင်သူဦးကြီး ကျေးဇူးရှင်
လယ်ထဲဆင်းဖို့ ထွန်တုံးပြင်။
သူ့အသွင်မှာ အားမာန်ပြည့်
မိုးထဲလေထဲ ပြုံးပျော်မွေ့။
မုတ်သုံမိုးငွေ့ ဖျန်းပက်ခါ
ငွားငွားစွင့်စွင့် ပန်းမာလာ။
သင်းရနံ့ဖြာ ရှုမဆုံး
စိမ်းလန်းဝေဆာ တစ်တောလုံး။
အုန်းအုန်းကျွက်ကျွက် သံစုံမြည်
ကိုရွှေဖားတို့ မိုးခေါ်သည်။
ဝသန္တပန်းချီ ရှုမဝ
မိုးဉတုရဲ့ ရာသီအစ။
မြင်မြင်သမျှ အကုန်လှ။ ။

ဖျာပုံမောင်သုည

## ငုဝါပန်း

လေရူးပွေ ဂိမှာန်ထူးမှာလ
ရွှေရည်လူး ပွင့်လို့လာ
ငုပန်းမဟာ။
ရနံ့ကင်း အဆင်းသာ
တကယ်ပါ ပွင့်လန်း။
နွေသရုပ်ကိုတဲ့
အဟုတ်တကယ် တင့်စေဖို့
ပွင့်လာသည့်ပန်း။

နေဆောင်း(ပညာရေး)

## မိုးလရာသီ

လနယုန် ခါတော်ဆန်းပြီမို့
လျှပ်ပန်းတို့ ယှက်ဖြာဝေ။
ထစ်ချုန်းသံ အလွန်ပြင်းတော့
ရင်တွင်းထိတ်နေ။
မိုးစက်ကြောင့် စိုစိုပြည်
မဟီမြေမှ အပင်များ။
ရှစ်ရပ်ခွင် စိမ်းမြမြနှင့်
(အိုကွယ် -----)လှရက်နိုင်အား။ ။

စိုင်းနေဝန်း

## မိုးနှင့်အတူ

မိုးနှင့်အတူ
ကြည်ဖြူတဲ့ အတွေး။
ကျောင်းဖွင့်ချိန် ဒီတစ်နှစ်
အားသစ်တွေ မွေး။
မိုးနှင့် အတူ
ယူလာတဲ့ တေး။
နှစ်သစ်ကျောင်းမှာ ပညာရှာ
ပန်းကြာသို့ မွေး။
မိုးနှင့်အတူ
ဖြူစုဖို့ မတွေး။
မြတ်ပညာ ဒီတစ်ခေတ်
ထွန်းသစ်မယ်လေး။ ။

မြတ်မင်း(ခြံကြီး)

ဝတ္ထုတို

## ဝင်းထက်ရောင်နီ(အဖျောက်)



၁

ဒီနေ့ စိုးသူရ အလွန်ပျော်နေသည်။ သုံးလတာအလုပ်လုပ်ရင်း မစားရက် မသောက်ရက် စုထားသော ငွေလေးသိန်းဖြင့် အမေ့ကို ပြန်ကန်တော့နိုင်တော့မည် ဖြစ်သောကြောင့် ဖြစ်သည်။ လက်ထဲရှိ ငွေစက္ကူများကို အထပ်ထပ်အခါခါ ရေတွက်ပြီးနောက် ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ကာ ကျောပိုးအိတ်ထဲသို့ထည့်လိုက်သည်။ ထို့နောက် နာရီကိုကြည့်လိုက်တော့ မနက် ၆း၃၀။ မဖြစ်ချေ။ ၇ နာရီထွက်သော ကားအမီသွားရမည်။ ထို့ကြောင့် အဆောင်မှ သူခပ်သွက်သွက် လှမ်းထွက်လာခဲ့သည်။

ကားဂိတ်မရောက်မီ အင်းစိန်ပန်းခြံရောက်တော့ ၇ နာရီ ထိုးလုပြီ။ ရှေ့တစ်မှတ်တိုင် BOC ကားဂိတ်သို့ သူဆက်သွားသင့်၊ မသွားသင့် ဆုံးဖြတ်ရပေပြီ။ တော်ကြာကိုယ်မရောက်ခင် ကားထွက်သွားမှဖြင့် မှတ်တိုင်ကြားမှာ ကားတားစီး၍လည်း မရနိုင်ချေ။ ထို့ကြောင့် အင်းစိန်ပန်းခြံ၌ပင် ကားစောင့်စီးရန် သူဆုံးဖြတ်လိုက်သည်။ မှတ်တိုင်ရှိ ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်ကာမှ သူ၏ စိတ်အစဉ်သည် အတိတ်သို့ပြန်လည်ရောက်ရှိသွားလေသည်။

၂

"အဟွတ် အဟွတ် အဟွတ်"

"ဘယ်လိုလဲအမေ သက်သာလား"

အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် အမေ၏ ချောင်းဆိုးသံကို ကြားလိုက်ရသောကြောင့် သူမေးလိုက်သည်။

"အေးကွယ် သက်သာပါတယ်၊ ချောင်းတော့ နည်းနည်းဆိုးသေးတယ်"

"ဟုတ်ပါပြီအမေရာ၊ ဆေးတော့ ပုံမှန်သောက်နော်"

"အေးပါကွယ် ဒါနဲ့ သားအလုပ်ကိစ္စဘာပြောသေးလဲ"

ရှေ့တွင်ချထားသော ဆန်ပြုတ်ပန်းကန်ကို အမေက မော့သောက်ရင်း သူ့ကိုမေးလိုက်သည်။

"နောက်တစ်ပတ်သွားရမယ်အမေ၊ စက်ရုံတစ်ခုမှာ အလုပ်လုပ်ရမယ် ပြောတာပဲ၊ ကျွန်တော်လခရရင် အမေ့ရောဂါကို အမြစ်ပြတ်အောင် ကုရမယ်"

ဝတ်ထားသောရှပ်အင်္ကျီကို ချွတ်ကာ ချိတ်တွင်ချိတ်ရင်း အမေ၏အမေးကို သူပြန်ဖြေလိုက်သည်။ ထို့နောက် အိပ်ခန်းထဲသို့ လှမ်းဝင်ရင်း မီးဖိုထဲသို့ သူလှမ်းအော်လိုက်သည်။

"ညီမလေးရေ ဗိုက်ဆာပြီဟေ့"

၃

တီ တီ တီ

သူ့ရှေ့တည့်တည့်တွင် တီးလိုက်သော ကားဟွန်းသံကြောင့် သူ၏အတွေးစအချို့ ပျက်သွားရသည်။ လက်ကနာရီကိုကြည့်လိုက်တော့ ၇ နာရီ ထိုးနေလေပြီ။ ကားလာရာ လမ်းဆီသို့ မျှော်ကြည့်လိုက်သော်လည်း အရိပ်အယောင်မျှပင်မတွေ့သေး။ ဒီနေ့မှကားကလည်း လာခဲလွန်းသည်။ ၇ နာရီ ၁၅ ရောက်ချိန်အထိ မလာသေးသောကြောင့် သူကားဂိတ်သို့ လိုက်သွားလိုက်သည်။ ဟိုရောက်တော့ ကားက မရှိတော့ပေ။ လူပြည့်သွားသောကြောင့် အင်းစိန်ပန်းခြံဘက်မှ မပြန်ဘဲ အခြားဘက်မှ ပြန်သွားကြောင်းကိုသာ သိလိုက်ရသည်။ မထူးတော့ပြီမို့ ၉ နာရီ နောက်ထွက်မည့်ကားကိုသာ စောင့်ရန်ရှိတော့သည်။ ကားဂိတ်နှင့် မလှမ်းမကမ်းတွင် လူတစ်စုရုတ်ရုတ်သဲသဲနှင့် ဝိုင်းအုံကြည့်ရှုနေသည်ကို တွေ့လိုက်ရသောကြောင့် စပ်စုလိုစိတ်ဖြင့်သူသွားကြည့်လိုက်သည်။

"ထိုးထား ထိုးထားနော်၊ အစိမ်းလေးလား အနီလေးလား၊ များများထိုးရင် များများလျော်မယ်နော်"

လူတစ်ယောက်၏ အော်ဟစ်ဆွဲဆောင်သံနှင့်အတူ လောင်းကစားဝိုင်းတစ်ခုကို သူတွေ့လိုက်ရသည်။ ပုံသဏ္ဍာန်တူညီသော်လည်း အတွင်းအရောင် အစိမ်း၊ အနီ မတူညီသည့် မှောက်လျက်ထားသော ခွက်လေးနှစ်ခုကို ဒိုင်လုပ်သူက ဘယ်၊ ညာလျင်မြန်စွာလှည့်ပတ်ရွှေ့ပြောင်းလက်ကစားရင်း အနီခွက်နှင့် အစိမ်းခွက်ကို ရွေးချယ်ထိုးခိုင်းနေခြင်းဖြစ်ပါသည်။ အစိမ်းကျမည်ထင်သည့်ဘက်ကို အစိမ်းထိုး၊ အနီကျမည်ထင်သည့်ဘက်ကို အနီထိုး။ အနိုင်၊ အရှုံးက နှစ်ပုံတစ်ပုံ။ ကစားနည်းက ရိုးရိုးရှင်းရှင်း။ ကစားနည်းက ရိုးရှင်းသော်လည်း လူတွေကတော့ ရိုးစင်းမည့်ပုံမပေါ်ချေ။

"ဟို ညီလေး ရပ်ကြည့်လို့အမြတ်မရှိဘူး၊ လာထိုးလေ"

"ဟင့်အင်း မထိုးသေးဘူးအစ်ကို"

ဒိုင်လုပ်သူ၏ အဆွယ်စကားကို သူငြင်းပယ်ရင်း ဝိုင်းထဲမှလှည့်အထွက် ကျောကုန်းထက်ဝယ် စူးခနဲဖြစ်သွားသောခံစားမှုနှင့်အတူ သူ့ခန္ဓာကိုယ်တစ်ခုလုံး လေးလံထိုင်းမှိုင်းသွားသည်။

"လာ ညီလေး ပိုက်ဆံထုတ် ဝင်ကစားလေ"

လူတစ်ယောက်က သူ၏ပခုံးကိုဖက်ပြီး သူ့ကိုပြောလိုက်သည်။ စိတ်က အမေ့ဆေးဖိုးအတွက် ရည်ရွယ်ထားသော ငွေများဟု သိနေသော်လည်း သူ၏လက်အစုံက အသိစိတ်ကင်းမဲ့စွာ လှုပ်ရှားလျက်။ မကြာပါချေ။ သူ၏ စိတ်နှင့်ခန္ဓာ ပြန်လည်ပူးကပ်သွားချိန်မှာတော့ ကျောပိုးအိတ်ထဲ၌ ဟာလာဟင်းလင်း။နာတာရှည်ရောဂါသည်အမေ့ကို ဆေးကုခွင့်ရရမည့် သူ၏ စိတ်ကူးအိပ်မက်များသည် ပျောက်ကွယ်သွားလေပြီ။ ဥပဒေမဲ့လုပ်ကိုင်နေသူများကိုပဲ အပြစ်တင်ရမလား။ ဥပဒေစိုးမိုးမှုနည်းသော ခေတ်ကြီးကိုပဲ အပြစ်တင်ရမလား။ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရမလား။ မဝေခွဲနိုင်ခင်မှာပင် သူ၏ပါးပြင်ထက်တွင် ပူနွေးသော မျက်ရည်များက စီးကျလာလေတော့သည်။ ။

ဆောင်းပါး

## မိုးသောက်ထွန်း

# စုဘူးလေးများ

ပိုလျှံနေသောအခါများ၊ တစ်စုံတစ်ခုပြုလုပ်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပိုက်ဆံများကို စုဆောင်းတတ်ကြပါသည်။ ငွေစုခြင်းဆိုသည်မှာ မိမိဝင်ငွေမှရသော ပိုက်ဆံကို မိမိကိုယ်မိမိပေးခြင်းဖြစ်၏။ ကျန်ငွေသည် သူများကို ပေးရသဖြင့် ကုန်သွားသော ငွေဖြစ်၏။ ငွေစုရာတွင် စုဘူးလေးများကို သုံးတတ်ကြ၏။ ရှေးခေတ် ဝါးဖြင့်ပြုလုပ်ထားသည့် စုဘူးလေးများမှသည် ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော ဇီးကွက်ရုပ်၊ ပစ်တိုင်းထောင်ရုပ် စသဖြင့် စုဘူးလေးများမှာ ပုံသဏ္ဍာန်အမျိုးမျိုးရှိနေ၏။ယနေ့ခေတ်မှာတော့ ဘဏ်များတွင် ငွေစုလက်မှတ်များဖြင့် စုခြင်းများလည်း ရှိ၏။ စာရေးသူတို့နိုင်ငံတွင် ငွေစုခြင်းမှာ ခေတ်စားသလိုလို ရှိ၏။ ကလေးငယ်များကိုပင် မုန့်ဖိုးများမှ ငွေစုနိုင်ရန် အရုပ်စုဘူးလေးများ ဝယ်ပေးထားတတ်ကြသည်။ အမှန်တကယ် ထိထိရောက်ရောက် ငွေစုနိုင်သူမှာမူ နည်းပါး၏။

ငွေကြေးဟူသောအရာသည် သူ့ကိုတန်ဖိုးထားသူဆီတွင်သာ ပျော်မွေ့တတ်သည့် သဘောရှိ၏။ ငွေကြေးသည် လှုပ်ရှားသက်ဝင်နေသူဖြစ်သည်။ စုဘူးဖြင့် ငွေကြေးကို စုဆောင်းထားခြင်းသည် ငွေသေအဖြစ်ထားခြင်းဟု အချို့က ဆိုကြ၏။ မှန်သင့်သလောက်တော့ မှန်ပေသည်။ လုပ်ငန်းများတွင်မြှုပ်နှံ၍ သက်ဝင်လှုပ်ရှားစေခြင်းဖြင့် ငွေကြေးကိုပို၍တိုးပွားစေနိုင်ပါသည်။ ထိုသို့ရင်းနှီးမြှုပ်နှံနိုင်ရန် အထိုက်အလျောက်သော ငွေကြေးပမာဏရှိရန် လိုအပ်လေသည်။ ထို့ပြင် ငွေကြေးကို ထိန်းချုပ်နိုင်သော စွမ်းဆောင်ရည်များ၊ ပညာရပ်များလည်း တတ်မြောက်ထားဖို့ လိုအပ်ပါသည်။ ငွေကြေးကို ကျွမ်းကျင်စွာမကိုင်တွယ်နိုင်လျှင် ဆုံးရှုံးမှုများ ကြုံတွေ့ရပေမည်။

ငွေကြေးအပေါ် ကျွမ်းကျင်စွာ မကိုင်တွယ်နိုင်သေးသူ၊ ရင်းနှီးမြှုပ်နှံမှုပညာများ ရှာဖွေဆည်းပူးနေသူ၊ ငွေကြေးကို ထိန်းချုပ်နိုင်သော စွမ်းရည်များရှိသော်လည်း အရင်းအနှီးပမာဏ မပြည့်စုံသေးသူများအဖို့ ငွေကြေးကို စုဆောင်းခြင်းသည် သင့်လျော်သောအကြောင်းအခြင်းအရာ ဖြစ်ပေသည်။ ငွေကြေးစုဆောင်းမည့်သူသည် ရည်ရွယ်ချက်ခိုင်မာရန်လို၏။ အပျော်သဘောနှင့် ငွေစုခြင်းမျိုးမဖြစ်သင့်ပေ။ မည်မျှနည်းပါးသော ငွေကြေးပမာဏဖြစ်စေကာမူ တဖြည်းဖြည်းစုဆောင်းထားလျှင် များပြားသော ငွေပမာဏအဖြစ်သို့ ရောက်ရှိလာပေမည်။ မိုးရေစက်ကလေးများကို စုဆောင်းထားလျှင် ရေကန်ကြီးတစ်ခုလုံးပင် ပြည့်နိုင်လေသည်။ မိုးရေစက်အရွယ်အစားမဆိုထားနှင့် သစ်ပင်၊ သစ်ကိုင်းများတွင် ကပ်တွယ်နေသော နှင်းရေများကို စနစ်တကျစုဆောင်းလျှင်ပင် ရေအိုးအပြည့်ရနိုင်လေသည်။ ပုံပြင်တစ်ခု၌ ဆရာဖြစ်သူက တပည့်များကို အိုးတစ်လုံးစီပေး၍ နှင်းရေစုဆောင်းခိုင်း၏။ ထိုအထဲမှ တပည့်တစ်ယောက်သည် အဝတ်စတစ်ခုဖြင့် နှင်းရည်စိုနေသော မြက်ပင်၊ သစ်ကိုင်းများအပေါ် အုပ်တင်၍ ပြန်ပြီးညှစ်ယူရာ အိုးအပြည့်နှင်းရေများ ရရှိသည်ဟု ဖတ်မှတ်ရဖူးပါသည်။ ဤသည်မှာ စနစ်တကျ စုဆောင်းခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်လေသည်။

တစ်လလျှင် ငွေတစ်သောင်းစုထားပါက နောင်ငါးနှစ်ကြာလျှင် ငွေခြောက်သိန်း စုဆောင်းရရှိပေလိမ့်မည်။ ထို့အတူ တစ်လလျှင် တစ်သောင်းခွဲစုထားပါက ကိုးသိန်း၊ ငွေနှစ်သောင်းစုထားပါက ဆယ့်နှစ်သိန်း၊ ငွေသုံးသောင်းစုထားပါက ဆယ့်ရှစ်သိန်း၊ ငွေငါးသောင်းစုထားပါက သိန်းသုံးဆယ်၊ ငွေတစ်သိန်းစုထားပါက သိန်းကိုးဆယ်၊ ငွေနှစ်သိန်းစုထားပါက သိန်းတစ်ရာ့နှစ်ဆယ်၊ ငွေဆယ်သိန်းစုထားပါက သိန်းခြောက်ရာ စသည်ဖြင့် နောင်ငါးနှစ်အကြာတွင် စုဆောင်းရရှိပေလိမ့်မည်။ စုဆောင်းထားသော ငွေကြေးအနည်းအများအပေါ်မူတည်၍ နောင်ငါးနှစ်တွင် မိမိတို့ရည်ရွယ်ထားသော တစ်စုံတစ်ရာကို လုပ်ကိုင်ဆောင်ရွက်ခြင်း ပြုလုပ်နိုင်ပေမည်။ ငါးနှစ်ကြီးများတောင် အကြာကြီးစောင့်ရမှာလားဟု တွေးမိကောင်းတွေးနိုင်ပါသည်။ ဤသို့တွေးမိလျှင် မိမိတို့ ဖြတ်သန်းခဲ့ပြီးသော ငါးနှစ်တာကာလတစ်ခုကို ပြန်၍ သုံးသပ်ကြည့်လိုက်ပါ။ အနည်းငယ်မျှသာ ကြာမြင့်ကြောင်း တွေ့ရပေလိမ့်မည်။ ထို့အပြင် လွန်ခဲ့သောငါးနှစ်ကသာ မိမိစုဆောင်းထားခဲ့လျှင် တစ်စုံတစ်ရာအကျိုးရရှိနေပြီဆိုသည်ကို ဆင်ခြင်သိမြင်ပေလိမ့်မည်။

ငွေစုရာတွင် ပုံမှန်စုဖို့လည်းလိုပါသည်။ သည်တစ်လစု၍ နောက်တစ်လမစုမိသောအဖြစ်မျိုး မဖြစ်အောင် သတိထားရပေမည်။ ခိုင်မာသောစိတ်ဓာတ် ရှိနေဖို့လိုပါသည်။ ငွေစုရာတွင် မည်သည့်အတိုင်းအတာပမာဏကို ပုံမှန်စုမည်ဟူသောအချက်မှာ အရေးကြီးပါသည်။ အသင့်တော်ဆုံးပမာဏမှာ မိမိဝင်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို စုဆောင်းသင့်ပါသည်။ တစ်လလျှင်ငွေတစ်သိန်း ဝင်ငွေရှိသောသူသည် ငွေတစ်သောင်းကို စုဆောင်းထားသင့်ပါသည်။ ငွေစုခြင်းသည် မိမိတို့ဝင်ငွေမှရရှိသောငွေများထဲမှ မိမိကိုယ်မိမိပြန်ပြီး ပေးခြင်းဖြစ်၍ မိမိတို့ပင်ပင်ပန်းပန်း ရှာထားရသော ငွေများထဲမှ ဆယ်ရာခိုင်နှုန်းကို မိမိတို့ ဘဝနောင်ရေးအတွက် မဖြစ်မနေစုဆောင်းထားသင့်ပါသည်။ ကျန်သော ကိုးဆယ်ရာခိုင်နှုန်းကိုသာ စားဝတ်နေရေးအတွက် အသုံးပြုသင့်ပါသည်။ ထိုစားဝတ်နေရေးအတွက် အသုံးပြုလိုက်သော ကိုးဆယ်ရာခိုင်နှုန်းသည် မိမိတို့သုံးပစ်လိုက်သည့် ပြန်မရနိုင်တော့သော ငွေများဖြစ်၍ စုဆောင်းထားလိုက်သော ဆယ်ရာခိုင်နှုန်းသည်သာ မိမိတို့အမှန်တကယ်ပိုင်ဆိုင်သော ငွေအဖြစ်ကျန်ရှိမည်ဖြစ်ပါသည်။

ဆရာဖေမြင့် ဘာသာပြန်ဆိုထားသော 'ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်' စာအုပ်၏ အခန်း(၃)မှ အကြောင်းအရာအချို့ကို တင်ပြချင်ပါသည်။ မြို့တကာမြို့တို့တွင် အချမ်းသာအကြွယ်ဝဆုံးမြို့အဖြစ် ခေတ်အဆက်ဆက် ပြောစမှတ်ပြုခဲ့ကြသည့် ဘေဘီလုံမြို့မှ အချမ်းသာဆုံးပုဂ္ဂိုလ်အာခတ်သည် ဘုရင်ဆာဂွန်၏အမိန့်ဖြင့် ခနသင်တန်းတစ်ခုကိုပို့ချခဲ့၏။ ထိုသင်တန်း၌ အာခတ်က ကြက်ဥကုန်သည်ဟုဆိုသောပုဂ္ဂိုလ်အား-

"ခင်ဗျား ကြက်ဥတောင်းတစ်လုံးထဲကို နေ့စဉ်မနက်ပိုင်းမှာ ကြက်ဥဆယ်လုံးထည့်မယ်။ ညနေပိုင်းမှာ ကိုးလုံးကိုပြန်ထုတ်ယူမယ် ဆိုပါတော့၊ ကြာရင် ဘာဖြစ်မလဲ"ဟု မေးပါသည်။ ကြက်ဥကုန်သည်က

"တောင်းထဲမှာ ကြက်ဥတွေပြည့်လာမှာပေါ့" ဟု ပြန်ဖြေပါသည်။ အာခတ်က

"ဘာကြောင့်လဲ" ဟု ထပ်မေးပါသည်။

"နေ့တိုင်း ဒီတောင်းထဲကို ကြက်ဥတစ်လုံးစီ ဖြည့်ပေးသလို ဖြစ်နေတာကိုး"ဟု ကြက်ဥကုန်သည်က ပြန်ဖြေပါသည်။ သည်အခါတွင် အာခတ်က သင်တန်းသားများအားလုံးကို ပြုံး၍ကြည့်ပြီး "ခင်ဗျားတို့ထဲမှာ ပိုက်ဆံအိတ်ပိန်နေတဲ့သူတွေ ရှိပါသလား" ဟု မေးပြန်ပါသည်။ သင်တန်းသားများအားလုံးက ပြားချပ်နေသော သူတို့၏ ပိုက်ဆံအိတ်များကို ဝှေ့ယမ်းပြကြလေသည်။ ထိုအခါမှာ အာခတ်က

"ဟုတ်ပြီ၊ အခုကျွန်တော် ခင်ဗျားတို့ကို အဲဒီပိန်နေတဲ့ ပိုက်ဆံအိတ်တွေကို ပြည့်ဝလာစေမယ့် ဆေးနည်းတစ်ခုပေးမယ်။ အဲဒါဘာလဲဆိုတော့ စောစောက ကြက်ဥကုန်သည်ကို ကျွန်တော်ပြောခဲ့တဲ့အတိုင်း လုပ်ဖို့ပါပဲ။ခင်ဗျားတို့ပိုက်ဆံအိတ်ထဲကို ပိုက်ဆံဆယ်ပြားဝင်ရင် ကိုးပြားကိုထုတ်သုံးပါ။ တစ်ပြားကို ချန်ထားပါ။ အဲဒီနည်းစနစ်ကို စတင်ကျင့်သုံးတာနဲ့ တစ်ပြိုင်နက် ခင်ဗျားတို့ပိုက်ဆံအိတ်တွေ ဖောင်းစပြုလာလိမ့်မယ်။ အိတ်ထဲမှာ ငွေစတွေနဲ့ လေးလံလာတာနဲ့အမျှ ခင်ဗျားတို့စိတ်ချမ်းသာမှုတွေ ရလာလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရမှုတွေရှိလာကြလိမ့်မယ်။ ကျွန်တော်ပြောတဲ့နည်းလမ်းတွေက လွယ်ကူလွန်းအားကြီးတဲ့အတွက် ခင်ဗျားတို့ အထင်မသေးကြပါနဲ့။ မလှောင်ကြမရယ်ကြပါနဲ့။ အမှန်တရားဆိုတာတွေဟာ အဲသလို အမြဲတမ်း ရိုးစင်းတယ်။ ရှင်းလင်းလွယ်ကူတယ်။ ခင်ဗျားတို့ကို ကျွန်တော် ဘယ်ပုံဘယ်နည်း ချမ်းသာခဲ့တယ်ဆိုတဲ့ အကြောင်း ပြောပြမယ်လို့ ကတိပေးခဲ့တယ်။ ချမ်းသာဖို့အတွက် ကျွန်တော်ပထမဆုံးစတင်ခဲ့တာ အဲဒီနည်းလမ်းပါပဲ"ဟု ရှည်လျားစွာ ပြောပြလေသည်။ သည်စာအုပ်ထဲမှ သူဌေးကြီး အာခတ်ပြောပြသော အချက်များမှာ လိုက်နာကျင့်သုံးသင့်သော အချက်များပင်ဖြစ်၏။

ငွေစုခြင်းသည် လူပုဂ္ဂိုလ်တစ်ဦး၊ မိသားစုတစ်စု ကြီးပွားချမ်းသာဖို့အတွက် အမှန်တကယ် အထောက်အကူပြုနိုင်သည့် အချက်ဖြစ်ပါသည်။ ဝါးကျည်တောက်စုဘူးလေးဖြင့် စုစု၊ ပလတ်စတစ်ရုပ်စုဘူးလေးများဖြင့် စုစု၊ ဘဏ်များတွင် ငွေစုလက်မှတ်ဖြင့် စုစု ငွေကြေးပမာဏတစ်ခုကို စုဆောင်းရရှိပေမည်။ မိမိတို့၏ ပိုက်ဆံအိတ်များ တဖြည်းဖြည်းဖောင်းကား ပြည့်ဝလာပြီး စိတ်ခွန်အားများလည်း မြင့်တက်လာကြပေမည်။ စုဆောင်းမိသော ငွေပမာဏကို အရင်းပြု၍ မိမိတို့ဘဝများ ဆပွားတိုးတက်အောင် ကြံဆောင်နိုင်ကြပေမည်။ ထို့ကြောင့် လူတိုင်း၊ မိသားစုတိုင်း မိမိတို့၏အနာဂတ်ကို ပံ့ပိုးထုဆစ်ပေးနိုင်စွမ်းသော စုဘူးလေးများကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်း ရေးသားလိုက်ရပါတော့သည်။ ။

ဝတ္ထုတို

# မညှိုးသောပန်း မသေသောသစ်ပင်



မင်းလပြည့်

(၁)

မြူနှင်းများက မြို့ကို ရစ်သိုင်းအုပ်မိုးထားသည်။ တောင်ပေါ်မြို့လေးမို့ ရာသီဥတုက အေးချမ်းလှသည်။ ဆေးအနီရောင် သုတ်ထားသော ပျဉ်ထောင်အိမ်ကလေးမှာ တံခါးပွင့်လာပြီး လူတစ်ဦးထွက်လာသည်။ ခန္ဓာကိုယ် သွယ်လျသဖြင့် အားကစားဝတ်စုံ ဝတ်ထားရာ ကြည့်ကောင်းလှသည်။ မျက်နှာတွင် ပါးရေတွန့်ရာများရှိသော်လည်း နုပျိုပုံပေါက်နေသည်။ အပြင်ဘက် လမ်းမပေါ်တွင် နှင်းစက်များကြောင့် ရေဖျန်းသလိုရွှဲစိုနေသည်။ "ဖေဖေ အပြင်မှာအေးနေတယ်၊ ဒီနေ့ အိမ်မှာနားပါလား" သမီးဖြစ်သူက လှမ်း၍သတိပေးသည်။ "ဒီနေ့ကပို အရေးကြီးတယ်၊ ပြိုင်ပွဲရှိတယ်၊ ရပါတယ်စိတ်မပူပါနဲ့" အဘိုးအိုက ပြန်ပြောလိုက်သည်။ အဘိုးအို၏ အားကစားဝါသနာကြီးမားမှုကို သမီးဖြစ်သူနှင့် ဇနီးဖြစ်သူပါဟန့်တားနိုင်ခြင်းမရှိပေ။ သူ၏နှလုံးသားတွင် အားကစားစိတ်ဓာတ်တစ်ခုပဲ နက်ရှိုင်းစွာရှိနေသည်။ အားကစားနှင့် ပတ်သက်လာလျှင် ဝါသနာကြီးသူ၊ ခေါင်းမာသူဖြစ်သည်။

ရှန်းဇလပ်၊ ဂေါက်ကွင်းရိပ်သာသို့ အဘိုးအိုတစ်ဦးတည်း ရောက်ရှိနေသည်။ ရိပ်သာစတိုမှ သူ့၏ ဂေါက်အိတ်ကိုယူပြီး ဂေါက်တံများကို စစ်ဆေးနေသည်။ တီခုံမှ ဂေါက်ကွင်း ကျင်းအမှတ်(၁)ကို ကြည့်လိုက်တော့ နှင်းမှုန်များက နေရောင်နှင့်အတူ လွင့်မျောနေသည်။ ဝုဒ်ဂေါက်တံဖြင့် ရိုက်ရမည့် အကွာအဝေးကို မှန်းဆနေသည်။ အခြားကျင်းများကိုလည်း သူ၏ဂေါက်တံဖြင့် ခန္ဓာကိုယ်မည်သို့လွှဲရိုက်မည်အနေအထားအား စိတ်ကူးဖြင့် ပုံဖော်နေသည်။

"အဘိုးရောက်တာကြာပြီလား"ဟု မေးသံကြားမှ အတွေးများ ပျံ့လွင့်နေကြောင်း သူသတိထားမိသည်။ ဂေါက်သီး ဝါသနာရှင်များမှ သူအား ချစ်စနိုးဖြင့် အဘိုးဟု ခေါ်ကြသည်။ ဂေါက်ကစားမည့်သူများ၏ကားများက တစ်စီးပြီးတစ်စီး ဝင်ရောက်လာသည်။ "အဘိုး ရောက်ပြီလား၊ အဘိုးကတော့ ကျွန်တော်တို့ထက် အသက်အများကြီး ကြီးသလောက် ဝီရိယအား သိပ်ကောင်းတယ်။ အဘိုးကိုတော့ လိုက်မမီတော့ဘူး။ ဒီနေ့က ချင်းအမျိုးသားနေ့ ဂေါက်ရိုက်ပြိုင်ပွဲဆိုတော့ ပြိုင်ပွဲမှာ ဘယ်သူဗိုလ်စွဲမလဲမသိဘူး" လူများ တဖွဲဖွဲ ရောက်လာပြီး လူစုံသွားသဖြင့် အဖွဲ့လိုက်ခွဲ၍ ဂေါက်ပြိုင်ပွဲ ကျင်းပကြသည်။ အဘိုးအိုတို့အဖွဲ့က လက်စွမ်းကောင်းသော အားကစားသမားကောင်းများ ပါဝင်နေသည်။ တစ်ဦးစီဂေါက်ရိုက်ပြီး အဘိုးအိုအလှည့်သို့ရောက်လာသည်။ ဂေါက်သီးကို တီခုံပေါ်တွင် အကျအနတင်သည်။ ကွင်းကိုတစ်ချက်ကြည့်ပြီး ကိုယ်နေဟန်ထားမှန်စွာဖြင့် ဂေါက်တံကိုအားဖြင့်လွှဲရိုက်လိုက်သည်။ ရိုက်ချက်မှန်၍ ဂေါက်သီးက လေပေါ်တွင် အရှိန်ပြင်းစွာ ပြေးတက်သွားသည်။ ဖဲဝေး(ဂေါက်သီးပြေးလမ်းကြောင်း မြက်ခင်းပေါ်) ပေါ်သို့ ရောက်ရှိသွားသည်။ "အဘကအသက်ကြီးသလောက်၊ လက်ရည်မကျဘူး" ပြည်နယ်လက်ရွေးစင်ဟောင်း ဦးမန်ပီးက ချီးမွမ်းစကားပြောသည်။ သည်လိုနှင့် ဂေါက်သီး လုံးကျရာနေရာသို့ လမ်းလျှောက်သွားပြီး နေရာအသီးသီးမှ ကျင်း(၁)သို့အဝင်ရိုက်ကြသည်။ ပြိုင်ပွဲဝင်အားလုံး လက်ရည်ကောင်းသဖြင့် သတ်မှတ်ရိုက်ချက်အတိုင်းရကြသည်။ အဘိုးအိုကလည်း ကျွမ်းကျင်သူဖြစ်၍ သတ်မှတ်ရိုက်ချက်အတိုင်း ရိုက်နိုင်ခဲ့သည်။ "ဒီနေ့တော့ အကုန်လုံး လက်မြူးနေတာပဲ၊ တခြားအဖွဲ့တွေလည်း ဒီလိုပဲထင်တယ်၊ ပထမရတဲ့သူကတော့ အတော်ဆုံးသူပဲ ဟေ့" ပြိုင်ပွဲတိုင်း၌ ဆုအမြဲချိတ်လေ့ရှိသော ဆရာဝန်ကိုထောင်ကျန်းက မှတ်ချက်ပေးပြန်သည်။ "ဟုတ်ပါ့ကွာ၊ ဒီနေ့ရိုက်ရတာတော့ အခက်အခဲဆုံးနေ့ပဲ" ပါဝါကုမ္ပဏီပိုင်ရှင် ဦးချွန်လိန်းကလည်း ဝေဖန်ပြောဆိုသည်။ ကျင်းအမှတ်(၂)မှ ကျင်းအမှတ်(၃)သို့ ရိုက်ရမည့်နေရာကား တောင်ကုန်းအထက်တွင်ရှိသည်။ နံဘေးတွင် သစ်ပင်တောအုပ်များရှိနေသည်။ အကွာအဝေး ကိုက် ၂၅၀ ခန့်တွင်ရှိသည်။ အဘိုးအိုမှ ၎င်း၏ဂေါက်တံကို ရွေးချယ်ရိုက်ရန် ပြင်သည်။ ရိုက်ရမည့်အလံတိုင်နေရာသို့ မှန်းဆလိုက်သည်။ သည်ကျင်းက သူ့အတွက် အကျိုးပေးသော ကျင်းတစ်ခုဖြစ်သည်။ ဂေါက်သီးရိုက်လျှင် ဖဲဝေးသို့ အနီးဆုံး ဂေါက်သီးကျလေ့ရှိသော ကျင်းဖြစ်သည်။ အဘိုးအိုသည် ဂေါက်တံဖြင့် အစမ်းချိန်ကြည့်သည်။ ကိုယ်ခန္ဓာအနေအထားကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေသည်။ စိတ်ကိုတည်ငြိမ်စွာ စုစည်းလိုက်သည်။ လက်ကိုချိန်ဆသည်။ ကျင်းကိုလှမ်းကြည့်၍ ဂေါက်တံကို အားဖြင့်လွှဲရိုက်လိုက်သည်။ ရိုက်ချက်မှန်သဖြင့် ဂေါက်သီးက လေထဲမြောက်သွားပြီးနောက် ဖဲဝေးပေါ်သို့ လိမ့်၍ကျသွားသည်။ မကြာမီ ကုန်းပေါ်ထက်မှ "ကျင်းဝင်ပြီ" ဟု အော်ပြောသံများ ကြားရ၍ အဘိုးအိုမှ မယုံကြည်နိုင်အောင် အံ့အားသင့်သွားသည်။ ဟုတ်မှဟုတ်ပါ့မလား၊ အဘိုးအိုမှ သံသယဝင်နေသည်။ အဖွဲ့လိုက် သွားကြည့်တော့ အံ့သြဖွယ်ကောင်းစွာ ဂေါက်သီးဖြူဖြူက ကျင်းထဲတွင် အမှန်ပင်ဝင်နေသည်။ အောင်ဘာလေသိန်းထီဆုပေါက်သည်ထက် ပို၍ ဝမ်းသာမိသည်။ အဘိုးအို၏ ဘဝတွင် အမျှော်လင့်ဆုံး အိပ်မက်၊ ဂေါက်သီးအားကစားသမားတိုင်း၏ အလိုချင်ဆုံးအိပ်မက်က အဘိုးရခဲ့ပြီ ဖြစ်ပါသည်။ ကစားဖော်များဖြစ်သော ဦးမန်ပီး၊ ဦးထောင်ကျန်း၊ ဦးချွန်လိန်း၊ ဦးထာကြုံးတို့က အားရဝမ်းသာ လက်ဆွဲနှုတ်ဆက်ပွဲဖက်ဂုဏ်ပြုကြသည်။ အော်ဟစ်ဆူညံသံများဖြင့် ဂေါက်ကွင်းတစ်ခုလုံး ဆူညံသွားသည်။ ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမဆုရှင်ကား အဘိုးအိုပင်ဖြစ်ပေတော့သည်။

(၂)

အသက် ၂၅ နှစ်အောက် တင်းနစ်အားကစားပြိုင်ပွဲ အခမ်းအနားကို ကျင်းပတော့မည်ဖြစ်၍ ပြည်နယ်အား/ကာမှူး ညွှန်ကြားရေးမှူးဦးဒေးဗစ်က ပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများအား စောင့်ဆိုင်းနေသည်။ မနေ့ကလည်း ရပ်ကွက်၌ နေထိုင်သူများအား ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲရန် အဘိုးအိုကိုယ်တိုင်လှုံ့ဆော်ခဲ့သည်။ ယနေ့လူထုလမ်းလျှောက်ပွဲတွင်လည်း အဘိုးအိုကိုယ်တိုင် ထိပ်ဆုံးမှ ပါဝင်လမ်းလျှောက်ခဲ့ပြီး သွေးပူလေ့ကျင့်ခန်းများ လေ့ကျင့်ခဲ့ကြသည်။ ယခု တင်းနစ်အားကစားပြိုင်ပွဲသို့လည်း အဘိုးအိုကို ဖိတ်ကြားထားသည်။ စွဲလမ်းနှစ်သက်သော အားကစားနည်းတစ်ခု၊ ငယ်စဉ်က ပြည်နယ်လက်ရွေးစင်အဖြစ်မှ နိုင်ငံ့လက်ရွေးစင်ဖြစ်ခဲ့ဖူး၍ အဘိုးအိုမတက်ဘဲ မနေနိုင်ပါ။ ပြည်နယ်အကြီးအကဲနှင့်အဖွဲ့ ရောက်ရှိလာပြီး ပြည်နယ်အကြီးအကဲက အမှာစကား ပြောကြားသည်။

ဆက်လက်၍အခမ်းအနားမှူးက ပြည်နယ်ဂုဏ်ဆောင် မြန်မာလက်ရွေးစင် အားကစားသမားဟောင်းတစ်ဦးက စကားပြောကြားပေးပါရန် တင်ပြအပ်ပါတယ်ရှင်ဆိုသည်နှင့် အဘိုးအိုက စင်မြင့်ထက်သို့ တက်လှမ်းခဲ့သည်။ "တက်ရောက်လာသော ဂုဏ်သရေရှိလူကြီးမင်းများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်ဟာ တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်လို အားကစားသမားကောင်းများ ပေါ်ထွန်းတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ဒီမြို့နယ်မှာရှိတဲ့ လူငယ်အများစုဟာ နေ့ရောညပါ အားကစားနည်းပေါင်းစုံကို ကစားကြတာတွေ့ရပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ အလားအလာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကိုယ်တိုင် လူငယ်များကို ဆွေးနွေးပညာပေးခြင်း၊ အားပေးခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အားကစားပြိုင်ပွဲတွေကို မပြတ်ကျင်းပပေးတာဟာ အားကစားရုံတွေကို တည်ဆောက်ပေးတာထက် ပိုပြီးထိရောက်ပါတယ်။ အားကစားပွဲတွေကို ကျင်းပပေးခြင်းဖြင့် လူငယ်တွေဟာ အပျော်အပါး၊ လောင်းကစားထက် အားကစားကို ပိုမိုစိတ်ဝင်စားပြီး အသက်ရှည်ကျန်းမာကာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အရေးကြီးဆုံး တင်ပြလိုတာကတော့ ပြည်နယ်အားကစားသိပ္ပံကျောင်းကို ဖွင့်လှစ်ဆောင်ရွက်ပေးဖို့ တင်ပြလိုပါတယ်။ အားကစားဝန်ကြီးဌာနရဲ့ ရွေ့လုပ်ငန်းစဉ် ၁၀ ရပ်ထဲမှာ ပါရှိတဲ့ အားကစားသမားများကို တိတိကျကျ မှန်မှန်ကန်ကန် ရွေးချယ်ပေးဖို့လည်း လိုအပ်ကြောင်း တင်ပြလိုပါတယ်။ အားကစားအောင်မြင်မှုဟာ နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏သိက္ခာဖြစ်ပါတယ်။ အားကစား တိုးတက်အောင်မြင်ခြင်းဟာ နိုင်ငံတော် ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေတာဖြစ်ပါတယ်။ အားကစားစိတ်ဓာတ်မြင့်မားဖို့ဟာလည်း အရေးပါတဲ့အတွက် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးဟာ နိုင်ငံတော်အစိုးရ၊ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြဖို့ တာဝန်ရှိပါတယ်လို့ အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်" လက်ခုပ်သြဘာသံများ ဆူညံစွာထွက်ပေါ်လာသည်။ ပြိုင်ပွဲဝင်မည့် အဝါရောင် ဟားခါးမြို့နယ်အသင်းနှင့် အနီရောင် ဖလမ်းမြို့နယ်အသင်း ကွင်းအတွင်း၌ နေရာယူကြသည်။ ပြိုင်ပွဲစသည်နှင့် အပြိုင်အဆိုင် ကြိုးစားယှဉ်ပြိုင်ကြသည်။ ပွဲကြည့် ပရိသတ်များက တောင်ကုန်းထိပ်၌ တစ်ဖုံ၊ အိမ်ပေါ်မှ တစ်မျိုး၊ လမ်းဘေး၌ အများအပြား အော်ဟစ်အားပေးကြသည်။ လက်ဖက်ရည်ဆိုင်များ၊ ရိုးရာအစားအစာ ပြောင်းဖူးနှင့်အမဲသား၊ ဝက်သားတို့ဖြင့် ချက်ပြုတ်ထားသော ဆာဘူးသီးဆိုင်များ၌လည်း လူများပြည့်လျှံနေသည်။ အားကစားလှုပ်ရှားမှုသည် ကျန်းမာသန်စွမ်းကြောင်း၊ လူများကို ပျော်ရွှင်စေကြောင်း၊ စည်းလုံးချစ်ခင်စေကြောင်း ပြိုင်ပွဲကသက်သေပြနေတော့သည်။ ဟားခါးမြို့နယ်မှ နိုင်သောအခါ ပရိသတ်များ၏အော်ဟစ်သံများဖြင့် ကြည်နူးဖွယ်ရာမြင်ကွင်းကို တွေ့ရသည်။ အားကစားသမားများမှလည်း တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုရင်းပမာ နှုတ်ဆက်ကြသဖြင့် အဘိုးအို ရင်ထဲ၌ ကြည်နူးနေသည်။ အားကစားသမားဆိုသည်မှာ အနိုင်မခံ၊ အရှုံးမပေးယှဉ်ပြိုင်ကြပြီး ပွဲပြီးလျှင် ရိုးသားဖြူစင်စွာ ချစ်ခင်ရင်းနှီးကြသူများသာ ဖြစ်သည်။

အိမ်အပြန်လမ်းတွင် အဘိုးအိုက ငယ်မူငယ်သွေးလူငယ်ဘဝကို ပြန်လည်ခံစားမိသည်။ အမှန်တော့ အဘိုးက ထန်တလန်မြို့နယ် အိုင်ဘိုးရွာသား ဖြစ်သည်။ အဖေက ပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ တင်းနစ် စွယ်စုံရအားကစားသမားတစ်ဦး ဖြစ်သည်။ အမေက ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ကရာတေး အားကစားနည်းကို ထူးချွန်သည်။ မိဘနှစ်ပါးက အားကစားသမားများဖြစ်သဖြင့် မြို့နယ်လက်ရွေးစင်အဆင့်မှ ပြည်နယ်လက်ရွေးစင်အဆင့်သို့ ရွေးချယ်ခံရပြီး ပြည်နယ်မြို့တော် ဟားခါးသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ အဘိုးအိုငယ်စဉ်က ဘမျိုးဘိုးတူဆိုသည့်အတိုင်း ကျောင်းသားဘဝ၌ပင် အားကစားကို စိတ်ဝင်စားပြီး အဘက်ဘက်မှ ထူးချွန်ခဲ့သူဖြစ်သည်။ အဘိုးအို၏အိမ်ရှိ ဗီရိုထဲတွင် ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များ၊ ဆုရခာတ်ပုံများ၊ ဒိုင်းဆုများက အများအပြား ရှိနေသည်။ အားကစားလေ့ကျင့်ကြသော လူငယ်များက အားကျဝီတိ ဖြစ်ကြသည်။ အဘိုးကဲ့သို့ ဆုရအောင် ကြိုးစားရန် စိတ်အားထက်သန်နေကြသည်။ အထူးသဖြင့် ပါလျန်းက အဆိုးဆုံး၊ အဘထက်ဆုတံဆိပ်ရအောင် ကြိုးစားမယ်ဟု ကြွေးကြော်တတ်သည်။ အဘိုးအိုကား လူငယ်များ၏ အားကစားတိုးတက်ရေးအတွက် စံနမူနာပြ အားကစားသူရဲကောင်းပင် ဖြစ်ပေတော့သည်။

(၃)

၂၀၁၃ ခုနှစ် ဇူလိုင် ၃၀ ရက် အင်္ဂါနေ့ ထိုနေ့က နံနက်ပိုင်း မိုးရွာထားသဖြင့် ရာသီဥတုက အေးစိမ့်နေသည်။ အိပ်ရာထတော့ ခေါင်းထဲ၌ မူးဝေသလို အားနည်းသလို ခံစားရသည်။ ဂေါက်ကွင်း၌ မြက်ဖြတ်ခြင်း၊ သဲဖြူးခြင်း၊ ဂေါက်ကွင်း သန့်ရှင်းရေးလုပ်ငန်းများ၊ ဂေါက်ကွင်း နှစ်ပတ်လည် အခမ်းအနားပြုလုပ်ရန် အစည်းအဝေးများ ဆက်တိုက်ပြုလုပ်ခဲ့ရသဖြင့် အိပ်ချိန်၊ စားချိန် မမှန်ခဲ့သည်ကို သတိရမိသည်။ အိပ်ရာမှထတော့ ဖိနပ်ဘယ်ညာ မှားစီးလာသည်။ ရေနွေးကြမ်းသောက်တော့ ဖန်ခွက်ကျကွဲပြီး ရေနွေးကိုယ်ပေါ်သို့ ဖိတ်စဉ်ကျသည်။ အလွဲလွဲအချော်ချော် ဖြစ်နေသည်။ "အဘိုး သားတို့သမီးတို့ မန္တလေးအား/ကာသိပ္ပံကို သွားရမယ်၊ သူငယ်ချင်း ကစားသမားတွေလည်း အများကြီး အရွေးခံရတယ်၊ အဘိုးကို လာနှုတ်ဆက်တာပါ" မြေးဖြစ်သူ ခိုင်ပီးနှင့်အန်ဂျင်လာတို့က လာနှုတ်ဆက်ကြသည်။ အဘိုးက ဘာမှမပြော တိတ်ဆိတ်နေသည်။ တစ်စုံတစ်ခုကို စဉ်းစားနေတာလား၊ ဝမ်းနည်းနေတာလား မသိနိုင်။ မျက်နှာရွှင်ပျမှုမရှိ၊ "အဘိုး၊ နေမကောင်းဘူးလား" အဘိုးအိုကမဖြေ။ "အေး မင်းတို့ မန္တလေးအား/ကာသိပ္ပံမှာ တက်ရောက်ဖို့ အရွေးခံရလို့ ဝမ်းသာတယ်၊ ကြိုးစားကြပါ၊ အားကစားတစ်ခုတည်း မဟုတ်ဘဲ ပညာရေးကိုလည်း ထူးချွန်အောင် ကြိုးစားကြ၊ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင် ကြိုးစားပြီး နိုင်ငံ့လက်ရွေးစင်ဖြစ်ရင်လည်း နိုင်ငံရဲ့ လူမျိုး၊ ဂုဏ်သိက္ခာအတွက် ရွှေတံဆိပ်ရအောင် ကြိုးပမ်းယှဉ်ပြိုင်ကြ" အဘိုးအို၏ စကားက ပြတ်သားလှသည်။ "အဘိုးရဲ့ မျိုးဆက်တွေမို့ ကြိုးစားပါ့မယ်" အဘိုး၏မြေးများက ပြောသည်။ "အဘိုး ဂေါက်ကွင်းသွားမယ်" ကိုထောင်ကျန်းက ကားလာကြိုသည်။ ခေါင်းမူးသလို၊ အားနည်းသလို ခံစားရသော်လည်း အဘိုး၏ အားကစားမာန်က နိုးထလာသည်။ အဘိုးအိုတို့ ဂေါက်ကွင်းသို့ သွားကြသည်။

ဂေါက်ကစားသည်နှင့် အဘိုး၏ ဂေါက်ရိုက်ချက်များက လွဲချော်ပြီး ပုံမှန်လက်ပျောက်ဆုံးနေသည်။ "အဘိုး ဒီနေ့ ဘာဖြစ်နေလဲ၊ မျက်နှာလည်း မကောင်းဘူး" ဦးထောင်ကျန်းက မှတ်ချက်ပြုသည်။ "မဟုတ်ဘူးကွ၊ အဘိုးက တစ်လလုံး ဂေါက်ကွင်းပြင်ဆင်ရေး၊ လာမယ့်လမှာ ဂေါက်ကွင်းနှစ်ပတ်လည် အခမ်းအနားကျင်းပဖို့ စိတ်ဖိစီးနေတာဖြစ်မယ်" ဟု ဦးထာကြုံးက ပြောသည်။ မှန်သည်၊ လူရောစိတ်ပါ ပင်ပန်းပြီး ခန္ဓာကိုယ် အားနည်းနေခြင်းဖြစ်သည်။ အားကစားပြိုင်ပွဲ၌လည်း မပါမပြီး ထိပ်ဆုံးက ပါဝင်ဆောင်ရွက်နေသောကြောင့် ခန္ဓာကိုယ်ကြံ့ခိုင်မှု အားနည်းနေခြင်းဖြစ်သည်။ ဂေါက်တစ်ကျင်းမှ တစ်ကျင်းသို့ ကူးပြောင်းရိုက်သွားပြီး ကျင်းအမှတ်(၄)သို့ ရောက်လာသည်။ (၅)ကျင်းသို့ ဂေါက်သီးရိုက်ရန် အပြင် ခေါင်းမူးဝေလာသည်။ နှလုံးခုန်နှုန်း အလွန်မြန်ဆန်ကာ ထိုင်ရန်အပြုတွင် လဲကျသွားသည်။ ကမ္ဘာကြီး မှောင်ကျသွားသည်ဟု ထင်လိုက်သည်။ "ဦးခွာအုပ်၊ ဦးခွာအုပ်၊ ဦးခွာအုပ်" ကစားဖော်များဖြစ်သော ဦးထာကြုံး၊ ဦးထောင်ကျန်း၊ ဦးချွန်လိန်းတို့၏ အော်သံများကိုကား သူမကြားနိုင်တော့ပါ။ ဦးခွာအုပ်ကား ဂေါက်ကွင်း၌ ရုတ်တရက်လဲကျ သေဆုံးခဲ့ပြီဖြစ်သည်။ ဆေးရုံသို့ရောက်တော့ ရုတ်တရက် နှလုံးခုန်ရပ်၍ အဘိုးအို သေဆုံးခဲ့ပြီဖြစ်ကြောင်း ဆေးရုံအုပ်ကြီး၊ ဆရာဝန်များက အတည်ပြုပြောကြားသည်။ "ကိုခွာအုပ်ရယ် ကျွန်မတို့ မိသားစုကို ပစ်ထားခဲ့ပြီနော်" ဇနီးသည် ဒေါ်ငွန်ဆီး၏ အော်ဟစ်ငိုရှိုက်သံကား ကြားရသူအပေါင်းမှ စိတ်ထိခိုက် ဝမ်းနည်းစေသည်။ "အားကစားချစ်တဲ့ဖေဖေ သမီးတို့ကိုထားခဲ့ပြီနော်" သမီးဖြစ်သူ ခွန်ခွန်ကလည်း ဝမ်းနည်းစွာ ငိုကြွေးနေသည်။

"ဖေဖေက ငယ်ငယ်လေးတည်းက ကျန်းမာရေးကို လိုက်စားခဲ့လို့ ဒီအသက်အရွယ်ထိ နေရတာပါ၊ ဖေဖေက အားကစားနဲ့ ပတ်သက်လာရင် ထမင်းမေ့ဟင်းမေ့ ဖြစ်တဲ့သူ၊ အားကစားနဲ့ပတ်သက်လာရင် ခေါင်းမာတယ်၊ အားကစားလုပ်မှ ကျန်းမာမယ်ဆိုတာကို သူကောင်းကောင်းသိတယ်၊ အားကစားရဲ့တန်ဖိုးကို သူသိတယ်" ဟု သမီးဖြစ်သူခွန်ခွန်က ဆေးရုံသို့ လာသူများအား ရှင်းပြနေသည်။

"ဟုတ်တယ်ဗျာ၊ အဘိုးက ကျွန်တော်တို့ မြို့နယ်၊ ပြည်နယ်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လူတစ်ယောက်ပါ၊ လူငယ်တွေကို အရက်သောက်၊ ဆေးလိပ်သောက်၊ ကွမ်းယာစားတာ သူမကြိုက်ဘူး၊ အားကစားလုပ်တဲ့သူကို ချစ်ခင်သဘောကျတဲ့လူပါ၊ သူ့ကို မြို့ကလူတွေက ဘယ်တော့မှမေ့မှာ မဟုတ်ပါဘူး" ဟု ဦးထောင်ကျန်းကလည်း သူ့အမြင်ကို ဝမ်းနည်းစွာ ပြောပြနေသည်။ လင်းလက်တောက်ပသော အားကစားကြယ်တစ်ပွင့်ကား ပျောက်ကွယ်ကြွေကျခဲ့ပေပြီ။

(၄)

အဘိုးအို (ခေါ်) ဦးခွာအုပ် အသက်(၆၈)နှစ် သေဆုံးပြီးနောက် သူ၏မိသားစုများက ဂေါက်ကွင်းတွင် (၁၀) ပေပတ်လည် ကြွေပြားခင်း၍ နားနေဆောင်တစ်ခုကို အမှတ်တရပြုလုပ်ပေးခဲ့သည်။ ဂေါက်ရိုက်အားကစားသမားများကလည်း သေဆုံးသူ ဦးခွာအုပ်အတွက် ဂေါက်ကွင်းတွင် တောင်ဇလပ်ပန်းတစ်ပင် အမှတ်တရ စိုက်ပျိုးခဲ့ကြသည်။ ဆောင်းရာသီရောက်တိုင်း ပင်လုံးကျွတ်နီရဲစွာ ပွင့်နေသော တောင်ဇလပ်ပန်းပင်ကို ထင်ရှားစွာတွေ့မြင်ရသည်။ ဦးခွာအုပ်၏ ဝိညာဉ်ကား ဂေါက်ကွင်းတွင် ရှင်သန်နေဆဲ။ သူ့ကို ဘယ်သူမှမမေ့။

ဦးခွာအုပ်ကား မိသားစုအရေးထက် အားကစားကို မြတ်နိုးခင်တွယ်သောသူ၊ လူငယ်များအား စံနမူနာပြဖြစ်စေသူ၊ လူငယ်မျိုးဆက်သစ်အားကစားသမားများ တိုးတက်ပေါ်ထွန်းစေသူ၊ ကျန်းမာရေးကို မြတ်နိုးတန်ဖိုးထားသူ၊ ပြည်နယ်အားကစား အဆင့်အတန်းမြင့်မားရေးအတွက် စိတ်အားထက်သန်သူ၊ အမြော်အမြင်ကြီးမားသူ အဖြစ် နှုတ်မြွက်တသ ဝေဖန်ပြောဆိုနေကြဆဲဖြစ်သည်။

အချိန်တွေ ကြာညောင်းသော်လည်း ဦးခွာအုပ်၏ အကြောင်းကား မနေ့တစ်နေ့ကလို ပူနွေးလတ်ဆတ်နေဆဲ။ သူငယ်ချင်း Golfer သမားများက ပို၍ အမှတ်ရနေကြသည်။ အားကစားမြတ်နိုးသူ လူငယ်၊ မြို့လူထု၏နှလုံးသားထဲတွင် ဦးခွာအုပ်အား မညှိုးသောပန်း မသေသောသစ်ပင် အဖြစ် အမြဲစွဲတွယ်ရှင်သန်ချစ်ခင်နေဆဲ ဖြစ်ပါသည်။ ။

**ဖခင်အမည်မှန်**

မှော်ဘီမြို့နယ်၊ အထက(၂)၊ န၀မ တန်း-Eမှ မနှင်းရတနာအောင်၊ သတ္တမ တန်း-Fမှ မဖူးပေမာန်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇေယျာစိုး [၁၂/မဘန(နိုင်)၁၇၄၀၇၀] ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြောက်ဥက္ကလာပမြို့နယ်၊ အလက (၄) အဋ္ဌမတန်းမှ မနှင်းယုဝေနှင့် ဒုတိယတန်း မှ မသဥ္ဇာယုမောင်တို့ဖခင် ဦးသိန်းထိုက် [၁၂/(ခရနိုင်)၁၁၅၂၁၃]နှင့် ဦးသန်းထိုက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်(ခ)သန်းထိုက်**

---

အာရှတော်ဝင်ဆေးရုံ

(လူ့စွမ်းအားအရင်းအမြစ်ဌာန)

အမှတ် (၁၁) ပန်းလှိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

E-mail address: info.hrd@asiaroyalhospital.com

I. Medical Officer
- M.B.,B.S.

II. Nurse
- B.N.Sc or Dip in Nursing.

III. Medical Technologist (Physiotherapy/Laboratory/Radiology)
- B.Med.Tech.

IV. Pharmacist
- B.Pharm.

V. Pharmacy Sale Staff
- ဘွဲ့ရ ဆေးဝါးသင်တန်းပြီးမြောက်သူ

VI. Receptionist (Service Coordinator)
- ဘွဲ့ရ

VII. Cashier
- ဘွဲ့ရ ကွန်ပျူတာ MS (Excel, Word) ကျွမ်းကျင်သူ

(၁) သက်ဆိုင်ရာဘွဲ့ ၊ လိုင်စင် (Update) မိတ္တူ

E-mail address: info.hrd@asiaroyalhospital.com သို့လည်း CV form များ ပေးပို့ လျှောက်ထားနိုင်ပါသည်။ မှတ်ချက်။ CV များ ပေးပို့ရာတွင် Pdf ဖိုင်ဖြင့်သာ ပေးပို့ပါရန်။

---



ပျော်ရွှင်ဖွယ် ကိုရီးယား အပန်းဖြေ ခရီးစဉ်

June 13-20

ဆိုလ်း - ဂျယ်ဂျူး (၈)ရက်(၇)ညခရီးစဉ်

KOREA

**$1399**

ဆက်သွယ်ရန် - 09 767298800 ~ 33

အမှတ်-295၊ အခန်း(5/5FG)၊ မြို့မကွန်ဒို၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

A-Best Travels & Tours

---

**"အမြန်ရောင်းမည်"**

မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ကုန်းမြင့်ရိပ်သာလမ်းသွယ် RC-2, (50' x 50')

ဈေးနှုန်း - 3500 သိန်း

Contact Ph : 09-5506735

**"မြေကွက်ရောင်းမည်"**

ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ လိုင်မြစ်ကမ်းပေးတောင်၊ ဂရံ (View ကောင်း) (130'x195')

Price - 1 Sqft 1.1 သိန်း

Contact Ph : 09-5041674

**"kyaw"**

လူကြီးမင်းတို့၏ ဆိုဖာ၊ စက်တီခုံအဟောင်းများကို စိတ်တိုင်းကျ ပြုပြင်ပေးနေပါသည်။

ဖုန်း-၀၉-၇၆၇၂၄၂၆၄၀
၀၉-၄၂၀၂၈၇၇၆၆၉

---



**Institute of International Professionalism**

edexcel — CAMBRIDGE INTERNATIONAL EXAMINATION

**CIE/Edexcel IGCSE** — JUNE/JULY 2018 ကျောင်းပိတ်ရက် Evening Classများ

**PRE IGCSE Mathematics Class** — JUNE/JULY 2018

**Cambridge International AS & A Level / Edexcel International Advanced Levels** — JULY/AUG 2018

ENROLL NOW!

Institute of International Professionalism

09 450407041
09 450407042

---

# စိန်နှင့်မြ အရောင်းကိုယ်စားလှယ်များအလိုရှိသည်

မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်အတွက် Myanmar Sein & Mya Co., Ltd. မှ မွေ့ရာ၊ ပရိဘောဂ နှင့် ခန်းဝင်ပစ္စည်းများကို ဖြန့်ချိရန် စိတ်ပါဝင်စားသော အရောင်းကိုယ်စားလှယ်များကို ဖိတ်ခေါ်လိုက်ပါရစေ...

- လုပ်ငန်းအတွေ့အကြုံရှိပြီး နှစ်ပေါင်း(၂၄)နှစ်ကြာ ကျော်ကြားသော ကုမ္ပဏီဖြစ်ခြင်း
- နိုင်ငံတော်သမ္မတ မှချီးမြှင့်ထားသော "ထုတ်လုပ်ရောင်းချမှု ထူးချွန် အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု" ရရှိထားသောကုမ္ပဏီဖြစ်ခြင်း
- ကောင်းမွန်ကျစ်လစ်သော Management Training, Sales Training များရရှိခြင်း
- နှစ်စဉ်ထူးခြားဆန်းသစ်သောထုတ်ကုန်များကို ဂျပန်နိုင်ငံ ၊ ဂျာမနီနိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်းထုတ်လုပ်ခြင်း
- မြို့တစ်မြို့လျှင် စိန်နှင့်မြ အရောင်းကိုယ်စားလှယ်တစ်ဦးသာတရားဝင်ခန့်အပ်ခြင်း
- "စိန်နှင့်မြ" အမည်ဖြင့် တရားဝင်ကိုယ်စားလှယ်အဖြစ်ရောင်းချနိုင်ခြင်း

တို့ကြောင့် စိတ်ပါဝင်စားသူများအောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါရစေ...

ခေတ်မီမြင့်သော အနာဂတ်ကို အတူလျှောက်လှမ်းကြစို့





စိန်နှင့်မြ မွေ့ရာ ပရိဘောဂ

Myanmar Sein & Mya Co., Ltd.

ရုံးချုပ် - လမ်းစ၀ ၊ ၃၄လမ်းနှင့် ၃၅လမ်းကြား မန္တလေး

ဖုန်း - 09-977775112,09-970719166

---

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | မြို့နယ် | ရပ်ကွက် | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

---

**တက္ကစီကားဈေးလျှော့ရောင်းမည်**

လက်ရှိပြေးဆွဲနေသော တက္ကစီကား Gas & ဆီ၊ (AA-9000) ကျော်၊ ပေါက်ဈေး သိန်း(၁၅၀)ခန့် တန် ကားကို သိန်း(၁၃၅)နှင့် ရောင်းမည်။ ဆက်သွယ်ရန်- ၀၉-၄၂၀၀၀ ၃၅၄၊ တိုက်(၄)၊ အခန်း(၁)၊ ဦးစံဖေလမ်း၊ သဃ်န်းကျွန်း။

**အိမ်စီးကားသန့်ရောင်းမည်**

Mercede Benz Saloon အနက်ရောင်၊ 2009 model C-Class 1800CC New Batt up to-2022.

ကီလိုတစ်သိန်းကျော် 6I/4---

ရောင်းဈေးကျပ်သိန်း-၄၃၀

ဖုန်း-၀၉-၅၁၀၇၇၁၀၊
၀၉-၇၇၀၉၅၀၇၀၀

